Premier
# ELEVEN
SPORTS JOURNAL
NO VOL SUNDAY JULY 14 2013





# မြိုင်မြိုင်ဆိုင်ဆိုင် အပြိုင်နွှဲကြမယ့် ဥရောပကလပ်တွေရဲ့ ရာသီကြိုခြေစမ်းခရီးစဉ်

၂၀၁၂-၁၃ ဘောလုံးရာသီက အဆုံးသတ်သွားခဲ့တာ ဘယ်လောက်မှမကြာသေးဘူးလို့ ထင်မှတ်ရစဉ်မှာပဲ ၂၀၁၃-၁၄ ရာသီအစပြုဖို့က နီးကပ်လာခဲ့ပါပြီ။ ဥရောပထိပ်သီးလိဂ်တွေအားလုံး ဩဂုတ်လတတိယပတ်ဝန်းကျင်မှာ ရာသီသစ်စတင်မှာဖြစ်တာကြောင့် ရက်ပေါင်း(၄၀)လောက်ပဲ လိုတော့တာပါ။ ဒါ့အပြင် ဥရောပဘောလုံးလောကရဲ့ရာသီကြိုခြေစမ်းခရီးစဉ်တွေကိုလည်း အခုရက်ပိုင်းအတွင်း မြိုင်မြိုင်ဆိုင်ဆိုင် မြင်တွေ့ရတော့မှာဖြစ်တာကြောင့် ရာသီသစ်အတွက် တပ်လှန့်လှုပ်နှိုးချိန်လည်း ရောက်ရှိလာခဲ့ပြီလို့ ဆိုရတော့မှာပါ။ ဥရောပကလပ်အသင်းတွေဟာ ရာသီကုန်ဆုံးချိန်မှာ ကစားသမားတွေအတွက် နွေရာသီအားလပ်ရက်သတ်မှတ်ကာ အနားပေးထားခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ရာသီသစ်အတွက်ပြင်ဆင်ဖို့ ကစားသမားအားလုံးလိုလို ပြန်ရောက်လာခဲ့ပြီဖြစ်ပြီး ရာသီကြိုခြေစမ်းခရီးစဉ်တွေ ထွက်ခွာကြတော့မှာဖြစ်ပါတယ်။ အရင်က ဒီလိုအချိန်ဟာ ရာသီသစ်မှာ ရင်ဆိုင်ရမယ့်ပြိုင်ပွဲတွေ၊ စိန်ခေါ်ရမယ့်ဆုဖလားတွေအတွက် အသင်းရဲ့အားနည်းချက်တွေကိုရှာဖွေ၊ ဖွင့်လှစ်ထားတဲ့အပြောင်းအရွှေ့ဈေးကွက်မှာ လိုအပ်တဲ့ဖြည့်တင်းမှုတွေပြုလုပ်ရုံလောက်သာ အသုံးဝင်ခဲ့ပေမယ့် ဒီနေ့ခေတ်ကာလမှာတော့ ရာသီကြိုကာလဟာ အသင်းရဲ့အနေအထားကို လေ့လာဆန်းစစ်ရုံသာမက ဈေးကွက်သစ်ချဲ့ထွင်ပြီး ပရိသတ်တွေတိုးပွားအောင်ပါ အပြိုင်အဆိုင်လုပ်ဆောင်ရတဲ့အခြေအနေလည်း ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ဥရောပရဲ့ထိပ်သီးအသင်းတွေအနေနဲ့ အာရှ၊ အာဖရိက၊ အမေရိကစတဲ့ ဒေသအသီးသီးကို မိုင်ပေါင်းများစွာခရီးနှင်လာခဲ့ကြတာဖြစ်ပါတယ်။

ဒီနှစ် နွေရာသီရဲ့ ထူးခြားမှုတစ်ခုကတော့ ပရီးမီးယားလိဂ်ထိပ်သီးအသင်းအားလုံးရဲ့ရာသီကြိုခရီးစဉ်တွေထဲမှာ အာရှဒေသပါဝင်နေခဲ့တာပဲဖြစ်ပါတယ်။ အာဆင်နယ်အသင်းက အင်ဒိုနီးရှား၊ ဗီယက်နမ်နဲ့ ဂျပန်၊ ချယ်လ်ဆီးအသင်းက ထိုင်း၊ မလေးရှားနဲ့ အင်ဒိုနီးရှား၊ လီဗာပူးလ်အသင်းက အင်ဒိုနီးရှားနဲ့ ထိုင်း၊ မန်စီးတီးအသင်းနဲ့ စပါးအသင်းက ဟောင်ကောင်၊ လက်ရှိချန်ပီယံ မန်ယူအသင်းက ထိုင်း၊ ဂျပန်နဲ့ ဟောင်ကောင်တွေကို ခရီးနှင်ကြမှာဖြစ်တာကြောင့် ပရီးမီးယားလိဂ်ထိပ်သီး(၆)သင်းစလုံး အာရှကို မပျက်မကွက်ရွေးချယ်ထားတယ်လို့လည်း ဆိုနိုင်ပါတယ်။ ဒါဟာ လူအင်အားများပြားတာနဲ့အမျှ ပရိသတ်တွေတစ်နေ့တခြား တိုးပွားနေတဲ့အာရှဒေသဟာ ဥရောပကလပ်အသင်းတွေအတွက် မဖြစ်မနေဈေးကွက်ချဲ့ထွင်ရမယ့် နယ်ပယ်ဒေသတစ်ခုဖြစ်ကြောင်း ပြသနေတဲ့အချက်လည်း ဖြစ်ပါတယ်။ ပရီးမီးယားလိဂ်နဲ့အပြိုင် အာရှပရိသတ်ကို သိမ်းပိုက်ထားနိုင်တဲ့ လာလီဂါကတော့ ချန်ပီယံဘာစီလိုနာအသင်းသာ အာရှခရီးစဉ်ကို စီစဉ်ထားပြီး ရီးယဲလ်အသင်းကတော့ ဥရောပနဲ့ အမေရိကမှာသာလှည့်လည်ခြေစမ်းဖို့ ရွေးချယ်ထားပါတယ်။ စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်အသင်းကလည်း အမေရိကန်ကို ခရီးဆန့်မှာဖြစ်ပါတယ်။ လာမယ့်ရာသီသစ်မှာ ချန်ပီယံလိဂ်ဆုဖလားကို ကာကွယ်ရမယ့် ဂျာမန်ထိပ်သီးဘေယန်မြူးနစ်ကတော့ ခြေစမ်းခရီးစဉ်တွေစတင်နေခဲ့ပြီဖြစ်ပြီး အီတလီကို ရောက်ရှိနေပါတယ်။ ဒါ့အပြင် ရာသီကြိုကာလတိုင်းမှာ ပရိသတ်တွေရင်ခုန်စွာစောင့်ကြည့်ရလေ့ရှိတဲ့ အာဆင်နယ်အသင်းရဲ့ အီမရိတ်စ်ဖလားပြိုင်ပွဲ၊ မေဂျာလိဂ်ကလပ်တွေနဲ့ ဥရောပအသင်းတွေအားပြိုင်ကြမယ့် International Champions Cupပြိုင်ပွဲ၊ ပရီးမီးယားလိဂ်အသင်းတွေ အာရှမှာဖလားလုမယ့် Barclays Asia Trophyပြိုင်ပွဲစတဲ့ ရာသီကြိုဖိတ်ခေါ်ပြိုင်ပွဲများစွာကလည်း အသင့်ရှိနေပြီဖြစ်တာကြောင့် ဘောလုံးပရိသတ်တွေအတွက် စိတ်လှုပ်ရှားစရာနွေရာသီနေ့ရက်တွေ ရောက်ရှိလာခဲ့ပြီလို့ပဲ ဆိုရတော့မှာပါ။

*ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲအုပ်စုပွဲစဉ်တွေက အခုတစ်ပတ်မှာ ကွာတားဖိုင်နယ်တက်ရောက်ဖို့အတွက် အဆုံးအဖြတ်ပွဲစဉ်တွေရောက်ရှိလာခဲ့ပါပြီ။ ကမ္ဘာ့ဖလား ခြေစစ်ပွဲနောက်ဆုံးအဆင့်ကစားနေတဲ့ ထိပ်သီး(၅)သင်းကတော့ ရလဒ်ကောင်းရဖို့များပါတယ်◦◦◦*

# လက်ရှိချန်ပီယံမက္ကဆီကိုအဖို့ ဖိအားမရှိနိုင်တဲ့

## ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲအကြိုသုံးသပ်ချက်

### ထရီနီဒတ် နှင့် ဟေတီ

| ထရီနီဒတ်နိုင်ပွဲ | သရေ | ဟေတီနိုင်ပွဲ |
|---|---|---|
| ၁၄ | ၂ | ၁၀ |

*နောက်ဆုံး(၃)ပွဲတွေ့ခဲ့သမျှ*

| | | | |
|---|---|---|---|
| ၁၀-၈-၂၀၀၈ | ဟေတီ | ၁-၀ | ထရီနီဒတ် |
| ၆-၁၁-၂၀၁၀ | ထရီနီဒတ် | ၄-၀ | ဟေတီ |
| ၇-၁၂-၂၀၁၂ | ဟေတီ | ၀-၀ | ထရီနီဒတ် |

ထိပ်တိုက်တွေ့ဆုံမှုမှာသိပ်မကွာပေမယ့် လက်ရှိကစားသမားပိုင်းက ကစားပြောမယ့်ပွဲပါ။ ကီဝိန်းဂျုံးစ်ပါဝင်တဲ့ တိုက်စစ်ဂိုးသွင်းခြေရှိလို့ ထရီနီဒတ်ကိုပဲ ရွေးချယ်သင့်ပါတယ်။

### ဟွန်ဒူးရပ်စ် နှင့် အယ်လ်ဆာဗေးဒိုး

| ဟွန်ဒူးရပ်စ်နိုင်ပွဲ | သရေ | အယ်လ်ဆာဗေးဒိုးနိုင်ပွဲ |
|---|---|---|
| ၃၀ | ၁၇ | ၁၃ |

*နောက်ဆုံး(၃)ပွဲတွေ့ခဲ့သမျှ*

| | | | |
|---|---|---|---|
| ၂၉-၅-၂၀၁၁ | အယ်လ်ဆာဗေးဒိုး | ၂-၂ | ဟွန်ဒူးရပ်စ် |
| ၂-၆-၂၀၁၂ | အယ်လ်ဆာဗေးဒိုး | ၀-၃ | ဟွန်ဒူးရပ်စ် |
| ၁၈-၁-၂၀၁၃ | ဟွန်ဒူးရပ်စ် | ၁-၁ | အယ်လ်ဆာဗေးဒိုး |

လူမစုံတဲ့ ဟွန်ဒူးရပ်စ်အဖို့ အယ်လ်ဆာဗေးဒိုးအသင်းကစားပုံက အတားအဆီးတစ်ခုဖြစ်လာနိုင်ပါတယ်။ မထင်မှတ်တာတွေ လုပ်ပြတတ်တဲ့ အယ်လ်ဆာဗေးဒိုးတို့ သရေကစားနိုင်ခဲ့ရင် အံ့သြစရာမရှိပါဘူး။

### အမေရိကန် နှင့် ကျူးဘား

| အမေရိကန်နိုင်ပွဲ | သရေ | ကျူးဘားနိုင်ပွဲ |
|---|---|---|
| ၇ | ၁ | ၁ |

*နောက်ဆုံး(၃)ပွဲတွေ့ခဲ့သမျှ*

| | | | |
|---|---|---|---|
| ၇-၇-၂၀၀၅ | ကျူးဘား | ၁-၄ | အမေရိကန် |
| ၆-၉-၂၀၀၈ | ကျူးဘား | ၀-၁ | အမေရိကန် |
| ၁၁-၁၀-၂၀၀၈ | အမေရိကန် | ၆-၁ | ကျူးဘား |

ကျူးဘားတို့ အမေရိကန်နဲ့တွေ့ဆုံမှု ပထမဆုံးပွဲမှာကသာ အနိုင်ရခဲ့တာပါ။ ကျူးဘားရဲ့လက်ရှိခြေစွမ်းကလည်း အမေရိကန်ကို ဖျက်မြင်းလုပ်နိုင်စွမ်းမရှိပါဘူး။ ကလင်းစမန်းလက်ထက် ပထမဆုံးဖလားအတွက် အာရုံစိုက်နေတဲ့ အမေရိကန် ဂိုးပြတ်နိုင်ဖို့များပါတယ်။



လေ့ကျင့်ရေးကွင်းမှ မက္ကဆီကိုနည်းပြ ဒယ်လာတော်ရေးနှင့်အသင်းသားများ

### ကော်စတာရီကာ နှင့် ဘယ်လစ်ဇီ

| ကော်စတာရီကာနိုင်ပွဲ | သရေ | ဘယ်လစ်ဇီနိုင်ပွဲ |
|---|---|---|
| ၄ | ၀ | ၀ |

*နောက်ဆုံး(၃)ပွဲတွေ့ခဲ့သမျှ*

| | | | |
|---|---|---|---|
| ၁၇-၃-၁၉၉၉ | ကော်စတာရီကာ | ၇-၀ | ဘယ်လစ်ဇီ |
| ၂၃-၅-၂၀၀၁ | ကော်စတာရီကာ | ၄-၀ | ဘယ်လစ်ဇီ |
| ၁၈-၁-၂၀၁၃ | ကော်စတာရီကာ | ၁-၀ | ဘယ်လစ်ဇီ |

ဘယ်လစ်ဇီက ဒီပြိုင်ပွဲရဲ့အားအနည်းဆုံးအသင်းလို့ ဆိုလို့ရပါတယ်။ လူမစုံပေမယ့် ကော်စတာရီကာ ဂိုးပြတ်၊မပြတ်ပဲကြည့်ရမယ့်ပွဲပါ။

### ပနားမား နှင့် ကနေဒါ

| ပနားမားနိုင်ပွဲ | သရေ | ကနေဒါနိုင်ပွဲ |
|---|---|---|
| ၁ | ၃ | ၄ |

*နောက်ဆုံး(၃)ပွဲတွေ့ခဲ့သမျှ*

| | | | |
|---|---|---|---|
| ၁၄-၆-၂၀၁၁ | ကနေဒါ | ၁-၁ | ပနားမား |
| ၇-၉-၂၀၁၂ | ကနေဒါ | ၁-၀ | ပနားမား |
| ၁၁-၉-၂၀၁၂ | ပနားမား | ၂-၀ | ကနေဒါ |

လူမစုံတာချင်းအတူတူ မာတီနစ်ကိုတောင် အရေးနိမ့်ခဲ့တဲ့ကနေဒါအသင်းကို သိပ်မျှော်လင့်လို့မရပါဘူး။ ပနားမားအသင်းကစားပုံကတော့ မာကျောမှုရှိနေဆဲပါ။ ပနားမားအနိမ့်ဆုံး သရေနဲ့အနိုင်ပါပဲ

### ကွန်ကာကပ်ဖ်ရွှေဖလားပွဲစဉ်များ

*(၁၂-၇-၂၀၁၃)*

ထရီနီဒတ် - ဟေတီ

ဟွန်ဒူးရပ်စ် - အယ်လ်ဆာဗေးဒိုး

*(၁၃-၇-၂၀၁၃)*

အမေရိကန် - ကျူးဘား

ကော်စတာရီကာ - ဘယ်လစ်ဇီ

*(၁၄-၇-၂၀၁၃)*

ပနားမား - ကနေဒါ

မာတီနစ် - မက္ကဆီကို

*(၁၅-၇-၂၀၁၃)*

အယ်လ်ဆာဗေးဒိုး - ဟေတီ

ဟွန်ဒူးရပ်စ် - ထရီနီဒတ်

### မာတီနစ် နှင့် မက္ကဆီကို

အုပ်စုအဖွင့်ပွဲမှာ အနိုင်ရခဲ့တဲ့ မာတီနစ်အနေနဲ့ မက္ကဆီကိုကိုတော့ ယှဉ်နိုင်ဖို့ခက်ပါလိမ့်မယ်။ မက္ကဆီကို အရန်တွေပဲပါဝင်နေပေမယ့် ဂုဏ်သိက္ခာအတွက် အခုပွဲကိုကြိုးစားကစားပါလိမ့်မယ်။ မက္ကဆီကိုပဲ အနိုင်ရမှာပါ။

### အယ်လ်ဆာဗေးဒိုး နှင့် ဟေတီ

| အယ်လ်ဆာဗေးဒိုးနိုင်ပွဲ | သရေ | ဟေတီနိုင်ပွဲ |
|---|---|---|
| ၁၂ | ၇ | ၅ |

ခြေစွမ်းမကွာပေမယ့် နောက်ပိုင်းတွေ့ဆုံမှုတွေမှာ အယ်လ်ဆာဗေးဒိုးပဲ အသာရထားပါတယ်။ အယ်လ်ဆာဗေးဒိုး အနိုင်သေချာပါတယ်။

### ဟွန်ဒူးရပ်စ် နှင့် ထရီနီဒတ်

| ဟွန်ဒူးရပ်စ်နိုင်ပွဲ | သရေ | ထရီနီဒတ်နိုင်ပွဲ |
|---|---|---|
| ၇ | ၆ | ၂ |

*နောက်ဆုံး(၃)ပွဲတွေ့ခဲ့သမျှ*

| | | | |
|---|---|---|---|
| ၂-၆-၂၀၀၇ | ဟွန်ဒူးရပ်စ် | ၃-၁ | ထရီနီဒတ် |
| ၂၈-၃-၂၀၀၉ | ထရီနီဒတ် | ၁-၁ | ဟွန်ဒူးရပ်စ် |
| ၅-၉-၂၀၀၉ | ဟွန်ဒူးရပ်စ် | ၄-၁ | ထရီနီဒတ် |

ကြံ့ခိုင်မှုကိုဦးစားပေးတဲ့နှစ်သင်း တွေ့ဆုံကြတာဖြစ်ပေမယ့် ဟွန်ဒူးရပ်စ်ကစားပုံက ပိုပြီးစနစ်ကျမှုရှိပါတယ်။ ထရီနီဒတ်ရဲ့အမြင့်ဘောအသားပေးကစားဟန်ကိုလည်း ဟွန်ဒူးရပ်စ်ထိန်းချုပ်ဖို့မခက်ပါဘူး။ဟွန်ဒူးရပ်စ်ဘက်ကပဲ ရပ်တည်သင့်ပါတယ်။

## မာလူဒါအား ခေါ်ယူရန် စတိဗ်ကလက်ခ်ကြိုးပမ်းမည်

ဝက်စ်ဘရွန်းအသင်း၏ နည်းပြဖြစ်သူ စတိဗ်ကလက်ခ်သည် ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲခဲ့သော ပြင်သစ်ကွင်းလယ်လူ မာလူဒါအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေပြီး ကြိုးပမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ချယ်လ်ဆီး လက်ထောက်နည်းပြဟောင်းတစ်ဦးဖြစ်သူ စတိဗ်ကလက်ခ်သည် လက်ရှိတွင်ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း အနယ်လ်ကာကို ခေါ်ယူထားပြီး ချယ်လ်ဆီးအသင်းတွင် သူနှင့်လက်တွဲခဲ့ဖူးသည့် မာလူဒါကိုလည်းထပ်မံခေါ်ယူရန် မျက်စိကျနေခြင်းဖြစ်သည်။ မာလူဒါသည် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် သူ့အား ခေါ်ယူမည်ဆိုပါက အလွတ်ခေါ်ယူနိုင်မည်ဖြစ်သည်။

## ကာဘာယီအတွက် ဘလန့်အား ပါဂျူးပြစ်တင်

နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးသည် PSG အသင်းနည်းပြလောရင့်ဘလန့်အား မိမိတို့အသင်းကိုလေးစားမှုမထားရှိဟု စွပ်စွဲပြောကြားလိုက်သည်။ PSG အသင်းနည်းပြသစ်ဖြစ်လာသူ လောရင့်ဘလန့်သည် နယူးကာဆယ်အသင်းထံမှ ကာဘာယီကိုခေါ်ယူရန် စိတ်ဝင်စားကြောင်း လူသိရှင်ကြားပြောကြားခဲ့ရာ ယင်းကဲ့သို့ပြောဆိုခဲ့ခြင်းကို ပါဂျူးကဒေါသထွက်နေခြင်းဖြစ်သည်။ ပါဂျူးက "သူ ကျွန်တော်ကို ဖုန်းဆက်ပြီးကမ်းလှမ်းရင်ရတာပါပဲ။ သူ ဒီလိုပြုလုပ်တာဟာ တစ်ဖက်သားကိုမလေးစားရာကျပါတယ်" ဟု ပြောကြားခဲ့သည်။ ကာဘာယီသည် လွန်ခဲ့သည့်(၂)နှစ်က လိုင်လီမှ နယူးကာဆယ်သို့ ပေါင်(၄)သန်းဖြင့်ရောက်ရှိလာသူဖြစ်သည်။

# ကစားသမား(၁၉)ဦးဖြင့် မန်ယူအသင်း ခြေစမ်းခရီးစဉ်စတင်ထွက်ခွာ

## အသင်းခေါင်းဆောင်ဗီဒစ် ခရီးစဉ်တွင် ပဟေဋ္ဌိဆန်ဆန် ချန်လှပ်ခံခဲ့ရ








မန်ယူအသင်းသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ၎င်းတို့၏နွေရာသီခြေစမ်းခရီးစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ ကစားသမား (၁၉)ဦးနှင့် နည်းပြအဖွဲ့ဝင်များပါဝင်သော မန်ယူအသင်းသည် ပထမဆုံး ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ သွားရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ထို့နောက် ဂျပန်နိုင်ငံသို့ ခရီးဆက်မည်ဖြစ်ပြီး ဟောင်ကောင်တွင် အာရှခရီးစဉ် အဆုံးသတ်မည်ဖြစ်သည်။

အာရှမှအပြန် ဆွီဒင်နိုင်ငံတွင် ခြေစမ်းပွဲတစ်ပွဲကစားမည်ဖြစ်ပြီး နွေရာသီခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲစုစုပေါင်း(၆)ပွဲကစားမည်ဖြစ်ကြောင်း သိရသည်။ မန်ယူအသင်း၏ နွေရာသီခြေစမ်းခရီးစဉ်တွင် အသင်းခေါင်းဆောင် ဗီဒစ်မှာ အံ့အားသင့်ဖွယ် ကျန်နေခဲ့ကြောင်း သိရှိရသည်။ ဗီဒစ်သည် ပြီးခဲ့သည့်သောကြာနေ့က နည်းပြ မိုယက်စ်နှင့် မီဒီယာများ မိတ်ဆက်သည့်အခမ်းအနားကိုတက်ရောက်ခဲ့ပြီး မည်သည့်ပြဿနာတစ်စုံတစ်ရာမှမရှိဘဲ ကျန်နေခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဗီဒစ်အားချန်ထားခဲ့ခြင်းအတွက် မန်ယူအသင်းကလည်း ဖြေရှင်းချက်တစ်စုံတစ်ရာ မပေးခဲ့ကြောင်းသိရှိရသည်။ မန်ချက်စတာမြို့မှ စတင်ထွက်ခွာလာသော မန်ယူအသင်းတွင် နိုင်ငံတကာပွဲစဉ်များကြောင့် အနားပေးခြင်းခံထားရသောကစားသမားအချို့မှာလည်း ပါဝင်ခြင်းမရှိဘဲခရီးစဉ်အတွင်းမှသာအသင်းကိုဆက်သွယ်မည်ဖြစ်ကြောင်း သိရှိရသည်။ ဟော်လန်တိုက်စစ်မှူး ဗန်ပါစီနှင့် စပိန်ဂိုးသမားဒီဂီယာတို့မှာ ဘန်ကောက်ခရီးစဉ်တွင် ပါဝင်ခြင်းမရှိဘဲ ဩစတြေးလျနိုင်ငံ၊ဆစ်ဒနီမြို့သို့ မန်ယူအသင်းရောက်ရှိမှသာ တိုက်ရိုက်ဆက်သွယ်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်ကွင်းလယ်လူ ကာဂါဝါလည်း မန်ယူအသင်း ဂျပန်နိုင်ငံသို့ရောက်ရှိမှသာ အသင်းနှင့်ဆက်သွယ်မည်ဖြစ်ကြောင်း သိရှိရသည်။ ယခုခြေစမ်းခရီးစဉ်တစ်ခုလုံးကို လိုက်ပါခြင်းမရှိဘဲ အနားယူခွင့်ရရှိထားသူမှာ မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ဇ်ဖြစ်ပြီး သူ့အား နိုင်ငံတကာပွဲစဉ်များဆက်တိုက်ကစားထားရ၍ အနားပေးထားခြင်းဖြစ်ကြောင်း သိရှိရသည်။

### မန်ချက်စတာမြို့မှ စတင်ထွက်ခွာလာသောမန်ယူကစားသမား(၁၉)ဦး

**ဂိုး** - လင်ဒီဂတ်၊ ဘင်အာမို့စ်

**နောက်တန်း** - ရာဖေးလ်၊ ဖီးလ်ဂျုံးစ်၊ ဖာဒီနန်၊ အီဗန်စ်၊ အီဗရာ၊ ဘတ်တနာ၊ ဖေဘီယို၊ မိုက်ကယ်ကင်း

**အလယ်တန်း** - ကာရစ်၊ အန်ဒါဆန်၊ ကလယ်ဗာလေ၊ ရိုင်ယန်ဂစ်၊ ဇာဟာ၊ ဂျက်ဆီလင်ဂတ်၊ ယာနူဇာ

**ရှေ့တန်း** - ရွန်နီ၊ ဝဲလ်ဘက်

# အသက်(၄၀)အရွယ် ဂိုးသမား ရှဝါဇာအား မော်ရင်ဟို အံ့အားသင့်ဖွယ်ခေါ်ယူ

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ဖူလ်ဟမ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သော အသက်(၄၀)အရွယ်ဂိုးသမား ရှဝါဇာအား အံ့အားသင့်ဖွယ်ခေါ်ယူလိုက်ကြောင်း သိရှိရသည်။ ဘရက်ဖို့ဒ်၊ မစ်ဒယ်ဘရော့၊ ဖူလ်ဟမ်အသင်းများတွင် ကစားခဲ့သူ ရှဝါဇာသည် အင်္ဂလန်ဘောလုံးလောကတွင် ကစားသက် (၁၇)နှစ်ကြာမြင့်ခဲ့သည့် ဝါရင့်ဂိုးသမားတစ်ဦးလည်းဖြစ်သည်။ မော်ရင်ဟိုက သူ့အား (၁)နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ရှဝါဇာက ချယ်လ်ဆီးအသင်းနှင့် လက်မှတ်ရေးထိုးပြီးနောက် မိမိသည် အင်္ဂလန်ရှိ အကောင်းဆုံးကလပ်အသင်းများထဲမှတစ်သင်းသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ချယ်လ်ဆီးအသင်းတွင် ကစားရန်အတွက် များစွာစဉ်းစားစရာမလိုဘဲ လွယ်လွယ်ကူကူဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဩစတြေးလျလက်ရွေးစင်ဂိုးသမားတစ်ဦးဖြစ်သူ ရှဝါဇာသည် နိုင်ငံတကာပွဲ (၁၀၈)ပွဲကစားထားသူဖြစ်ပြီး ကလပ်အသင်း ကစားသမားဘဝတွင် ပွဲပေါင်း(၇၄၃)ပွဲကစားထားသူဖြစ်သည်။ ရှဝါဇာသည် ပြီးခဲ့သည့်အင်္ဂါနေ့က ချယ်လ်ဆီးအသင်းလေ့ကျင့်ရေးကွင်းသို့ရောက်ရှိလာခဲ့ပြီး အသင်းနည်းပြ မော်ရင်ဟိုနှင့် ချယ်လ်ဆီးအသင်းဖော်သစ်များကို လိုက်လံနှုတ်ဆက်ခဲ့ကြောင်းလည်း သိရှိရသည်။



Photo : Daily Mail

ချယ်လ်ဆီးဂိုးသမားအင်္ကျီနှင့်တွေ့ရသည့် ရှဝါဇာ ➤➤➤

## BRIEF

❒ ချယ်လ်ဆီးအသင်းသည် လာဇီယိုအသင်း၏ ဘရာဇီးလ်ကစားသမား ဟာနာနက်စ်အား ခေါ်ယူရန် ပစ်မှတ်ထားနေပြီး ၎င်းအား စိတ်ဝင်စားနေသည့် ပြင်သစ်ကလပ် PSG အသင်းနှင့်အပြိုင် ကြိုးပမ်းရဖွယ်ရှိကြောင်း သိရသည်။

❒ အာဆင်နယ်အသင်း၏တိုက်စစ်မှူးဂျာဗင်ဟိုအားခေါ်ယူရန် စီးရီးအေကလပ် ရိုးမားအသင်းက ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

❒ အာဆင်နယ်အသင်းသည် လိဂ်ချန်ပီယံရှစ်ကလပ် QPR အသင်း၏ ဘရာဇီးလ် လက်ရွေးစင်ဂိုးသမား ဂျူလီယိုဆီဆာအား ခေါ်ယူရန် ကြိုးပမ်းနေပြီး ပေါင်(၁ . ၅) သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သိရှိရသည်။

## EA Sports ၏ ပရီးမီးယားလိဂ်ဂိုးသမားများ စွမ်းဆောင်ရည်အမှတ်ပေးမှု

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်၏ ဝက်ဘ်ဆိုက်တွင် EA Sports မှ ကစားသမားများကို နေရာအလိုက်ရမှတ်များပေးသည့် Player Performance Index အမှတ်ပေးဇယားထားရှိရာ ၎င်းထဲမှ ဂိုးသမားများကို (ပြီးခဲ့သည့်ရာသီစွမ်းဆောင်ချက်များအလိုက်) ရမှတ်ပေးထားမှုအား ဖော်ပြလိုက်ပါသည်။

| ဂိုးသမား | အသင်း | ကစားသည့်မိနစ် | ရမှတ် | ဂိုးသမား | အသင်း | ကစားသည့်မိနစ် | ရမှတ် | ဂိုးသမား | အသင်း | ကစားသည့်မိနစ် | ရမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|
| ပီတာဆက်ချ် | ချယ်လ်ဆီး | ၃၄၂၀ | ၅၀၁ | ဘီဂိုဗစ် | စတုတ်စီးတီး | ၃၆၆၁ | ၃၇၉ | ဆဇက်စနီ | အာဆင်နယ် | ၂၄၀၉ | ၃၁၇ |
| ဂျိုးဟတ် | မန်စီးတီး | ၃၆၆၁ | ၄၇၅ | ရှဝါဇာ | ဖူလ်ဟမ် | ၃၄၆၀ | ၃၇၄ | ဗွန်း | ဆွမ်ဆီး | ၂၄၅၀ | ၂၅၉ |
| ဒီဂီယာ | မန်ယူ | ၂၇၀၆ | ၄၁၉ | ရီနာ | လီဗာပူးလ် | ၂၉၆၉ | ၃၆၂ | အယ်လ်ဟတ်ဆီ | ဝီဂန် | ၂၇၉၅ | ၂၅၀ |
| တင်ဟောင်းဝပ် | အဲဗာတန် | ၃၄၆၄ | ၄၀၅ | ဂူဇန် | အက်စတွန်ဗီလာ | ၃၄၇၀ | ၃၆၁ | ကရူးလ် | နယူးကာဆယ် | ၂၂၉၀ | ၂၄၂ |
| မစ်ဂနိုလတ် | ဆန်းဒါးလန်း | ၃၆၇၄ | ၃၉၄ | လိုရစ် | စပါး | ၂၆၁၅ | ၃၄၃ | ဆီဆာ | QPR | ၂၂၅၀ | ၁၉၀ |
| ဂျက်စကယ်လိုင်နန် | ဝက်စ်ဟမ်း | ၃၆၇၅ | ၃၇၇ | ဖော်စတာ | ဝက်စ်ဘရွန်း | ၂၉၀၁ | ၃၂၉ | ဘိုရက် | ဆောက်သမ်တန် | ၁၇၇၀ | ၁၉၁ |

## မာတာကိုစာချုပ်သက်တမ်းတိုးရန် ချယ်လ်ဆီးစီစဉ်

ချယ်လ်ဆီးအသင်းသည် ၎င်းတို့၏ကွင်းလယ်ကစားသမားမာတာကို စာချုပ်သက်တမ်းတိုးရန်စီစဉ်နေပြီဖြစ်ကြောင်းသိရသည်။ မာတာအားခေါ်ယူရန် ဘာစီလိုနာအသင်းက စိတ်ဝင်စားနေသော်လည်း ချယ်လ်ဆီးအသင်းမှာမူ ၎င်းအားရောင်းချရန်အစီအစဉ်မရှိဘဲ ၂၀၁၈အထိ(၃)နှစ်စာချုပ်သက်တမ်းတိုးနိုင်ရန်ကြိုးပမ်းလျက်ရှိနေပြီး မကြာမီသဘောတူညီမှုရရှိတော့မည်ဖြစ်ကြောင်းသိရသည်။

## အသင်းကြီးများကို ငြင်းဆန်ခဲ့ဟု လောဒရပ်ဝန်ခံ

ဆွမ်ဆီးအသင်းနည်းပြမိုက်ကယ်လောဒရပ်က အသင်းကြီးများ၏ကမ်းလှမ်းမှုကိုငြင်းဆန်ကာ ဆွမ်ဆီးအသင်းတွင်ဆက်နေရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းဝန်ခံပြောကြားခဲ့သည်။ ပြီးခဲ့သည့်ရာသီ ဆွမ်ဆီးအသင်းအားလိဂ်ဖလားရရှိအောင်စွမ်းဆောင်ခဲ့သူလောဒရပ်သည် အသင်းဥက္ကဋ္ဌနှင့်မပြေလည်မှုများရှိခဲ့ခြင်းကြောင့် အသင်းမှထွက်ခွာတော့မည်ဟုသတင်းများထွက်ပေါ်ခဲ့သော်လည်း ၎င်းကအသင်းတွင်သာဆက်ရှိရန်ဆန္ဒရှိခဲ့ကြောင်းပြောကြားခဲ့သည်။

## စပိန်လူငယ်ကြယ်ပွင့်ဒယ်လိုဖူကို အဲဗာတန်ခေါ်ယူ

အဲဗာတန်အသင်းသည် ဘာစီလိုနာအသင်းမှ စပိန်လူငယ်ကြယ်ပွင့်တိုက်စစ်မှူးဒယ်လိုဖူကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်းသိရသည်။ ဒယ်လိုဖူ(၁၉နှစ်)သည် ပြီးခဲ့သည့်ရာသီကဘာစီလိုနာ(ခ)အသင်းတွင် (၃၃)ပွဲကစား၊(၁၈)ဂိုးသွင်းယူခဲ့ပြီး အသင်းကြီးအတွက်လည်းအရန်ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။အဲဗာတန်အသင်းသည်ဒယ်လိုဖူအပြင်ကိုနေ့အယ်လ်ကာရက်ဇ်၊ ဂိုးသမားရော့ဘ်လက်စ်တို့ကိုလည်းခေါ်ယူထားကြောင်းသိရသည်။

## ၁၉၉၅-၉၆ရာသီက မန်ယူအသင်းဝတ်ဆင်ခဲ့သောအဝေးကွင်းအင်္ကျီမှာ အသင်းသမိုင်းတစ်လျှောက် အဆိုးရွားဆုံးဝတ်စုံအဖြစ်သတ်မှတ်ခံရ

စစ်တမ်းကောက်ခံချက်များအရ ၁၉၉၅-၉၆ရာသီက မန်ယူအသင်းဝတ်ဆင်ခဲ့သော မီးခိုးရောင်အဝေးကွင်းအင်္ကျီမှာ အသင်းသမိုင်းတစ်လျှောက်အဆိုးရွားဆုံးဝတ်စုံအဖြစ်သတ်မှတ်ခံခဲ့ရကြောင်းသိရသည်။

အဆိုပါစစ်တမ်းကို Manchester Evening News သတင်းစာမှအသင်းပရိသတ်များထံကောက်ခံခဲ့ခြင်းဖြစ်ပြီး အများစုက ယင်းရာသီက ဝတ်စုံကိုရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါအင်္ကျီမှာ ၁၉၉၆ခုနှစ်၊ဧပြီလအတွင်းက ဆောက်သမ်တန်အသင်းနှင့်ကစားခဲ့သည့်ပွဲတွင် ဝတ်ဆင်ခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းနည်းပြဖာဂူဆန်သည် ဒုတိယပိုင်း၌အသင်းမှကစားသမားများကို အင်္ကျီပြောင်းလဲဝတ်ဆင်ကစားရန်စေခိုင်းခဲ့ကြောင်းရသည်။ ယင်းကဲ့သို့ အင်္ကျီပြောင်းလဲခဲ့ခြင်းနှင့်ပတ်သက်၍ဖာဂူဆန်က "အသင်းကကစားသမားတွေဟာ ဒီအင်္ကျီကြောင့်တစ်ဦးနဲ့တစ်ဦးဘောလုံးပေးပို့ရာမှာ အခက်အခဲတွေရှိခဲ့ပါတယ်။သူတို့က ခပ်လှမ်းလှမ်းက ကစားသမားတစ်ဦးကိုမြင်တွေ့နိုင်ဖို့ခက်ခဲတယ်လို့ ကျွန်တော့်ကိုပြောကြားခဲ့ပါတယ်"ဟု ဆိုခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်းမှာပထမပိုင်း၌ ဆောက်သမ်တန်အသင်းကို (၃)ဂိုးပြတ်ရှုံးနိမ့်နေပြီး ဒုတိယပိုင်းတွင် အင်္ကျီပြောင်းလဲဝတ်ဆင်ခဲ့၍ ကစားပုံကောင်းမွန်ခဲ့သော်လည်း ပွဲအပြီး၌(၃-၁)ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။

မန်ယူအသင်းသည် အဆိုပါဝတ်စုံကို ရာသီတစ်လျှောက်တွင်(၅)ကြိမ်သာဝတ်ဆင်ခဲ့ပြီး ယင်းအင်္ကျီဝတ်ကစားခဲ့သောပွဲများ၌နိုင်ပွဲပျောက်ဆုံးခဲ့ကာ (၄)ပွဲရှုံး၊ (၁)ပွဲသရေကျခဲ့ကြောင်းလည်းသိရသည်။

○ ○ ○




## ပရီးမီးယားလိဂ်ဖလားကို မန်ယူလက်ထဲမှ ပြန်လည်ရယူရန် အသင့်ရှိနေပြီဟု မန်စီးတီးနည်းပြသစ်ပယ်လီဂရီနီကြုံးဝါး




မန်စီးတီးအသင်း၊ နည်းပြသစ်ပယ်လီဂရီနီက လာမည့်ရာသီတွင် ပရီးမီးယားလိဂ်ဖလားအား မန်ယူအသင်းလက်ထဲမှပြန်လည်ရယူရန် မိမိတို့ အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ကြုံးဝါးပြောဆိုခဲ့သည်။

ပယ်လီဂရီနီသည် ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က သူ၏မန်စီးတီးနည်းပြဘဝ ပထမဆုံးအဖြစ်ပြုလုပ်ခဲ့သောသတင်းစာရှင်းလင်းပွဲတွင် ယင်းကဲ့သို့ ကြုံးဝါးပြောဆိုခဲ့ခြင်းဖြစ်သည်။ ပယ်လီဂရီနီသည် ဗီလာရီးယဲယ်အသင်းကို ကိုင်တွယ်ခဲ့စဉ်က မန်ယူအသင်းနည်းပြ(ဟောင်း)ဖာဂူဆန်နှင့် ချန်ပီယံလိဂ်အုပ်စုအဆင့်၌ ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ ၂၀၀၈ခုနှစ်တွင်လည်းကောင်း အိမ်ကွင်း၊အဝေးကွင်း(၄)ကြိမ်တိုင်တိုင် ဆုံတွေ့ခဲ့ပြီး မန်ယူအသင်းမှာ ယင်း(၄)ပွဲစလုံး၌ တစ်ပွဲမှမနိုင်ခဲ့သည့်အပြင် တစ်ဂိုးမှသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ဂိုးမရှိသရေကျခဲ့သည်။ ပယ်လီဂရီနီက "မန်စီးတီးပရိသတ်တွေအတွက် အရေးပါဆုံးအရာက မန်ယူအသင်းကိုအနိုင်ရဖို့ဆိုတာ ကျွန်တော်နားလည်ပြီးသားပါ။ကျွန်တော့်အနေနဲ့လည်း မန်ယူကိုအနိုင်ယူဖို့ စွမ်းဆောင်နိုင်မယ်ဆိုတာကိုယုံကြည်လို့ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။အရင်နှစ်တွေကလိုပဲ ဒီနှစ်မှာလည်း မန်စီးတီးအသင်းဟာ မန်ယူရဲ့ထိပ်မှာရှိနေနိုင်မှာပါ။ အဲဒီအတွက်လည်း အစွမ်းကုန်ကြိုးပမ်းသွားပါမယ်။ ဗီလာရီးယဲယ်အသင်းကို ကျွန်တော်ကိုင်တွယ်ခဲ့စဉ်တုန်းက မန်ယူနဲ့ (၂)ကြိမ်ဆုံတွေ့ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့အသင်းဟာ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ကို အမြဲတက်ရောက်နိုင်ခဲ့ပေမယ့် မန်စီးတီးအသင်းကတော့ အဲဒီလိုမျိုး စွမ်းဆောင်နိုင်ခြင်းမရှိသေးပါဘူး" ဟု ပြောကြားခဲ့သည်။

ချီလီလူမျိုးနည်းပြ ပယ်လီဂရီနီသည် နည်းပြဘဝတစ်လျှောက် ဗီလာရီးယဲယ်၊ ရီးယဲယ်မက်ဒရစ်၊ မာလာဂါစသည့်ထိပ်သီးအသင်းများကို ကိုင်တွယ်ခဲ့ဖူးပြီး အောင်မြင်မှုများလည်းရယူနိုင်ခဲ့သည်။ မန်စီးတီးအသင်း၏ ပထမဆုံးတောင်အမေရိကနည်းပြဖြစ်သူ ပယ်လီဂရီနီက မန်ယူအသင်းတွင်ဖာဂူဆန်ဆက်ရှိနေပါက ယခုထက်ပိုမို၍အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသော်လည်း၊ ဒေးဗစ်မိုယက်စ်မှာလည်း အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်နိုင်မည်ဟုယူဆကြောင်း၊ထို့ပြင်မော်ရင်ဟိုမှာလည်းချယ်လ်ဆီးသို့ရောက်ရှိလာပြီဖြစ်၍ယခုနှစ်ပရီးမီးယားလိဂ်မှာ ယခင်ကထက်ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာပြီဖြစ်ကြောင်း ဆိုခဲ့သည်။

## SHORT

❒ စပါးအသင်းသည် အက်စတွန်ဗီလာတိုက်စစ်မှူးဘန်တီကီကို ခေါ်ယူလိုနေသော်လည်း ၎င်းတို့တောင်းဆိုထားသည့် ပေါင်(၂၅)သန်းကိုမူပေးချေရန် ဆန္ဒမရှိဖြစ်နေကြောင်းသိရသည်။ ဘယ်လ်ဂျီယံတိုက်စစ်မှူးဘန်တီကီသည် အသင်းပြောင်းရွှေ့ခွင့်ပေးရန် တာဝန်ရှိသူများထံတောင်းဆိုထားပြီး စပါးအသင်းအနေဖြင့် ၎င်းအတွက် ပေါင်(၁၅)သန်းထက်ပိုပေးရန်ဆန္ဒမရှိဖြစ်နေသည်။ဘန်တီကီကိုလီဗာပူးလ်နှင့်ချယ်လ်ဆီးတို့ကလည်း စိတ်ဝင်စားနေကြောင်းသိရသည်။

❒ နော့ဝစ်ချ်အသင်းသည် ဘလက်ဘန်းနောက်ခံလူမာတင်အော်လ်ဆင်အား (၄)နှစ်စာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ ဘလက်ဘန်းအသင်းတွင် (၆)နှစ်ကြာကစားခဲ့သူအော်လ်ဆင်အတွက် နော့ဝစ်ချ်အသင်းမှာပြောင်းရွှေ့ကြေးပေါင်(၂.၅)သန်းခန့်သုံးစွဲခဲ့ရပြီး နည်းပြဟောက်တန်က အော်လ်ဆင်သည် နေရာစုံတွင်ကစားနိုင်သည့်ကစားသမားတစ်ဦးဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့သည်။

❒ ဆန်းဒါးလန်းအသင်းသည် အမေရိကန်တိုက်စစ်မှူးအယ်လ်တီဒိုးကို ပြောင်းရွှေ့ကြေး ပေါင်(၆)သန်းဝန်းကျင်ဖြင့်ခေါ်ယူခဲ့ကြောင်းသိရသည်။ အသက်(၂၃)နှစ်သာရှိသေးသည့် အယ်လ်ခမာ တိုက်စစ်မှူးဟောင်း အယ်လ်တီဒိုးသည် အသင်းအတွက် (၆၇)ပွဲကစား၊ (၃၈)ဂိုးသွင်းယူပေးခဲ့ပြီး ဆန်းဒါးလန်းအသင်းမှာအယ်လ်တီဒိုးအား (၄)နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။

## မန်စီးတီးအသင်းကို ဆုဖလားများရယူပေးခဲ့သည့် နာမည်ကျော်နည်းပြအချို့

### တွမ်မာလေ(၁၉၀၂-၁၉၀၆)

စကော့တလန်လူမျိုးနည်းပြ တွမ်မာလေမှာ မန်စီးတီးအသင်းကို (၄)နှစ်ကိုင်တွယ်ခဲ့ပြီး FA ဖလားတစ်လုံးရရှိအောင်စွမ်းဆောင်ခဲ့သလို၊ နိုင်ပွဲရာခိုင်နှုန်းအများဆုံး (၅၉.၃%)ရယူနိုင်ခဲ့သည်။

### ဝစ်ဖ်ဝိုင်း(၁၉၃၂-၁၉၄၆)

မန်စီးတီးအသင်းကို (၁၄)နှစ်ကြာကိုင်တွယ်ခဲ့သည့် နည်းပြဝစ်ဖ်ဝိုင်းသည် သူ၏လက်ထက်တွင် FA ဖလား(၁)ကြိမ်၊ အမှတ်ပေးဖလား(၁)ကြိမ်၊ ချာရတီဒိုင်း(၁)ကြိမ်ရယူပေးခဲ့သည်။

### မက်ဒေါဝယ်(၁၉၅၀-၁၉၆၃)

မက်ဒေါဝယ်သည် မန်စီးတီးအသင်းကို စုစုပေါင်း(၅၉၂)ပွဲကိုင်တွယ်ခဲ့ပြီး ပွဲအများဆုံးကိုင်တွယ်ခဲ့သည့်နည်းပြအဖြစ်မှတ်တမ်းဝင်ခဲ့သည်။ သူ၏လက်ထက်တွင် FA ဖလား(၁)ကြိမ်ရရှိခဲ့သည်။

### ဂျိုးမာဆာ(၁၉၆၅-၁၉၇၁)

အင်္ဂလိပ်လူမျိုးနည်းပြ ဂျိုးမာဆာသည် မန်စီးတီးအသင်းကို(၆)နှစ်သာကိုင်တွယ်ခဲ့ရသော်လည်း ဒုတိယတန်းချန်ပီယံ၊ ပထမတန်းချန်ပီယံ၊ ချာရတီဒိုင်း၊ FA၊ Cup Winners' Cup၊ လိဂ်ဖလားတို့ရယူပေးခဲ့သည်။

### တိုနီဘွတ်(၁၉၇၃-၁၉၈၀)

အင်္ဂလန်လူမျိုးနည်းပြတစ်ဦးပင်ဖြစ်သူ တိုနီဘွတ်သည် မန်စီးတီးအသင်းကို (၇)နှစ်ကြာကိုင်တွယ်ခဲ့ပြီး အသင်းကို ၁၉၇၆ခုနှစ် လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲအောင်စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

### မန်စီနီ(၂၀၀၉-၂၀၁၃)

မန်စီးတီးအသင်း၏ ပထမဆုံးအီတလီလူမျိုး နည်းပြမန်စီနီသည် (၄၄)နှစ်ကြာဝေးကွာနေသည့်အမှတ်ပေးဖလားရယူနိုင်ခဲ့သည့်အပြင်၊ FA ဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကိုလည်း ရယူခဲ့သည်။

# ရှုံးပွဲမရှိစံချိန်ဖြင့် ပရီးမီးယားလိဂ်ချန်ပီယံဆုရယူခဲ့သော ၂၀၀၃-၀၄ရာသီက ကဲ့သို့ အဝါရောင်အဝေးကွင်းဝတ်စုံကို အာဆင်နယ်ဝတ်ဆင်မည်




အာဆင်နယ်ကစားသမား(၆)ဦးက အသင်း၏ အီမရိတ်စ်ကွင်းရှေ့တွင် အဝေးကွင်းဝတ်စုံ ဝတ်ဆင်ပြသနေစဉ်




၂၀၀၃-၀၄ ရာသီက ရှုံးပွဲမရှိခဲ့သည့် အာဆင်နယ်အသင်း

အာဆင်နယ်အသင်းသည် လာမည့် ၂၀၁၃-၁၄ရာသီ၌အဝေးကွင်းအင်္ကျီအဖြစ် အဝါရောင်အင်္ကျီကို ဝတ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ အိမ်ကွင်းအင်္ကျီ၌ ပြောင်းလဲခြင်းမရှိသော်လည်း ပြီးခဲ့သည့်ရာသီကဝတ်ဆင်ခဲ့သော ခရမ်းရောင်အဝေးကွင်းဝတ်စုံကိုပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။အာဆင်နယ်အသင်းသည် ၂၀၀၃-၀၄ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ရာသီလုံး ရှုံးပွဲမရှိခဲ့ဘဲ ချန်ပီယံအဖြစ် ဗိုလ်စွဲခဲ့စဉ်ကအဝါရောင်အဝေးကွင်းအင်္ကျီဝတ်စုံကိုဝတ်ဆင်ခဲ့သည်။

အာဆင်နယ်အသင်းသည်၁၉၉၆-၉၇ ဘောလုံးရာသီကလည်း အဝါရောင်အဝေးကွင်းဝတ်စုံကိုဝတ်ဆင်ခဲ့ဖူးကြောင်း သိရှိရသည်။ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် (၈)နှစ်ကြာဖလားလက်မဲ့ဖြစ်နေခြင်းကို အဆုံးသတ်ရန် အဓိကပစ်မှတ်ထားနေပြီး အောင်မြင်မှုများရယူနိုင်ခဲ့သည့် အဝါရောင်အဝေးကွင်းဝတ်စုံကို ပြန်လည်ဝတ်ဆင်ခြင်းအတွက် ကျေနပ်ဝမ်းမြောက်နေသည်ဟုလည်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းသည် ၂၀၀၃-၀၄ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်(၃၈)ပွဲကစားခဲ့ရာ၌ (၂၆)ပွဲနိုင်၊ (၁၂)ပွဲသရေကျခဲ့ကာ ရှုံးပွဲမရှိခဲ့ချေ။ ၎င်းကဲ့သို့ ရှုံးပွဲမရှိဘဲ ဗိုလ်စွဲခဲ့ခြင်းမှာ ၁၈၈၉ ခုနှစ်က ပရက်စတန်အသင်းရှုံးပွဲမရှိ ဗိုလ်စွဲခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်း (၁၁၅) နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စံချိန်ဖြစ်ခဲ့ကြောင်းလည်းသိရှိရသည်။ ၎င်းအရင်က အဝါရောင်အဝေးကွင်းဝတ်စုံဝတ်ဆင်ခဲ့သည့် ၁၉၉၆-၉၇ရာသီကမူ အဆင့်(၃)သာရရှိခဲ့ကြောင်းလည်းသိရှိရသည်။

လာမည့်ရာသီတွင် ဝတ်ဆင်မည့် ၎င်းအဝါရောင်အင်္ကျီဝတ်စုံသစ်ကိုအာဆင်နယ်ကစားသမား(၆)ဦးဖြစ်သော နောက်ခံလူ ယန်ကင်ဆင်နှင့် ကီရင်ဂစ်ဘ်၊ ကွင်းလယ်လူ ချမ်ဘာလိန်၊ ဝဲလ်ရှိုင်းယား၊ ဝေါလ်ကော့နှင့် ရမ်ဆေးလ်တို့ကဝတ်ဆင်ခဲ့ပြီး အသင်း၏အီမရိတ်စ်ကွင်းရှေ့တွင်ပရိသတ်များကိုပြသခဲ့ကြသည်။ ၎င်းအင်္ကျီသစ်အား အသင်းမှ တရားဝင်ထုတ်ပြန်မကြေညာခင် အင်္ကျီသစ်ဝတ်ဆင်ထားသည့် ဝေါလ်ကော့၏ရုပ်ပုံများမှာ အွန်လိုင်းတွင် ကြိုတင်ပျံ့နှံ့ခဲ့ကြောင်းလည်းသိရှိရသည်။ အာဆင်နယ်အသင်းသည် လာမည့်ရာသီအတွက် အသင်းကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေပြီး အသင်းလိုက်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်းလည်းသိရှိရသည်။

## ဆွာရက်ဇ်အတွက် အာဆင်နယ်၏ ပေါင်သန်း(၃၀)ဖြင့် ကမ်းလှမ်းမှု လီဗာပူးလ်ပယ်ချ

အာဆင်နယ်အသင်းသည် လီဗာပူးလ်အသင်း၏ဥရုဂွေးလက်ရွေးစင်တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အားခေါ်ယူရန် ပေါင်သန်း(၃၀)ဖြင့် ကမ်းလှမ်းခဲ့ရာ လီဗာပူးလ်အသင်းတာဝန်ရှိသူများကယင်းကမ်းလှမ်းမှုကိုပယ်ချခဲ့ကြောင်း သိရှိရသည်။ ဆွာရက်ဇ်သည် လီဗာပူးလ်အသင်းမှထွက်ခွာရန် ဆန္ဒရှိသည်ဟု ထုတ်ဖော်ဝန်ခံထားသူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ဘက် ချယ်လ်ဆီးအသင်းကလည်း သူ့အားခေါ်ယူရန် ပစ်မှတ်ထားနေသည်။ ဆွာရက်ဇ်သည် လီဗာပူးလ်အသင်းနှင့် စာချုပ်သက်တမ်း (၃)နှစ်ကျန်ရှိနေသေးပြီး လီဗာပူးလ်အသင်းတာဝန်ရှိသူများကမူ သူ့အား ရောင်းချရန် ဆန္ဒမရှိကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်ကိုလည်း ခေါ်ယူရန် ကြိုးပမ်းနေပြီး သဘောတူညီမှုရရှိရန် နီးစပ်နေပြီဟု သတင်းများက ဖော်ပြနေကြသော်လည်း အပြောင်းအရွှေ့မှာ ဖြစ်မလာသေးပေ။ အာဆင်နယ်အသင်းသည် မန်ယူတိုက်စစ်မှူးရွန်နီကိုလည်းစောင့်ကြည့်နေဆဲဖြစ်သည်။

# ဆဲလ်တစ်ကွင်းလယ်လူ ဝန်ယာမာအား ဆောက်သမ်တန်အသင်း ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ




ဆောက်သမ်တန်အသင်းသည် ဆဲလ်တစ်အသင်း၏ ကွင်းလယ်လူ ဝန်ယာမာအား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။ ကင်ညာလက်ရွေးစင်ကွင်းလယ်လူ ဝန်ယာမာအတွက် ဆဲလ်တစ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် ပြောင်းရွှေ့ကြေးပေါင် (၁၂.၅)သန်းဖြင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းပမာဏမှာ ဆောက်သမ်တန်အသင်းအတွက် စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်ရုံမက စကော့တလန်ကလပ်အသင်းတစ်သင်းအတွက်လည်း စံချိန်တင်ရရှိသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရသည်။

ယခင်က စကော့တလန်လိဂ်တွင် ပြောင်းရွှေ့ကြေးအများဆုံးရရှိသည့်ကစားသမားမှာ အိုင်ယာလန်တောင်ပံကစားသမား မက်ဂီယာဒီဖြစ်ပြီး ၂၀၁၀ ခုနှစ်က ရုရှားကလပ်စပါးတပ်မော်စကိုအသင်းက ဆဲလ်တစ်အသင်းထံမှ ပေါင် (၉.၅)သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဝန်ယာမာသည် ဘယ်လ်ဂျီယံကလပ် ဘီယာရှော့အသင်းမှ ဆဲလ်တစ်အသင်းသို့ ၂၀၁၁ ခုနှစ်အတွင်းက ပေါင်(၉)သိန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး သူ့အတွက် ဆဲလ်တစ်အသင်းမှာ အမြတ်အစွန်းပေါင်(၁၀)သန်းကျော် ရရှိမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

## SHORT

❒ ဖူလ်ဟမ်အသင်းသည် ဂရိဝါရင့်ကွင်းလယ်လူ ကာရာဂူးနစ်အား လာမည့်ရာသီ အသင်း၌ဆက်ကစားရန် သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း သိရှိရသည်။ မူလက အသက် (၃၆)နှစ်အရွယ်ရှိသူ ကာရာဂူးနစ်နှင့် ဖူလ်ဟမ်အသင်းတို့ ယခုနွေရာသီတွင် လမ်းခွဲမည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး ယခု ဖူလ်ဟမ်အသင်းက(၁)နှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

❒ ချယ်လ်ဆီးအသင်းသည် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်း၏ လူငယ်ကစားသမား ဘရူမာအတွက် ကမ်းလှမ်းမှုပြုလုပ်ရန် စီစဉ်လျက်ရှိနေကြောင်း သိရသည်။ အသက် (၁၇)နှစ်အရွယ်တောင်ပံကစားသမား ဘရူမာသည် စပို့တင်းလစ္စဘွန်းအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုမရသေးသူဖြစ်ပြီး ချယ်လ်ဆီးအသင်းက ပေါင်(၇)သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် စီစဉ်နေကြောင်း သိရှိရသည်။

❒ အူမကြီးရောဂါကြောင့် အနားယူနေရသော မန်ယူကွင်းလယ်လူဖလက်ချာသည် ပြီးခဲ့သည့်ရက်ပိုင်းက သူ၏ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖလက်ချာသည် ခွဲစိတ်ကုသမှု (၃)ကြိမ်တိုင်ခံယူခဲ့ရပြီး ၎င်းခွဲစိတ်မှုများမှာ သူ၏ကစားသမားဘဝရှေ့ဆက်နိုင်ခြင်းရှိ၊မရှိဆိုသည်ကို ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

## ၂၀၀၃-၀၄ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ဘက်အသင်းများနှင့် အာဆင်နယ်အသင်း၏ ရလဒ်

(အိမ်ကွင်း)

| အသင်း | ရလဒ် | အသင်း | ရလဒ် | အသင်း | ရလဒ် | အသင်း | ရလဒ် |
|---|---|---|---|---|---|---|---|
| အဲဗာတန် | ၂-၁ | စပါး | ၂-၁ | မန်စီးတီး | ၂-၁ | လီဗာပူးလ် | ၄-၀ |
| ဗီလာ | ၂-၀ | ဖူလ်ဟမ် | ၀-၀ | ဆောက်သမ်တန် | ၂-၀ | လိဒ်စ် | ၅-၀ |
| ပို့စ်မောက် | ၁-၁ | ဘလက်ဘန်း | ၁-၀ | ချာလ်တန် | ၂-၁ | ဘာမင်ဂမ် | ၀-၀ |
| နယူးကာဆယ် | ၃-၂ | ဝုလ်ဗ် | ၃-၀ | ဘော်လ်တန် | ၂-၁ | လက်စတာ | ၂-၁ |
| ချယ်လ်ဆီး | ၂-၁ | မစ်ဒယ်ဘရော့ | ၄-၁ | မန်ယူ | ၁-၁ | | |

(အဝေးကွင်း)

| အသင်း | ရလဒ် | အသင်း | ရလဒ် | အသင်း | ရလဒ် | အသင်း | ရလဒ် |
|---|---|---|---|---|---|---|---|
| မစ်ဒယ်ဘရော့ | ၄-၀ | လိဒ်စ် | ၄-၁ | အဲဗာတန် | ၁-၁ | စပါး | ၂-၂ |
| မန်စီးတီး | ၂-၁ | ဘာမင်ဂမ် | ၂-၀ | ဗီလာ | ၂-၀ | ပို့စ်မောက် | ၁-၁ |
| မန်ယူ | ၀-၀ | လက်စတာ | ၁-၁ | ဝုလ်ဗ် | ၃-၁ | ဖူလ်ဟမ် | ၁-၀ |
| လီဗာပူးလ် | ၂-၁ | ဘော်လ်တန် | ၁-၁ | ချယ်လ်ဆီး | ၂-၁ | နယူးကာဆယ် | ၀-၀ |
| ချာလ်တန် | ၁-၁ | ဆောက်သမ်တန် | ၁-၀ | ဘလက်ဘန်း | ၂-၀ | | |

## စပါးတိုက်စစ်မှူး ဒီဖိုးအား ခေါ်ယူရန် စတုတ်နည်းပြ မာ့ခ်ဟုချ် ပစ်မှတ်ထား

စတုတ်စီးတီးအသင်းနည်းပြ မာ့ခ်ဟုချ်သည် စပါးအသင်း၏တိုက်စစ်မှူး ဂျာမိန်းဒီဖိုးအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ စပါးအသင်းကလည်း ဒီဖိုးအတွက်ပေါင်(၆)သန်းခန့်အလိုရှိနေပြီး သူ့အားခေါ်ယူလိုသည့်အသင်း ရှာဖွေနေလျက်ရှိကြောင်း သိရသည်။ ဒီဖိုးသည် စပါးအသင်းနှင့်စာချုပ်သက်တမ်း(၂)နှစ်ကျန်ရှိနေသေးပြီး တစ်ပတ်ပေါင်(၆၅၀၀၀) ရရှိနေသူဖြစ်သည်။ အကယ်၍ စပါးတွင် ရရှိနေသည့်လစာငွေအတိုင်း ပေးချေရမည်ဆိုပါက ဒီဖိုးမှာ စတုတ်စီးတီးအသင်း၏လစာငွေအမြင့်ဆုံးကစားသမားဖြစ်လာမည်ဖြစ်သည်။

## အသင်းဟောင်း ရီးယဲယ်မှ ကွန်ထရာအိုကို မော်ရင်ဟို ခေါ်ယူလို

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် သူ၏အသင်းဟောင်း ရီးယဲယ်အသင်းမှ ပေါ်တူဂီနောက်ခံလူ ကွန်ထရာအိုကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ ကွန်ထရာအိုသည် ရီးယဲယ်အသင်းတွင် မော်ရင်ဟိုနည်းပြစဉ် ဘင်ဖီကာအသင်းထံမှ ခေါ်ယူခဲ့သူဖြစ်ပြီး မော်ရင်ဟို၏ စိတ်ကြိုက်ကစားသမားတစ်ဦးလည်းဖြစ်သည်။ ရီးယဲယ်အသင်းအတွက် (၆၃)ပွဲကစားထားသော ကွန်ထရာအိုသည် ပေါ်တူဂီလက်ရွေးစင်အသင်းအတွက် (၃၆)ပွဲကစားခွင့်ရရှိထားသူဖြစ်ပြီး မော်ရင်ဟိုအနေဖြင့် သူ့အား ကမ်းလှမ်းရန် ကြိုးပမ်းလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။

## ဒေးဗစ်လူးဝစ်ဇ်အတွက် ပေါင်သန်း(၃၀)ဖြင့် ကမ်းလှမ်းရန် ဘာစီလိုနာစီစဉ်နေ

ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးအသင်း၏ ဘရာဇီးလ်နောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်အား ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုပြုလုပ်ရန် စီစဉ်နေပြီး ပေါင်သန်း(၃၀)ဖြင့် စတင်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ သို့ရာတွင် ၎င်းကမ်းလှမ်းမှုကို ချယ်လ်ဆီးအသင်းက လက်ခံမည်မဟုတ်ဘဲ ပယ်ချသွားလိမ့်မည်ဟုလည်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ ဘာစီလိုနာအသင်းသည် အသက်ကြီးရင့်လာသောနောက်ခံလူ ပူယိုးလ်၏နေရာအစားထိုးရန် ဘရာဇီးလ်လက်ရွေးစင်ကစားသမားနေမာ၊ အဲလ်ဗတ်စ်တို့၏ လက်ရွေးစင်အသင်းဖော်ဖြစ်သည့် ဒေးဗစ်လူးဝစ်ဇ်ကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

### Brief

❒ အာဆင်နယ်တောင်ပံကစားသမား ဝေါလ်ကော့က မိမိတို့ အာဆင်နယ်အသင်းကို ပြိုင်ဘက်အသင်းများ ကြောက်ရွံ့ရသည့်အသင်းတစ်သင်းအဖြစ် ပြန်လည်တွေ့မြင်လိုသည်ဟု ပြောကြားခဲ့သည်။

❒ ပြီးခဲ့သည့်ရာသီက ဝက်စ်ဘရွန်းအသင်းတွင် အငှားသွားရောက်ကစားခဲ့ရသည့် ဘယ်လ်ဂျီယံတိုက်စစ်မှူးလူကာကူက ချယ်လ်ဆီးအသင်း၏ ရာသီကြိုလေ့ကျင့်ခန်းအစီအစဉ်များတွင်ပါဝင်ရသည့်အတွက် ဝမ်းမြောက်မိကြောင်းနှင့် လာမည့်ရာသီတွင် အသင်း၌ ကစားခွင့်ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

❒ ဖူလ်ဟမ်အသင်း၏ တိုက်စစ်မှူး ဘာဘာတော့ဗ်က ဖူလ်ဟမ်နည်းပြ မာတင်ဂျိုးလ်၏ လက်အောက်တွင် ကစားရသည်ကို ပျော်ရွှင်မိကြောင်း၊ ဂျိုးလ်သည် မိမိကို ယုံကြည်မှုအပြည့်အဝထားရှိသူဖြစ်ကြောင်း ပြောကြားခဲ့သည်။

❒ လီဗာပူးလ်နောက်ခံလူအန်ဒရီဝစ်စဒမ်အား အငှားစာချုပ်ဖြင့်ခေါ်ယူရန် လိဂ်ချန်ပီယံရှစ်ကလပ် ဝီဂန်အသင်းက ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

❒ မေဂျာလိဂ်ကလပ် LA ဂလက်ဆီအသင်းသည် ချယ်လ်ဆီးကွင်းလယ်လူ လမ်းပတ်အား ခေါ်ယူရန် လက်မလျှော့သေးဘဲ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

# မိုယက်စ်က ရောင်းမည်မဟုတ်ဟုဆိုသော်လည်း ရွှန်နီအား ခေါ်ယူရန် မော်ရင်ဟိုကြိုးပမ်းသွားမည်

## လစာငွေ တစ်ပတ်ပေါင်(၂၄၀၀၀၀)ဖြင့် မက်လုံးပေးရန် စီစဉ်နေ


Photo : AFP

မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်စ်က အသင်း၏ အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွှန်နီအား ရောင်းချမည်မဟုတ်ဟု ဆိုနေသော်လည်း ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုသည် ရွှန်နီအား ခေါ်ယူရန် ပစ်မှတ်ထားနေဆဲဖြစ်ကြောင်း သိရှိရသည်။

ဗြိတိန်ထုတ် Daily Mail သတင်းစာ၏ဖော်ပြချက်အရ မော်ရင်ဟိုသည် ရွှန်နီအား မြင့်မားသည့်လစာငွေတစ်ရပ်ဖြင့် မက်လုံးပေးစည်းရုံးရန် စီစဉ်နေကြောင်း သိရှိရသည်။ Daily Mail ၏ ဖော်ပြချက်အရ လစာငွေ တစ်ပတ်ပေါင်(၂၄၀၀၀၀)ဖြင့် (၅)နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူသွားရန် မော်ရင်ဟိုက စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းသည် ရွှန်နီအား ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးပေါင်သန်း(၃၀)ခန့်ကုန်ကျဖွယ်ရှိပြီး ရွှန်နီအား (၅)နှစ်စာလစာငွေအတွက် ပေါင်သန်း(၆၀)ကျော် ပေးချေရဖွယ်ရှိကြောင်းလည်း သိရှိရသည်။ မော်ရင်ဟိုသည် ရွှန်နီကို ခေါ်ယူရန် ဆန္ဒပြင်းပြနေဆဲဖြစ်ပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူနိုင်မည်ဟု ယုံကြည်နေဆဲဖြစ်ကြောင်းလည်း သိရှိရသည်။

**▌ မော်ရင်ဟိုသည် ရွှန်နီကို ခေါ်ယူရန် ဆန္ဒပြင်းပြနေဆဲဖြစ်ပြီး ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းခေါ်ယူနိုင်မည်ဟုယုံကြည်နေဆဲဖြစ်◦◦◦**

မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်စ်သည် ပြီးခဲ့သည့်အင်္ဂါနေ့က မန်ယူကစားသမားများနှင့်အတူ ပထမဆုံး လေ့ကျင့်ခန်းအစီအစဉ်စတင်ခဲ့ပြီး ရွှန်နီကို လေ့ကျင့်ခန်းတွင် ပြုံးရွှင်စွာတွေ့ရှိခဲ့ကြောင်း သိရှိရသည်။

### မိမိအား ဂရုစိုက်မှုကို ရွှန်နီ ခံယူလိုဟု မိုက်ကယ်အိုဝင်သုံးသပ်

မန်ယူအသင်း၏ တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ မိုက်ကယ်အိုဝင်က ရွှန်နီသည်သူ့အပေါ် အခြားသူများ၏ဂရုစိုက်မှုကိုခံယူလိုသူဖြစ်သည်ဟု သုံးသပ်ပြောကြားခဲ့သည်။ မန်ယူအသင်းသို့ အာဆင်နယ်မှ ဗန်ပါစီရောက်ရှိလာပြီး အသင်း၏ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်လာချိန်တွင် ရွှန်နီသည် ဖိအားများခံစားရသည်ဟုထင်မြင်ကြောင်း၊ ၎င်းအနေဖြင့် အသင်းတွင် အဓိကကစားသမားအမြဲတစ်ဦးဖြစ်လိုပြီး၊ အသင်းအတွက်ဂိုးအများဆုံးသွင်းသူဖြစ်လိုကြောင်း အိုဝင်ကပြောကြားခဲ့သည်။

**မန်ယူအသင်းအတွက် ရာသီအလိုက် ဂိုးအများဆုံးသွင်းသူနှင့် ရွှန်နီ၏သွင်းဂိုးနှိုင်းယှဉ်ချက်**

| ရာသီ | ဂိုးအများဆုံးသွင်းသူ | သွင်းဂိုး | ရွှန်နီ၏သွင်းဂိုး |
|---|---|---|---|
| ၂၀၀၄-၀၅ | ရွှန်နီ | ၁၇ | ၁၇ |
| ၂၀၀၅-၀၆ | နစ္စတယ်ရွိုင်း | ၂၄ | ၁၉ |
| ၂၀၀၆-၀၇ | ရွှန်နီ/စီရော်နယ်လ်ဒို | ၂၃ | ၂၃ |
| ၂၀၀၇-၀၈ | စီရော်နယ်လ်ဒို | ၄၂ | ၁၈ |
| ၂၀၀၈-၀၉ | စီရော်နယ်လ်ဒို | ၂၆ | ၂၀ |
| ၂၀၀၉-၁၀ | ရွှန်နီ | ၃၄ | ၃၄ |
| ၂၀၁၀-၁၁ | ဘာဘာတော့ဗ် | ၂၁ | ၁၆ |
| ၂၀၁၁-၁၂ | ရွှန်နီ | ၃၄ | ၃၄ |
| ၂၀၁၂-၁၃ | ဗန်ပါစီ | ၃၀ | ၁၆ |

## Brief

❒ အက်စတွန်ဗီလာအသင်းသည် နရင်ဘတ်အသင်းမှ ဂျပန်လက်ရွေးစင်ကွင်းလယ်လူ ဟီရိုရှိကီယိုတာကီအားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။ အက်စတွန်ဗီလာအသင်း နည်းပြပေါလ်လမ်းဘတ်သည် အရည်အချင်းရှိသည့် လူငယ်ကွင်းလယ် တိုက်စစ်မှူးတစ်ဦးကိုခေါ်ယူရန်ဆန္ဒရှိနေပြီး ကီယိုတာ၏ခြေစွမ်းအားစောင့်ကြည့်နေကြောင်းသိရသည်။ နရင်ဘတ်အသင်းကမူ ကီယိုတာကီအတွက် ပေါင်(၇)သန်းခန့်ရရှိပါက ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

❒ ဩစတြေးလျ ထိပ်သီးကလပ် အဒီလိုင်ဒ်အသင်းသည် ဘာစီလိုနာလူငယ်ကစားသမားဟောင်းများဖြစ်ကြသည့် အစ်ဆာအီဆန်းချက်ဇ်နှင့် ဆာဂျီယိုဆီရီယိုတို့ကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။ ၎င်းတို့(၂)ဦးသည် ဘာစီလိုနာလူငယ်အသင်းတွင် နှစ်ပေါင်းအတော်ကြာကစားခဲ့ဖူးသော်လည်း အသင်းကြီးတွင်မူ တစ်ကြိမ်မှကစားခွင့်မရခဲ့ကြောင်း သိရသည်။

❒ ဆန်းဒါးလန်းအသင်းသည် ၎င်းတို့အသင်းမှ တောင်ကိုရီးယားလူငယ်တိုက်စစ်မှူးကျီဒေါင်ဝန်အတွက် ပြောင်းရွှေ့ကြေး ပိုမိုတိုးမြှင့်ကမ်းလှမ်းရန် ဒေါ့မွန်အသင်းအားတောင်းဆိုလိုက်ကြောင်းသိရသည်။ ဒေါ့မွန်အသင်းသည် လာမည့်ရာသီကုန်တွင် ဘေယန်မြူးနစ်သို့ ပြောင်းရွှေ့တော့မည့် တိုက်စစ်မှူးလီဝန်ဒေါ့စကီးနေရာတွင်အစားထိုးရန် ကျီဒေါင်ဝန်အားကြိုးပမ်းနေခြင်းဖြစ်ပြီး ပေါင်(၂)သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဆန်းဒါးလန်းအသင်းက ယင်းပမာဏထက် ပိုပေးရန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ကျီဒေါင်ဝန်သည် ပြီးခဲ့သည့်ရာသီကအော့စ်ဘတ်အသင်းထံ အငှားဖြင့်သွားရောက်ကစားခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း သိရသည်။

# အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့် ဘလတ္တာတွေ့ဆုံ

## ပါလက်စတိုင်းအားကစားသမားများနှင့်တာဝန်ရှိသူများကို အစ္စရေးနိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်ထားမှုအားဖြေလျှော့ရန် ဘလတ္တာအကြံပြုတိုက်တွန်း

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌဖြစ်သူဘလတ္တာသည် ပြီးခဲ့သည့်အင်္ဂါနေ့က အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့်တွေ့ဆုံခဲ့ပြီး ပါလက်စတိုင်းအားကစားသမားများအပေါ်ထားရှိသည့် အစ္စရေးနိုင်ငံ၏သဘောထားအား ပြောင်းလဲပေးသွားရန် တောင်းဆိုခဲ့ကြောင်း AFP သတင်းဌာနကဖော်ပြခဲ့သည်။

ဘလတ္တာသည် ပါလက်စတိုင်း၊ အစ္စရေး၊ ဂျော်ဒန်စသည့်နိုင်ငံများသို့ (၄)ရက်ကြာခရီးစဉ်သွားရောက်ခဲ့ပြီး အစ္စရေးနိုင်ငံသို့ရောက်ရှိစဉ် ဝန်ကြီးချုပ်နေတန်ယာဟုနှင့် တွေ့ဆုံကာ ယင်းကဲ့သို့တိုက်တွန်းပြောကြားခဲ့ခြင်းလည်းဖြစ်သည်။ အစ္စရေးနှင့်ပါလက်စတိုင်းသည် သမိုင်းကြောင်းအစဉ်အလာအရဖြစ်ပွားခဲ့သည့် နိုင်ငံရေးပဋိပက္ခများကြောင့် ဆက်ဆံရေးတင်းမာနေသည့်နိုင်ငံများဖြစ်ပြီး အစ္စရေးနိုင်ငံ၏ ပိတ်ပင်ထားမှုကြောင့်ပါလက်စတိုင်းလက်ရွေးစင်ဘောလုံးအသင်း အပါအဝင် အားကစားအဖွဲ့ဝင်များမှာ West Bankနှင့် ဂါဇာဒေသတို့ အကြားသွားလာခွင့်မရှိသလို၊ အခြားပြည်ပမှအားကစားသမားများနှင့် တာဝန်ရှိသူများမှာလည်း ယင်းပြဿနာနှင့်ရင်ဆိုင်နေရသည်။ သို့ဖြစ်ရာ ဘလတ္တာသည် ယင်း(၂)နိုင်ငံအကြား အားကစားကဏ္ဍတွင်အဆင်ပြေမှုရှိစေရန်အတွက် ကြားဝင်စေ့စပ်ပေးရန်ကြိုးပမ်းလျက်ရှိနေခြင်းဖြစ်ပြီး အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုကလည်း ယင်းကိစ္စကိုကူညီပေးသွားရန်သဘောတူညီခဲ့ကြောင်းသိရသည်။

ဘလတ္တာက "ဒီပြဿနာနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုကူညီမှုတွေပေးဖို့ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုကိုတောင်းဆိုခဲ့တော့ သူကကူညီပေးမယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ မျှတပြီး မှန်ကန်မှုရှိရမယ်လို့တော့ပြောခဲ့ပါတယ်။ ဒါ့အပြင် ဘောလုံးအားကစားနည်းဟာ နိုင်ငံရေးအတွက် အသုံးချရမယ့် အရာတစ်ခုမဖြစ်ဖို့အတွက် နေတန်ယာဟုက သူ့ကိုလည်း အကူညီတွေပြန်ပေးဖို့ တောင်းဆိုခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဘလတ္တာသည် ယင်းပြဿနာကိုဖြေရှင်းရန်အတွက် အဖွဲ့အစည်းတစ်ခုဖွဲ့ရန် ဆန္ဒရှိနေပြီး လာမည့်အောက်တိုဘာလအတွင်းကျင်းပမည့် ဖီဖာအမှုဆောင်ကော်မတီအစည်းအဝေးပွဲမတိုင်မီ အစ္စရေးဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအဗီလူဇွန်နှင့် ပါလက်စတိုင်းဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျီဘရီယယ်ရာဂျော့ဘ်တို့ကိုလည်း တွေ့ဆုံဆွေးနွေးသွားစေရန် အကြံပြုခဲ့သလို၊ ဖီဖာအနေဖြင့် နိုင်ငံရေးနှင့်ပတ်သက်သော ကိစ္စရပ်များတွင်မူ ပါဝင်ဆောင်ရွက်သွားရန် မဖြစ်နိုင်ကြောင်း သတိပေးစကားပြောကြားခဲ့သည်။



Photo: AFP

## ဟွန်ဒါကို ဇန်နဝါရီတွင်ခေါ်ယူနိုင်မည်ဟု အေစီမီလန်မျှော်လင့်

အေစီမီလန်အသင်းသည် CSKA မော်စကိုအသင်းမှ ဂျပန်လက်ရွေးစင်ကွင်းလယ်လူ ကိုင်ဆုကဲဟွန်ဒါကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူနိုင်ရန် မျှော်လင့်လျက်ရှိနေကြောင်းသိရသည်။ ဟွန်ဒါသည် CSKA မော်စကိုအသင်းနှင့်စာချုပ်သက်တမ်းမှာ(၆)လသာကျန်ရှိတော့ပြီး အေစီမီလန်အသင်းဒုဥက္ကဋ္ဌဂယ်လီယာနီမှာ ဟွန်ဒါအားစာချုပ်သက်တမ်းပြည့်သည့်အချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။ ဟွန်ဒါကို အဲဗာတန်အသင်းကလည်းခေါ်ယူလိုနေပြီး CSKA မော်စကိုကမူ သင့်လျော်သည့်ပြောင်းရွှေ့ကြေးရမှသာ ဟွန်ဒါအားရောင်းချသွားမည်ဟုသိရသည်။

## ရော်နယ်လ်ဒင်ဟိုကိုခေါ်ယူမည့်ကိစ္စအား အယ်လ်ရှာဘတ်လက်လျှော့

ယူအေအီးထိပ်သီးကလပ် အယ်လ်ရှာဘတ်အသင်းသည် အက်သလက်တီကိုမင်နဲရိုးအသင်းမှ ဘရာဇီးလ်နာမည်ကျော်ဝါရင့်တိုက်စစ်မှူးရော်နယ်လ်ဒင်ဟိုအား ခေါ်ယူမည့်အစီအစဉ်ကိုလက်လျှော့လိုက်ပြီဟုသိရသည်။ အယ်လ်ရှာဘတ်အသင်းဒုဥက္ကဋ္ဌဘူဟာမိတ်က "ရော်နယ်လ်ဒင်ဟိုကိုခေါ်ယူလိုပေမယ့် သူ့ခြေစွမ်းနဲ့သတ်မှတ်ထားတဲ့ဈေးနှုန်းကမတန်တဆဖြစ်နေပါတယ်။ ဒုတိယအချက်ကတော့ ရော်နယ်လ်ဒင်ဟိုရဲ့ကွင်းပြင်အကျင့်စရိုက်တွေကြောင့်ပါပဲ။ ဘာစီလိုနာမှာတုန်းကတောင် သူ့ကိုမထိန်းချုပ်နိုင်ခဲ့ရင် ဒုဘိုင်းမှာလည်း ထိန်းချုပ်နိုင်ဖို့မလွယ်ပါဘူး"ဟုပြောကြားခဲ့သည်။

## လာမည့်ဘာနေဗျူးဖလားပွဲတွင် ရီးယဲလ်အသင်း၌ ဂန္ထဝင်တိုက်စစ်မှူးဟောင်း ရာအူးလ်ပါဝင်ကစားမည်

ကာတာကလပ်အယ်လ်ဆတ်ဒ်အသင်းမှ ရီးယဲလ်ဂန္ထဝင်တိုက်စစ်မှူးဟောင်းရာအူးလ်သည် လာမည့်ဘာနေဗျူးဖလားပွဲတွင် ရီးယဲလ်အသင်းအတွက်ပါဝင်ကစားမည်ဖြစ်ကြောင်းသိရသည်။ ရီးယဲလ်အသင်းသည် ၎င်းတို့၏ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဟောင်းဆန်တီယာဂိုဘာနေဗျူးကို ဂုဏ်ပြုသည့်အနေဖြင့် ဘာနေဗျူးဖလားပွဲကို ၁၉၇၉ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပလျက်ရှိသည်။

ယခုနှစ်ပွဲကိုလာမည့် ဩဂုတ်လ(၂၂)ရက်နေ့တွင်ကစားရန်စီစဉ်ထားပြီး ယင်းပွဲ၌ပါဝင်ကစားရန် အယ်လ်ဆတ်ဒ်အသင်းကို ဖိတ်ကြားထားခြင်းဖြစ်သည်။ အဆိုပါပွဲတွင် ရာအူးလ်မှာပထမပိုင်း၌ရီးယဲလ်အသင်းတွင် ပါဝင်ကစားမည်ဖြစ်ပြီး၊ ဒုတိယပိုင်း၌အယ်လ်ဆတ်ဒ်အသင်းအတွက် ကစားမည်ဖြစ်ကြောင်းသိရသည်။ အသက်(၃၆)နှစ်အရွယ်ရှိပြီဖြစ်သူ စပိန်တိုက်စစ်မှူးရာအူးလ်သည် ရီးယဲလ်အသင်းတွင် ၁၉၉၄မှ ၂၀၁၀အထိ(၁၆)နှစ်နီးပါးကစားခဲ့သူဖြစ်ပြီး ချန်ပီယံလိဂ်၊ လာလီဂါအပါအဝင်ဆုဖလားပေါင်း(၁၆)လုံး ရယူပေးခဲ့သူဖြစ်သည်။



Photo: AFP

## ပြီးခဲ့သည့် (၂၉)နှစ်အတွင်း ဘာနေဗျူးဖလားပွဲရလဒ်များ

| ခုနှစ် | ရလဒ် | ခုနှစ် | ရလဒ် | ခုနှစ် | ရလဒ် | ခုနှစ် | ရလဒ် | ခုနှစ် | ရလဒ် |
|---|---|---|---|---|---|---|---|---|---|
| ၂၀၁၂ | ရီးယဲလ် ၈-၀ မီလွန်နာရီယိုစ် | ၂၀၀၆ | ရီးယဲလ် ၂-၁ အန်ဒါလက်ချ် | ၂၀၀၀ | ရီးယဲလ် ၂-၀ ဆန်းတိုစ် | ၁၉၉၄ | ရီးယဲလ် ၃-၂ ပါးရာမီးရပ်စ် | ၁၉၈၈ | အေစီမီလန် ၃-၀ ရီးယဲလ် |
| ၂၀၁၁ | ရီးယဲလ် ၂-၁ ဂါလာတာစာရေး | ၂၀၀၅ | ရီးယဲလ် ၅-၀ MLS All Star | ၁၉၉၉ | ရီးယဲလ် ၄-၂ အေစီမီလန် | ၁၉၉၃ | အင်တာမီလန် ၂-၂ ရီးယဲလ် | ၁၉၈၇ | ရီးယဲလ် ၆-၁ PSV |
| ၂၀၁၀ | ရီးယဲလ် ၂-၀ ပင်နာရိုးလ် | ၂၀၀၄ | ယူနီဗာစီဒက် ၁-၀ ရီးယဲလ် | ၁၉၉၈ | ရီးယဲလ် ၄-၀ ပင်နာရိုးလ် | ၁၉၉၂ | အေဂျက်စ် ၃-၁ ရီးယဲလ် | ၁၉၈၆ | နိုင်နမိုကိဗ် ၃-၂ ရီးယဲလ် |
| ၂၀၀၉ | ရီးယဲလ် ၄-၀ ရိုစင်ဘော့ | ၂၀၀၃ | ရီးယဲလ် ၃-၁ ရေးဗားပလိတ် | ၁၉၉၇ | ရီးယဲလ် ၁-၀ ပေါ်တူဂီဆာ | ၁၉၉၁ | ရီးယဲလ် ၆-၁ ကိုလိုကိုလို | ၁၉၈၅ | ရီးယဲလ် ၄-၂ ဘေယန်မြူးနစ် |
| ၂၀၀၈ | ရီးယဲလ် ၅-၃ စပို့တင်းလစ္စဘွန်း | ၂၀၀၂ | ဘေယန် ၂-၁ ရီးယဲလ် | ၁၉၉၆ | ရီးယဲလ် ၄-၀ ဘင်ဖီကာ | ၁၉၉၀ | အေစီမီလန် ၃-၁ ရီးယဲလ် | ၁၉၈၄ | ရီးယဲလ် ၄-၁ ကိုလုံး |
| ၂၀၀၇ | ရီးယဲလ် ၂-၀ ပါတီဇန် | ၂၀၀၁ | အင်တာမီလန် ၂-၁ ရီးယဲလ် | ၁၉၉၅ | ရီးယဲလ် ၁-၀ အေဂျက်စ် | ၁၉၈၉ | ရီးယဲလ် ၂-၀ လီဗာပူးလ် | ၁၉၈၃ | ရီးယဲလ် ၃-၂ ဟမ်းဘတ် |

# ဂျိုဗီတစ်ကို ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးယူရိုသန်း(၃၀) ပေးချေရမည်ဟု ဖီအိုရင်တီးနားအသင်းပူးတွဲပိုင်ရှင် သတိပေး

ဖီအိုရင်တီးနားအသင်း၏ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်သူ အန်ဒရီယာဒယ်လာဗယ်လီက အသင်းမှ တိုက်စစ်မှူးဂျိုဗီတစ်ကို ခေါ်ယူလိုသည့်အသင်းများအနေဖြင့် ပြောင်းရွှေ့ကြေးယူရိုသန်း(၃၀) ပေးချေရမည်ဖြစ်ကြောင်း Sport Mediaset သတင်းဌာနနှင့်တွေ့ဆုံမှုတွင် သတိပေးပြောကြားလိုက်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ မွန်တီနီဂရိုးလက်ရွေးစင်တိုက်စစ်မှူးဂျိုဗီတစ်သည် ဖီအိုရင်တီးနားအသင်းအတွက် (၁၁၆)ပွဲကစားကာ (၃၅)ဂိုးသွင်းယူပေးထားပြီး ၎င်းကိုခေါ်ယူရန် ရီးယဲလ်ချယ်လ်ဆီး၊ မန်စီးတီးစသည့်အသင်းကြီးများမှ စိတ်ဝင်စားနေကြသည်။ ဂျူဗင်တပ်စ်အသင်းကမူ အစောပိုင်းကဂျိုဗီတစ်ကိုခေါ်ယူရန် ကြိုးစားခဲ့သော်လည်း တီဗက်ဇ်နှင့် လော်ရန်တေးတို့ကိုခေါ်ယူပြီးနောက် ဖီအိုရင်တီးနားအသင်းတောင်းဆိုထားသည့်ပြောင်းရွှေ့ကြေးကိုပေးချေရန် ဆန္ဒမရှိတော့ကြောင်း သိရှိရသည်။

ဖီအိုရင်တီးနားအသင်း၏ ပူးတွဲပိုင်ရှင် အန်ဒီရီယာဒယ်လာဗယ်လီက "ဂျိုဗီတစ်ကိုခေါ်ယူလိုတဲ့ အသင်းတွေအနေနဲ့ ပြောင်းရွှေ့ကြေးအဖြစ် ယူရိုသန်း(၃၀)ပေးချေရမှာပါ။ ကျွန်တော်တို့အနေနဲ့ ပြောင်းရွှေ့ကြေးကို ငွေသားချည်းသာ ရယူချင်ပြီး ကစားသမားအလိုက်ပေး ကမ်းလှမ်းမှုမျိုးကို လက်ခံစဉ်းစားသွားမှာမဟုတ် ပါဘူး။ ယူရိုသန်း(၃၀)ထက် လျော့နည်းတဲ့ ကမ်းလှမ်းမှုမျိုးတွေကို အချိန်ပေးသွားမှာ မဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။




## ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ရခြင်းကို ဘေယန်တိုက်စစ်မှူးဟောင်းဂိုးမက်ဇ် ရှင်းလင်း

ဘေယန်မြူးနစ်အသင်းမှ ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ကြေးယူရို(၁၆)သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိသွားပြီဖြစ်သည့် ဂျာမနီလက်ရွေးစင်တိုက်စစ်မှူးဂိုးမက်ဇ်က အခြားကမ်းလှမ်းမှုများကို ငြင်းဆန်ပြီး ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ရခြင်းကို ဘေယန်အသင်းရုပ်သံလိုင်းနှင့် တွေ့ဆုံရာတွင် ရှင်းလင်းပြောကြားခဲ့သည်။ ဘေယန်အသင်းတွင် (၁၇၂) ပွဲ ကစားပြီး (၁၁၂) ဂိုး သွင်းယူပေးနိုင်ခဲ့သူ ဂိုးမက်ဇ်က ဘေယန်လို အသင်းကြီးတစ်သင်းကို စွန့်ခွာခဲ့ခြင်းမှာ ပွဲထွက်ခွင့်ပိုမိုရယူလို၍ဖြစ်ပြီး ဖီအိုရင်တီးနားအသင်း၏ ကစားပုံကို မိမိသဘောကျခြင်းကြောင့်ဟု ဆိုခဲ့သည်။

## ရီးယဲလ်အသင်း၏စိတ်ဝင်စားမှုကို ဂုဏ်ယူမိသော်လည်း ဂျူဗင်တပ်စ်နှင့်အောင်မြင်မှုများရယူဦးမည်ဟု ဗီဒယ်လ်ဆို

ပြီးခဲ့သည့်ရာသီက ဂျူဗင်တပ်စ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူ ကွင်းလယ်ကစားသမားဗီဒယ်လ်က ရီးယဲလ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားခံရ၍ ဂုဏ်ယူမိသော်လည်း ဂျူဗင်တပ်စ်အသင်းနှင့်အတူ အောင်မြင်မှုများရယူရန် ဆန္ဒရှိကြောင်း Marca သတင်းစာသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ဗီဒယ်လ်က " ရီးယဲလ်လို အသင်းရဲ့စိတ်ဝင်စားမှုခံရတာကို ကျွန်တော်ဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ အသင်းပြောင်းရွှေ့ဖို့ထက် ဂျူဗင်တပ်စ်အသင်းနဲ့အတူ စကူဒက်တို၊ ကိုပါအီတာလီယာနဲ့ ချန်ပီယံလိဂ်ဆုဖလားတွေ ရယူဖို့ ပိုဆန္ဒရှိပါတယ်" ဟု ပြောကြားခဲ့သည်။

## BRIEF

❒ အူဒီးနီးစ်အသင်း၏ဝါရင့်တိုက်စစ်မှူးဒီနာတာလီသည် အသင်းတွင် ၂၀၁၅ ခုနှစ်အထိ ဆက်ရှိနေမည့် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရှိရသည်။

❒ အင်တာမီလန်အသင်း ၏ နောက်ခံလူနာဂါတိုမိုက ဂျပန်လက်ရွေးစင်အသင်းဖော်ဟွန်ဒါနှင့် မီလန်ဒါဘီတွင် ပြိုင်ဘက်အဖြစ် တွေ့ဆုံရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

❒ ရိုးမားနည်းပြသစ်ရူဒီဂါစီယာသည်လိုင်လီအသင်းတွင် လက်တွဲဖူးသည့် အာဆင်နယ်တိုက်စစ်မှူးဂျာဗင်ဟိုအား ယူရို(၁၀)သန်းဖြင့် ကမ်းလှမ်းရန် စီစဉ်နေသည်။

❒ ရိုးမားအသင်းနှင့်စာချုပ်သစ်ချုပ်ဆိုခဲ့သည့် ဂိုးသမားလိုဘွန့်က ရာသီသစ်တွင် အောင်မြင်မှုရယူရန် ရိုးမားတစ်သင်းလုံး ဆာလောင်နေကြောင်း ပြောကြားခဲ့သည်။

❒ နာပိုလီနည်းပြ ဘင်နီတက်ဇ်သည် ဘာရာဇီးလ်တိုက်စစ်မှူးဒါမီယာအိုနှင့် ဂိုးသမားဆီဆာတို့အား ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရှိရသည်။

❒ ဘေယန်မြူးနစ်အသင်း၏ဂန္ထဝင်ကစားသမားဘက်ကင်ဘောင်ဝါက ဖီအိုရင်တီးနားအသင်းသို့ ဂိုးမက်ဇ်ပြောင်းရွှေ့ခြင်းအား မှန်ကန်သည့်ဆုံးဖြတ်ချက်ဟု ထောက်ခံခဲ့သည်။

❒ PSG အသင်းနည်းပြလောရင့်ဘလန့်က ၎င်းသည် လာဇီယိုကွင်းလယ်လူဟာနာနက်စ်ကို အားပေးသည့် ပရိသတ်တစ်ဦးဖြစ်ကြောင်း ဝန်ခံခဲ့သည်။

❒ အင်တာမီလန်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိသော နောက်ခံလူဆီဗက်စထရီသည် ပါးမားအသင်းသို့ ပြောင်းရွှေ့တော့မည်ဟု သတင်းများထွက်ပေါ်နေသည်။

❒ လာဇီယိုအသင်းသည် ဆန်းတို့စ်အသင်းမှ ဘရာဇီးလ်လူငယ်ကွင်းလယ်လူအန်ဒါဆန်အား (၅)နှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူလိုက်ကြောင်း သိရှိရသည်။

# ထောင်ဒဏ်စီရင်ချက်ချမှတ်ခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အေစီမီလန်အသင်းပိုင်ရှင်ဘာလူစကိုနီ ကစားသမားများနှင့်တွေ့ဆုံ

## အေစီမီလန်အသင်းကို ရောင်းချရန် အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြား

လိင်အမှုအခင်းနှင့် အာဏာအလွဲသုံးစားပြုလုပ်မှုများကြောင့် ထောင်ဒဏ်(၇)နှစ်နှင့် လူထုနှင့်ဆက်ဆံရမည့်နိုင်ငံရေးကိစ္စများတွင် ရာသက်ပန်ပိတ်ပင်ခံရသည့် အေစီမီလန်အသင်းပိုင်ရှင်ဆယ်လ်ဗီယိုဘာလူစကိုနီသည် ပြစ်ဒဏ်များ ချမှတ်ခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သည့် ဇူလိုင်လ (၈)ရက်နေ့က အေစီမီလန်အသင်း၏လေ့ကျင့်ရေးကွင်းမီလန်နယ်လိုသို့ ရဟတ်ယာဉ်ဖြင့် လာရောက်ကာ ကစားသမားများနှင့်တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

အီတလီဝန်ကြီးချုပ်ဟောင်းဖြစ်သူ ဘာလူစကိုနီသည် မီလန်နယ်လိုလေ့ကျင့်ရေးကွင်းတွင် ရာသီကြိုလေ့ကျင့်မှုများပြုလုပ်နေသည့် အေစီမီလန်ကစားသမားများနှင့် တွေ့ဆုံခဲ့ပြီးနောက် ပြန်လည်မထွက်ခွာမီ AC Milan TV နှင့် အင်တာဗျူးအစီအစဉ်တစ်ခုပြုလုပ်၍ အသင်း၏ အနာဂတ်အစီအစဉ်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ဘာလူစကိုနီက "လက်ရှိအချိန်မှာ ဘောလုံးလောကမှာ အောင်မြင်မှုရယူနိုင်ဖို့အတွက် ငွေကြေးအများအပြားအသုံးပြုဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် UEFA ကချမှတ်ထားတဲ့ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ ကိုက်ညီပြီး အသင်းရဲ့ ဝင်ငွေ၊ ထွက်ငွေညီမျှစေဖို့လည်း လိုအပ်တာကြောင့် ကလပ်အသင်းတွေဟာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေကို ရှာဖွေရပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့လည်း အသင်းကိုရေရှည်ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းရှင်တစ်ဦး (သို့) နှစ်ဦးနဲ့လက်တွဲသွားဖို့ ရှိပါတယ်။ ဒါပေမဲ့ အေစီမီလန်အသင်းဟာ ကျွန်တော့်ရဲ့နှလုံးသားထဲမှာ နက်နက်ရှိုင်းရှိုင်းရှိနေတဲ့အသင်း ဖြစ်သလို၊ မိသားစုတစ်ခုလိုလည်း ဖြစ်နေတာကြောင့် အသင်းပိုင်ဆိုင်မှုအားလုံးကိုတော့ ဘယ်တော့မှ ရောင်းချသွားမှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

ထို့အပြင် ကစားသမားအပြောင်းအရွှေ့များနှင့်ပတ်သက်ပြီးလည်း ဘာလူစကိုနီက "မကြာခင်အချိန်တွင်းမှာ ကစားသမားသစ်တွေ ခေါ်ယူသွားမှာပါ။ ဒါပေမဲ့ လက်ရှိကစားသမားအင်အားကလည်း စီးရီးအေချန်ပီယံဆုကို ရယူနိုင်ဖို့အတွက် ပြည့်စုံလုံလောက်မှုရှိတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

### ဘာလူစကိုနီလက်ထက် အေစီမီလန်အသင်းရရှိခဲ့သည့်အောင်မြင်မှုများ

**စီးရီးအေချန်ပီယံ(၈)ကြိမ်** - ၁၉၈၇-၈၈၊ ၁၉၉၁-၉၂၊ ၁၉၉၂-၉၃၊ ၁၉၉၃-၉၄၊ ၁၉၉၅-၉၆၊ ၁၉၉၈-၉၉၊ ၂၀၀၃-၂၀၀၄၊ ၂၀၁၀-၁၁။

**ကိုပါအီတာလီယာချန်ပီယံ(၁)ကြိမ်** - ၂၀၀၂-၀၃။

**ချန်ပီယံလိဂ်ချန်ပီယံ(၅)ကြိမ်** - ၁၉၈၈-၈၉၊ ၁၉၈၉-၁၉၉၀၊ ၁၉၉၃-၉၄၊ ၂၀၀၂-၀၃၊ ၂၀၀၆-၀၇။

**ဥရောပစူပါဖလားချန်ပီယံ(၅)ကြိမ်** - ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၄၊ ၂၀၀၃၊ ၂၀၀၇။

**အင်တာကွန်တီနင်တယ်ဖလားချန်ပီယံ(၂)ကြိမ်** - ၁၉၈၉၊ ၁၉၉၀။

**ဖီဖာကလပ်ကမ္ဘာ့ဖလားချန်ပီယံ(၁)ကြိမ်** - ၂၀၀၇




အေစီမီလန်အသင်းကစားသမားများနှင့်တွေ့ဆုံပြီး အေစီမီလန်အသင်းပိုင်ရှင်ဘာလူစကိုနီ ပြန်လည်ထွက်ခွာလာစဉ်

## နာပိုလီသို့ယူရို(၁၀)သန်းဖြင့် ကယ်လီယွန် ပြောင်းရွှေ့

ရီးယဲယ်အသင်း၏လူငယ် တိုက်စစ်မှူးကယ်လီယွန်သည် နာပိုလီအသင်းသို့ ပြောင်းရွှေ့ကြေးယူရို(၁၀)သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။ ရီးယဲယ်လူငယ်အကယ်ဒမီထွက် ကယ်လီယွန်သည် ပြီးခဲ့သည့် (၂)ရာသီခန့်က အက်စ်ပန်ညိုအသင်းမှ ရီးယဲယ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ၎င်းသည် ရီးယဲယ်အသင်းအတွက် (၇၇)ပွဲ ပါဝင်ကစားကာ ဂိုး(၂၀)သွင်းယူပေးထားနိုင်သည်။ ကယ်လီယွန်သည် နာပိုလီအသင်းနှင့်(၅)နှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

## နီဂရီဒိုကိုတရားဝင်ကမ်းလှမ်းခြင်းမရှိဟု ဆီဗီလာရှင်းလင်း

ဆီဗီလာအသင်း၏ဥက္ကဋ္ဌဖြစ်သူ ဂျိုစ်မာရီယာဒယ်လ်နီဒိုက အသင်း မှ တိုက်စစ်မှူးနီဂရီဒိုကို မန်စီးတီးအသင်းအပါအဝင် မည်သည့်အသင်းကမျှ တရားဝင်ကမ်းလှမ်းထားခြင်း မရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ တိုက်စစ်မှူးနီဂရီဒိုကို ခေါ်ယူရန်မန်စီးတီးအသင်းမှကမ်းလှမ်းထားကြောင်း သတင်းများ ထွက်ပေါ်နေခြင်းကြောင့် ဆီဗီလာအသင်းမှ ရှင်းလင်းခဲ့ခြင်းဖြစ်သည်။ ဥက္ကဋ္ဌ ဒယ်လ်နီဒိုက "နီဂရီဒိုအတွက် မန်စီးတီးအပါအဝင် ဘယ်အသင်းကမှ တရားဝင်ကမ်းလှမ်းထားခြင်း မရှိပါဘူး။ အသင်းနဲ့လည်း စာချုပ်(၃)နှစ်ကျန်ပါသေးတယ်"ဟု ဆိုခဲ့သည်။

## Brief

❒ ဘီလ်ဘာအိုအသင်း၏နည်းပြသစ်ဖြစ်သူအာနက်စတိုဗယ်လ်ဗာဒီက ရာသီသစ်တွင် အသင့်ဖြစ်ရန် (၆)ပတ်ခန့် ပြင်ဆင်ရန်လိုအပ်ကြောင်း သုံးသပ်ခဲ့သည်။

❒ ရီးယဲယ်နောက်ခံလူကွန်ထရာအိုသည် ယာဉ်မောင်းလိုင်စင်သက်တမ်းလွန်နေခြင်းကြောင့် ဒဏ်ကြေးငွေယူရို(၂၀၀၀) ပေးဆောင်ခဲ့ရကြောင်း သိရှိရသည်။

❒ မာယော့ကာအသင်း၏ မက္ကဆီကိုတိုက်စစ်မှူးဒေါ့ဆန်းတို့စ်သည် ဗီလာရီးယဲယ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့ပြီး (၄)နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရှိရသည်။

❒ လာမည့်ရာသီသစ်အဖွင့်ပွဲစဉ်တွင် ရီးယဲယ်အသင်းနှင့် ရင်ဆိုင်ရမည့် ဘက်တစ်အသင်းနည်းပြပီပီမဲလ်က အဝေးကွင်းတွင် နိုင်ပွဲရယူနိုင်မည်ဟု ယုံကြည်နေသည်။

## ဒေးဗစ်ဗီလာသည် အသင်းသမိုင်းတွင် အကောင်းဆုံးခေါ်ယူမှုဖြစ်သည်ဟု အက်သလက်တီကိုဥက္ကဋ္ဌ ဆီရီဇို ပြောကြား

အက်သလက်တီကိုမက်ဒရစ်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ အင်းနရစ်ဆီရီဇိုက ၎င်းတို့အသင်းခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဒေးဗစ်ဗီလာသည် အသင်းသမိုင်းတွင် အကောင်းဆုံးခေါ်ယူမှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အက်သလက်တီကိုအသင်းသည် ၎င်းတို့အသင်း၏ တိုက်စစ်မှူး ဖယ်လ်ကာအိုကို ပေါင် (၅၁)သန်းဖြင့် ရောင်းထုတ်ခဲ့ပြီး ဒေးဗစ်ဗီလာကို ပေါင် (၄.၄)သန်းမျှသာရှိသည့် ပမာဏဖြင့် ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆီရီဇိုက "ဗလင်စီယာမှာ ရှိခဲ့ကတည်းက သူ့ကို ကျွန်တော်ခေါ်ချင်ခဲ့တာပါ။ အဲဒီအချိန်ကသာ ခေါ်ခဲ့ရင် လက်ရှိတန်ဖိုးထက် (၁၀)ဆလောက်ပိုများနိုင်ပါတယ်။ အခုတော့ ကမ္ဘာ့အဆင့် တိုက်စစ်မှူးတစ်ဦးကို ကျွန်တော်တို့ဈေးသက်သက်သာသာ နဲ့ ရရှိခဲ့ပါပြီ။ အသင်းပရိသတ်တွေကလည်း ဗီလာရဲ့ အပြောင်းအရွှေ့အတွက် အရမ်းပျော်ရွှင်နေကြပါတယ်။ သူဟာ ကျွန်တော်တို့အသင်းသမိုင်းမှာ အကောင်းဆုံး ခေါ်ယူမှုဖြစ်လာပါလိမ့်မယ်။ တောရက်စ်၊ အဂူရို၊ ဖော်လန်နဲ့ ဖယ်လ်ကာအိုတို့လိုပဲ အသင်းအတွက် ခြေစွမ်းပြနိုင်မယ့် တိုက်စစ်မှူးတစ်ဦးပါ"ဟု ပြောကြားခဲ့သည်။


Photo:As.com

# ၂၀၁၃-၁၄ ရာသီအတွက် လာလီဂါပွဲစဉ်ဇယားထွက်ပေါ်လာ

## ချန်ပီယံ ဘာစီလိုနာနှင့် အဝိကာစိန်ခေါ်သူ ရီးယဲယ်တို့ အဖွင့်ပွဲစဉ်များကို အိမ်ကွင်းတွင် စတင်ကစားရမည်


Photo:AFP

လာလီဂါပြိုင်ပွဲ ကျင်းပရေးကော်မတီသည် ၂၀၁၃-၁၄ ရာသီ လာလီဂါပွဲစဉ်ဇယားကို ပြီးခဲ့သည့် အင်္ဂါနေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရှိရသည်။ ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲများတွင် ပရီးမီးယားလိဂ်နှင့် ဘွန်ဒက်စ်လိဂါပြိုင်ပွဲတို့၏ ပွဲစဉ်ဇယားများ ထွက်ပေါ်လာပြီးနောက် လာလီဂါပွဲစဉ်ဇယားမှာလည်း ထပ်မံထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် အိမ်ကွင်းပွဲစဉ်အဖြစ် လီဗန့်တေးအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ရီးယဲယ်မက်ဒရစ်အသင်းမှာလည်း အိမ်ကွင်းပွဲစဉ်အဖြစ် ရီးယဲယ်ဘက်တစ်အသင်းနှင့်ရာသီအဖွင့်ပွဲစဉ်များကို စတင်ကစားရမည်ဖြစ်သည်။ ၂၀၁၃--၁၄ ရာသီလာလီဂါပြိုင်ပွဲကို ဩဂုတ်လ (၁၇)ရက်နေ့တွင်စတင်သွားမည်ဖြစ်ပြီး ရီးယဲယ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ခုံတွေ့မည့် El Clàsico ပွဲစဉ်ကို အောက်တိုဘာလ (၂၇)ရက်နေ့တွင် စတင်မြင်တွေ့ခွင့်ရမည်ဖြစ်သည်။ ယင်းပွဲစဉ်ကို ဘာစီလိုနာအသင်း၏ အိမ်ကွင်း၌ စတင်ကစားရမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်ကိုမူ မတ်လ(၂၃)ရက်နေ့တွင်ဘာနေဗျူးကွင်း၌ကစားရမည်ဖြစ်ကြောင်းသိရှိရသည်။

ရာသီအဖွင့်ပွဲစဉ်များတွင် ပရိသတ်စိတ်ဝင်စားစရာ ပွဲစဉ်များအဖြစ် ဆီဗီလာ-အက်သလက်တီကိုမက်ဒရစ်၊ ဗလင်စီယာ-မာလာဂါပွဲစဉ်များကိုမြင်တွေ့ရမည်ဖြစ်သည်။ တန်းတက်နစ်သင်းဖြစ်သည့် အယ်လ်မီရီယာနှင့် ဗီလာရီးယဲယ်တို့မှာလည်း အဖွင့်ပွဲ၌ ထိပ်တိုက်ဆုံတွေ့နေကြောင်း သိရှိရသည်။ လာလီဂါပြိုင်ပွဲပြီးဆုံးမည့်ရက်မှာ ယမန်နှစ်များထက် ပိုမိုနောက်ကျပြီး ဇွန်လ (၁)ရက်နေ့မှ ပြီးဆုံးမည်ဖြစ်ကြောင်းသိရှိရသည်။

**၂၀၁၃-၁၄ ဘောလုံးရာသီ လာလီဂါအဖွင့်ပွဲစဉ်များ**

| | | | | | |
|---|---|---|---|---|---|
| ဆယ်လ်တာဗီဂို | - | အက်စ်ပန်ညို | ဆိုစီဒက် | - | ဂီတာဖေး |
| ရီးယဲယ်မက်ဒရစ် | - | ဘက်တစ် | ဗယ်လက်ကာနို | - | အယ်လ်ချီ |
| အိုဆာဆူနာ | - | ဂရန်နာဒါ | ဘာစီလိုနာ | - | လီဗန့်တေး |
| ဗယ်လာဒိုလစ် | - | ဘီလ်ဘာအို | ဆီဗီလာ | - | အက်သလက်တီကို |
| အယ်လ်မီရီယာ | - | ဗီလာရီးယဲယ် | ဗလင်စီယာ | - | မာလာဂါ |

**၂၀၁၃-၁၄ ဘောလုံးရာသီ လာလီဂါအပိတ်ပွဲစဉ်များ**

| | | | | | |
|---|---|---|---|---|---|
| မာလာဂါ | - | လီဗန့်တေး | အယ်လ်မီရီယာ | - | ဘီလ်ဘာအို |
| ဘာစီလိုနာ | - | အက်သလက်တီကို | ဗယ်လာဒိုလစ် | - | ဂရန်နာဒါ |
| ဆီဗီလာ | - | အယ်လ်ချီ | အိုဆာဆူနာ | - | ဘက်တစ် |
| ဗယ်လက်ကာနို | - | ဂီတာဖေး | ရီးယဲယ် | - | အက်စ်ပန်ညို |
| ဆိုစီဒက် | - | ဗီလာရီးယဲယ် | ဗလင်စီယာ | - | ဆယ်လ်တာဗီဂို |

စပိန်လိဂ်အဖွဲ့ချုပ် (LFP)က ပြိုင်ပွဲကျင်းပချိန်ကို တိုးချဲ့ခဲ့ခြင်းမှာဥရောပပြိုင်ပွဲ ဝင်မည့် လာလီဂါအသင်းများအတွက် အနားယူချိန်ပိုမိုရရှိရန်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။ ပြီးခဲ့သည့်ရာသီက ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်တွင် ချန်ပီယံ ဘာစီလိုနာအသင်းသည် ဘေယန်မြူးနစ်ကို နှစ်ကျော့ပေါင်း (၇-၀)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ရီးယဲယ်မက်ဒရစ်အသင်းမှာလည်း ဒေါ့မွန်အသင်းကို နှစ်ကျော့ပေါင်း (၄-၃)ဂိုးဖြင့်အရှုံးနိမ့်ခဲ့သဖြင့် လာလီဂါရာသီပိတ်ကာလများတွင် ပွဲစဉ်ကိုလိုသလိုအပြောင်းအလဲပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်းလည်းသိရှိရသည်။

လာလီဂါကလပ်အသင်းတစ်သင်းသင်း ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတက်ရောက်ပါက ပွဲစဉ် (၃၇)ကို မေလ (၂၆)ရက် တနင်္ဂနွေနေ့တွင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ပါက မေလ(၂၈)ရက်ဗုဒ္ဓဟူးနေ့မှကစားသွားမည်ဟုလည်း LFP က ကြေညာခဲ့သည်။

## ၂၀၁၃-၁၄ လာလီဂါအသင်းအချို့၏နည်းပြအပြောင်းအလဲများ

၂၀၁၃-၁၄ ဘောလုံးရာသီအတွက် လာလီဂါအသင်း(၂၀)အနက် (၉)သင်းမှာ ပြီးခဲ့သည့်ရာသီက လက်တွဲခဲ့သည့် နည်းပြများဖြင့် လမ်းခွဲခဲ့ပြီး နည်းပြသစ်များခန့်အပ်ခဲ့ကြသည်။ လက်တွဲဖြုတ်ခဲ့သည့် နည်းပြများထဲတွင် ရီးယဲယ်နည်းပြမော်ရင်ဟိုနှင့်မာလာဂါနည်းပြပယ်လီဂရီနီတို့မှာ အထင်ရှားဆုံးဖြစ်ကြသည်။ ကျန်အသင်းအများစုမှာမူ အခြားလာလီဂါအသင်းများမှ လမ်းခွဲလိုက်သည့် နည်းပြများကို ပြန်လည်ခန့်အပ်ထားခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။

| အသင်း | ထွက်ခွာသည့်နည်းပြ | အကြောင်းအရင်း | နည်းပြသစ် |
|---|---|---|---|
| ဗလင်စီယာ | အာနက်စတိုဗယ်လ်ဗာဒီ | စာချုပ်ကုန်ဆုံး | မီရိုဆလပ်ဗ်ဒူကစ် |
| ဆိုစီဒက် | မွန်တာနီယာ | စာချုပ်ကုန်ဆုံး | ဂျာဂီတအာရာဆာတီ |
| ဆယ်လ်တာဗီဂို | အဘဲလ်ရက်ဆီနို | စာချုပ်ဖျက်သိမ်း | လူးဝစ်အန်းနရစ် |
| လီဗန့်တေး | အစ်ဂ်နာစီရိုမာတီနက်ဇ် | စာချုပ်ကုန်ဆုံး | ဂျိုကွင်းကာပါရို့စ် |
| မာလာဂါ | ပယ်လီဂရီနီ | စာချုပ်ဖျက်သိမ်း | ဘန်ရှုစတား |

| အသင်း | ထွက်ခွာသည့်နည်းပြ | အကြောင်းအရင်း | နည်းပြသစ် |
|---|---|---|---|
| ဗယ်လာဒိုလစ် | မီရိုဆလပ်ဗ်ဒူကစ် | စာချုပ်ဖျက်သိမ်း | အစ်ဂ်နာဆီရိုမာတီနက်ဇ် |
| ဘီလ်ဘာအို | မာဆယ်လိုဘီယယ်ဆာ | စာချုပ်ကုန်ဆုံး | အာနက်စတိုဗယ်လ်ဗာဒီ |
| ရီးယဲယ်မက်ဒရစ် | မော်ရင်ဟို | စာချုပ်ဖျက်သိမ်း | အန်ဆယ်လော့တီ |
| အယ်မီရီယာ | ဂျာဗီဂါစီယာ | စာချုပ်ဖျက်သိမ်း | ဖရန်ဆစ္စကို |

Premier Eleven Sports Journal Vol:10 No.46 14, July, 2013

## ကွန်ဒေါ့ဘီယာ



ပြင်သစ်ကလပ်လန်းစ်အသင်းနဲ့ အတူ စီနီယာကစားသမားဘဝကိုစတင်ခဲ့တဲ့ကွန်ဒေါ့ဘီယာဟာ အသင်းမှာနှစ်ရာသီကြာကစားခဲ့ပြီး ပွဲပေါင်း(၃၄)ပွဲကစားပေးခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၂ ဇူလိုင်မှာ ဆီဗီလာအသင်းကိုရောက်ရှိလာခဲ့ပြီး အသင်းရဲ့အဓိက ကစားသမားတစ်ယောက်အဖြစ် ပွဲထွက်ကစားခွင့်ရခဲ့သူဖြစ်ပါတယ်။ အခုလက်ရှိနွေရာသီအပြောင်းအရွှေ့ကာလမှာလည်း သူ့ကိုခေါ်ယူလိုတဲ့အသင်းတွေအများအပြားရှိခဲ့ပြီး အဲဒီအသင်းတွေထဲမှာ ဥရောပထိပ်တန်းအသင်းကြီးတွေဖြစ်ကြတဲ့အာဆင်နယ်၊ ဂျူဗင်တပ်စ်၊ ချယ်လ်ဆီး၊ ရီးယဲလ်မက်ဒရစ်တို့လည်း ပါဝင်လာခဲ့ပါတယ်။ သူဟာ ပြင်သစ် ယူ-၁၆၊ ယူ-၁၇၊ ယူ-၁၈၊ ယူ-၁၉အသင်းတွေမှာလည်း ဆက်တိုက်ရွေးချယ်ခံခဲ့ရပြီး လက်ရှိ ဖီဖာယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပြင်သစ်အသင်းရဲ့ကွင်းလယ်မှာ အကောင်းဆုံးပုံစံပြသနိုင်ခဲ့သူဖြစ်ပါတယ်။ ကွန်ဒေါ့ဘီယာဟာ ကွင်းလယ်ခံစစ်သမားတစ်ယောက်ဖြစ်ပေမယ့် လိုအပ်ရင်လည်း ဗဟိုခံစစ်နေရာအပြင် နောက်တန်းဘယ်အစွန်နေရာတွေမှာပါကစားပေးနိုင်သူပါ။ သူဟာအရပ်အမောင်းမြင့်မားသူတစ်ဦးပီပီ အမြင့်ဘောများဖျက်ထုတ်ရာမှာ ကောင်းမွန်သူတစ်ယောက်ဖြစ်တဲ့အပြင် ပြိုင်ဘက်ကစားသမားဆီကဘောလုံးဖြတ်လုခြင်း(Tackling)၊ ဘောလုံးလမ်းကြောင်းပိတ်ဆို့ခြင်း(Interception)တွေမှာလည်း နည်းဗျူဟာမြောက်ကစားနိုင်တဲ့ အရည်အသွေးမြင့်(Defensive player)တစ်ယောက်ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ အနီးပေးဘောများကစားရာမှာကောင်းမွန်ပေမယ့် အဝေးဘော၊ ဖြတ်တင်ဘောများပေးပို့ရာမှာတော့ အားနည်းချက်ကလေးတွေရှိနေပါတယ်။ ဒါပေမဲ့ ကွန်ဒေါ့ဘီယာဟာ ပြိုင်ဘက်ရှေ့တန်းကစားသမားတွေအဖို့ အလွယ်တကူတိုက်စစ်ဆင်ဖို့မလွယ်တဲ့ ဗီရင့်ကွင်းလယ်ခံစစ်ကစားသမားတွေဖြစ်ကြတဲ့ အက်ဆီယန်၊ ဖိုလစ်မယ်လို၊ ဘက်စ်ကွက်စ်တို့လို ကစားသမားမျိုးဖြစ်တယ်လို့ နှိုင်းယှဉ်သုံးသပ်မှုတွေလည်းရှိခဲ့ပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်အရပ်အမောင်းကောင်းပြီး သက်လုံအပြည့်နဲ့ အင်တိုက်အားတိုက်ကစားတတ်တဲ့ ကွန်ဒေါ့ဘီယာကိုဘယ်အသင်းတွေက ဘယ်လိုခေါ်ယူသွားမလဲဆိုတာကတော့ . . .။

| ကွန်ဒေါ့ဘီယာ(Fact Box) | |
|---|---|
| အမည်ရင်း | - ဂျီယိုဖရေကွန်ဒေါ့ဘီယာ |
| မွေးသက္ကရာဇ် | - ၁၅-၂-၁၉၉၃ (၂၀)နှစ် |
| မွေးရပ် | - နေးမော့စ်၊ ပြင်သစ် |
| အရပ် | - (၆)ပေ၊ (၃)လက်မခွဲ |
| ကစားသည့်နေရာ | - အလယ်တန်း |
| လက်ရှိကလပ် | - ဆီဗီလာ |

Photo: AFP

*အခုယှဉ်ပြိုင်နေတဲ့ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားရဲ့ ပွဲစဉ်တိုင်းလိုလိုဟာ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အရည်အသွေးရှိတဲ့ ကြယ်ပွင့်ကစားသမားအများအပြားလည်း ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီထဲကမှ ပြင်သစ်ကွင်းလယ်လူ ကွန်ဒေါ့ဘီယာနဲ့ ဥရုဂွေးတောင်ပံကစားသမား နီကိုလက်စ်လိုပက်ဇ်တို့ကလည်း ထိပ်တန်းအဆင့်မှာရှိနေပါတယ်။*

# ယူ-၂၀ ကမ္ဘာ့ဖလားမှာပေါက်ဖွားလာတဲ့ ရွှေရောင်ကြယ်ပွင့်များ

## နီကိုလက်စ်လိုပက်ဇ်



"ယုန်လေး"လို့နာမည်ပြောင်ပေးထားတဲ့ နီကိုလက်စ်လိုပက်ဇ်ဟာ ငယ်စဉ်ကသူ့ရဲ့မွေးရပ်မြေကလပ်အသင်းဖြစ်တဲ့ မွန်တီဗီဒီယိုဝမ်ဒါရာအသင်းမှာကစားခွင့်ရဖို့မျှော်လင့်ခဲ့တာပါ။ ဒါပေမဲ့ အဲဒီအသင်းက သူ့ရဲ့ခန္ဓာကိုယ်ဖွံ့စည်းပုံ အရွယ်အစားသေးငယ်လွန်းတာကြောင့် ဘောလုံးကစားဖို့မဖြစ်နိုင်ဘူးလို့ဆိုကာ လိုပက်ဇ်ကိုပယ်ချခဲ့ပါတယ်။ ဒါပေမဲ့ လိုပက်ဇ်ကတော့ စိတ်ဓာတ်နိုင်မာစွာနဲ့ ဘောလုံးကစားခြင်းကိုမစွန့်လွှတ်ခဲ့ဘဲ သူ့ကိုအလွန်လျင်မြန်တဲ့ တောင်ပံတိုက်စစ်ကစားသမားတစ်ယောက်ဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့တဲ့ နေစီယွန်နယ်အကယ်ဒမီကိုရောက်ရှိလာခဲ့ပါတယ်။ လိုပက်ဇ်ဟာ အသက်(၁၇)နှစ်အရွယ်မှာပဲ နေစီယွန်နယ်အသင်းကြီးမှာ ပွဲထွက်ပါဝင်ခွင့်ရရှိခဲ့သူပါ။ ၂၀၁၁၊ ဩဂုတ်လမှာအတွင်းမှာ လိုပက်ဇ်ဟာနေစီယွန်နယ်အသင်းနဲ့အတူ ရန်ပွဲတစ်ခုမှာပါဝင်ခဲ့တာကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က နေစီယွန်နယ်အသင်းနဲ့အတူ ကစားသမားတချို့ကိုပွဲပယ်ပြစ်ဒဏ်များချမှတ်ခဲ့ရာ လိုပက်ဇ်တစ်ယောက်လည်း ပြစ်ဒဏ်နဲ့မလွတ်ကင်းခဲ့ပါဘူး။ အဲဒီပြဿနာများကြောင့် လိုပက်ဇ်ဟာ နေစီယွန်နယ်အသင်းမှာ (၆)ပွဲသာကစားခဲ့ရတာပါ။ အဲဒီနောက် ၂၀၁၂ခုနှစ်မှာ ရိုးမားအသင်းက သူ့ကိုခေါ်ယူလိုက်ပါတယ်။ အဲဒီအချိန်တုန်းက ရိုးမားအသင်းနည်းပြဇီမန်းက သူ့ကိုယုံယုံကြည်ကြည်နဲ့ပွဲထုတ်သုံးစွဲခဲ့ပြီး အသင်းရဲ့စီနီယာကစားသမားစာရင်းမှာထည့်သွင်းခဲ့တဲ့အထိ နေရာပေးခဲ့ပါတယ်။ ဖီဖာယူ-၂၀ကမ္ဘာ့ဖလားမှာလည်း (၄)ဂိုးသွင်းယူထားပြီး (ဆီမီးပွဲစဉ်မတိုင်မီအထိ)ဥရုဂွေးအသင်းရရှိခဲ့တဲ့ရဂိုး(၉)ဂိုးမှာ လိုပက်ဇ်ရဲ့စွမ်းဆောင်ရည်က (၄၄)ရာခိုင်နှုန်းအထိပါဝင်နေပါတယ်။ လိုပက်ဇ်ဟာ ရှေ့တန်းဘယ်၊ ညာတောင်ပံနေရာတွေမှာ အလွန်လျင်မြန်တဲ့ပြေးနှုန်းတွေနဲ့ ပြိုင်ဘက်ခံစစ်ကြောင်းမှာ မွှေနှောက်တိုက်စစ်ဆင်နိုင်တဲ့(Prolific player)တစ်ယောက်ဖြစ်တာကြောင့် သူ့ကိုကမ္ဘာကျော်တောင်ပံတိုက်စစ်သမားတွေဖြစ်ကြတဲ့ ဒီမာရီယာ၊ ဒေးဗစ်ဆေးလ်ဗားတို့လို ကစားသမားမျိုးတွေနဲ့ ညွှန်းဆိုမှုတွေပြုလုပ်ခဲ့ကြပါတယ်။ ခန္ဓာကိုယ်အရွယ်အစားသေးငယ်ပေမယ့် ဘောလုံးစွမ်းရည်မသေးတဲ့ လိုပက်ဇ်တစ်ယောက်ဘောလုံးလောကမှာ ထင်ရှားလာဦးမှာကတော့ အမှန်ပါပဲ . . .။

| နီကိုလက်စ်လိုပက်ဇ်(Fact Box) | |
|---|---|
| အမည်ရင်း | - နီကိုလက်စ်ဗီဒရီကိုလိုပက်ဇ်အလွန်ဆို |
| မွေးသက္ကရာဇ် | - ၁-၁၀-၁၉၉၃ (၁၉)နှစ် |
| မွေးရပ် | - မွန်တီဗီဒီယို၊ ဥရုဂွေး |
| အရပ် | - (၅)ပေ၊ (၉)လက်မ |
| ကစားသည့်နေရာ | - ရှေ့တန်း(တောင်ပံ) |
| လက်ရှိကလပ် | - ရိုးမား |

Photo: AFP

*ချယ်လ်ဆီးအသင်းက အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလမှာ ဒုတိယမြောက်ကစားသမားခေါ်ယူမှုအဖြစ် ဟော်လန်ကလပ်ဗီတက်ဆီအသင်းက ကွင်းလယ်ကြယ်ပွင့်ကစားသမား မာကိုဗန်ဂင်ကယ်လ်ကို ပြောင်းရွှေ့ကြေးယူရို(၉)သန်းနဲ့ (၅)နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြန်ပါပြီ။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဟော်လန်လိဂ်ရဲ့ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကိုရရှိခဲ့ပြီး တခြားသောဥရောပကလပ်အသင်းတွေကလည်း ခေါ်ယူလိုခဲ့ကာ နောက်ဆုံးမှာချယ်လ်ဆီးအသင်းကလက်ဦးမှုရယူနိုင်ခဲ့တဲ့ မာကိုဗန်ဂင်ကယ်လ်ကို ချယ်လ်ဆီးအသင်းကတွေ့ဆုံမေးမြန်းခဲ့ရာ . . .*

# "အရန်ခုံပေါ်မှာတော့ အချိန်တွေမကုန်ချင်ဘူး"

## ချယ်လ် ဆီး က စား သ မား သစ် မာ ကို ဗန် ဂင် ကယ်လ် နှင့် တွေ့ ဆုံ ခြင်း



*မေး - မာကိုရေ ချယ်လ်ဆီးအသင်းက ကြိုဆိုပါတယ်။ အရင်ဦးဆုံး ခင်ဗျားရဲ့ ခံစားချက်ကလေးကိုပြောပါဦး။*

ဖြေ - အရမ်းကို ကောင်းတဲ့အရာတစ်ခုပါ။ ကမ္ဘာကျော်ကစားသမားတွေရှိနေတဲ့ ဒီလိုအသင်းမျိုးကိုရောက်လာခွင့်ရတဲ့အတွက် ကျွန်တော်အလွန်ပဲပျော်ရွှင်နေပါတယ်။ ပြီးတော့ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းကြီးနဲ့ လေ့ကျင့်ရေးကွင်းတို့ကလည်းအလွန်ကိုခမ်းနားလှပါတယ်။ အသင်းက ကစားသမားတွေနဲ့လည်းတွေ့ဆုံပြီးပါပြီ။ အခုဆိုရင် ကျွန်တော် သူတို့နဲ့ပတ်သက်တာတွေကိုလည်း လေ့လာနေပါပြီ။ ဒါကြောင့် ကျွန်တော့်အတွက်ကတော့ ပျော်ရွှင်စရာတွေချည်းပါပဲ။

*မေး - ခင်ဗျားရဲ့ကစားပုံနဲ့ပတ်သက်ပြီး တော့ရော ပရိသတ်အတွက်ပြောပြပေးနိုင်မလား။*

ဖြေ - ကျွန်တော်က Box-to-Box player အမျိုးအစားထဲမှာပါဝင်တဲ့ ကစားသမားပါ။ ဆိုလိုတာကတော့ ကွင်းလယ်တစ်ခုလုံးကို cover လုပ်မယ်။ ဂိုးဖန်တီးမှုတွေလုပ်မယ်၊ ကိုယ်တိုင်လည်း ဂိုးသွင်းမယ်။ ဒါပေမဲ့ ကျွန်တော်က ကွင်းလယ်ခံစစ်ပိုင်းမှာကစားရတာကို ပိုပြီးနှစ်သက်ပါတယ်။

*မေး - မနှစ်ကရာသီက ခင်ဗျားကဟော်လန်မှာ အကောင်းဆုံးလူငယ်ကစားသမားဆုကိုရရှိခဲ့တာဆိုတော့ ခင်ဗျားအတွက် အောင်မြင်တဲ့နှစ်တစ်နှစ်လို့ပြောလို့ရတာပေါ့။*

ဖြေ - ဟုတ်ပါတယ်။ ကျွန်တော့်အတွက်ကောင်းမွန်တဲ့ရာသီတစ်ခုဖြစ်ခဲ့သလို အသင်းလည်းအဆင့်(၄)နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့အတွက်ကျွန်တော် ဂုဏ်ယူမိပါတယ်။ ကျွန်တော့်ရဲ့အသင်းဟောင်းဗီတက်ဆီအသင်းက အသင်းကောင်းတစ်သင်းပါ။ ကျွန်တော်အခု ချယ်လ်ဆီးအသင်းကိုရောက်ရှိနေတာလည်း ကျွန်တော့်အရည်အသွေးတွေ ဒီထက်မကတိုးတက်လာဖို့ အခွင့်အရေးတစ်ခုပါပဲ။

*မေး - နည်းပြဟိုဆေး(မော်ရင်ဟို)နဲ့ရော စကားပြောပြီးသွားပြီလား။*

ဖြေ - ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံပြီးသွားပါပြီ။ သူ့ဆီက စကားကောင်းတွေအများကြီးကျွန်တော်ရခဲ့သလို၊ သူ့လိုနည်းပြမျိုးဆီက အကြံဉာဏ်တွေရရှိခဲ့တာကျွန်တော့်အတွက် ဂုဏ်ယူစရာတစ်ခုပါ။ ဒါတင်မဟုတ်ပါဘူး။ ဟိုဆေး(မော်ရင်ဟို)လက်အောက်မှာ ကစားခွင့်ရခဲ့တဲ့အတွက်လည်း ကျွန်တော်ဂုဏ်ယူလို့မဆုံးပါဘူး။ ခင်ဗျားသာ ကစားသမားတစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် သူ့လက်အောက်မှာကစားချင်မှာပဲ။ ဟုတ်တယ်မလား။

*မေး - လာမယ့်ရာသီအတွက် ခင်ဗျားရဲ့ရည်မှန်းချက်ကရော ဘာတွေဖြစ်လာနိုင်မလဲ။*

ဖြေ - ကျွန်တော့်ရဲ့ အရည်အသွေးတွေတိုးတက်လာဖို့ အများကြီးလေ့လာရဦးမှာပါ။ ကျွန်တော်ပွဲတွေအများကြီးကစားခွင့်ရချင်တယ်။ အရန်ခုံမှာတော့ အချိန်တွေမကုန်ဆုံးချင်ဘူး။ ကျွန်တော်မျှော်လင့်တာကတော့ဗျာ၊ ချယ်လ်ဆီးအသင်းအတွက် စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းကြီးထဲမှာ ပွဲတွေအများကြီးကစားပေးချင်တယ်။ ပြီးတော့အသင်းရဲ့ အရေးပါတဲ့ကစားသမားတစ်ယောက်ဖြစ်ချင်တယ်။ ပွဲထွက်ကစားခွင့်ပဲရရ၊ အရန်ကစားသမားပဲဖြစ်ဖြစ် ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ်ပေါ့။

*မေး - ခင်ဗျားဗီတက်ဆီအသင်းမှာလည်း ချယ်လ်ဆီးအသင်းက အငှားချထားတဲ့ကစားသမားတွေနဲ့ တွဲဖက်ကစားခဲ့သေးတယ်နော်။*

ဖြေ - ဟုတ်ပါတယ်။ ကျွန်တော်နဲ့တွဲဖက်ကစားခဲ့တဲ့ ကစားသမားတွေက ပက်ထရစ်ဗန်အန်ဟော့၊ တိုမက်စ်ကလက်စ်၊ ဂေးလ်ကာကူတာတို့ပါ။ သူတို့အားလုံးကျွန်တော့်ကို ကူညီပေးပါတယ်။ ပြီးတော့ကျွန်တော်ကလည်း သူတို့ကို ချယ်လ်ဆီးအသင်းရဲ့အကြောင်းကို အမြဲတမ်းမေးလေ့ရှိပါတယ်။ သူတို့ကတော့ပြောပါတယ်။ ချယ်လ်ဆီးအသင်း ဘယ်လောက်ကောင်းတယ်ဆိုတာတွေကို။ အခုချိန်မှာတော့ ကျွန်တော်မျက်မြင်တွေ့နေရပါပြီ။ ကျွန်တော့်လို လူသစ်တစ်ယောက်ကို သူတို့တွေကူညီပေးလိမ့်မယ်လို့ယုံကြည်ပါတယ်။

*မေး - ခင်ဗျားအနေနဲ့ ချယ်လ်ဆီးအသင်းရဲ့ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်အတွက် ဘယ်လောက်အထိမျှော်လင့်ထားလဲ။*

ဖြေ - အများကြီးမျှော်လင့်ထားတာပေါ့ဗျာ။ ဒါဟာကြောက်စရာတစ်ခုမဟုတ်ပေမယ့် စိတ်လှုပ်ရှားမိမှာတော့ အမှန်ပဲ။ ခင်ဗျားစဉ်းစားကြည့်လေဗျာ။ ကျွန်တော်ကစားရမှာက ဖရန့်လမ်းပတ်၊ ဂျွန်တယ်ရီတို့လိုကစားသမားတွေနဲ့လေ၊ ခင်ဗျားလည်းကျွန်တော့်နေရာမှာဆိုရင်စိတ်တွေလှုပ်ရှားနေမှာပဲ။ ကျွန်တော်ဗီတက်ဆီအသင်းမှာ သုံးနှစ်လောက်ကစားခဲ့တာပါ။ ဒါပေမဲ့ ပရီးမီးယားလိဂ်ကတော့ ပိုကောင်းပါတယ်။ ကျွန်တော်ရရှိခဲ့တဲ့ အတွေ့အကြုံတွေနဲ့ ချယ်လ်ဆီးအသင်းမှာ ကစားရဖို့ကို ကြိုပြီးရင်ခုန်နေမိပါတယ်။

*မေး - လာမယ့်နှစ်ကခင်ဗျားအတွက် ဟော်လန်အသင်းမှာပါဝင်ဖို့ အခွင့်အရေးတစ်ခုလို့ပြောလို့ရတယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့ဖလားရှိလို့လေ။*

ဖြေ - ဟုတ်တာပေါ့။ ကစားသမားတိုင်း လာမယ့်ဘရာဇီးလ်ကမ္ဘာ့ဖလားကိုသွားချင်ကြမှာပဲ။ ကျွန်တော်လည်း သွားချင်တာပေါ့။ နည်းပြလူးဝစ်ဗန်ဟားလ်က ပြောထားပြီးသားပါ။ လက်ရွေးစင်အသင်းမှာကစားရဖို့ သက်ဆိုင်ရာကလပ်တွေမှာ ပွဲထွက်ကစားသမားဖြစ်ဖို့လိုတယ်ဆိုတာ၊ ပရီးမီးယားလိဂ်ကဟော်လန်လိဂ်ထက်အများကြီးသာတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ဒီလိုနေရာမှာသာလက်ရွေးစင်တစ်ယောက်ဖြစ်ဖို့ အခွင့်အရေးတွေရမှာပါ။ ဒါကြောင့်လည်း ကျွန်တော်ဒီကိုရောက်ရှိနေတာပေါ့။

# အာဆီယံလူငယ်(ယူ-၁၅)ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ်
# မြန်မာနှင့်ဘရူနိုင်းလူငယ်အသင်းတို့ ရန်ကုန်မြို့တွင် ကစားမည်




အာဆီယံလူငယ်(ယူ-၁၅)ဘောလုံးပြိုင်ပွဲဝင် မြန်မာယူ-၁၅ လူငယ်အသင်း

အာဆီယံလူငယ်(ယူ-၁၅)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(FAM-FRENZ U15 ASEAN CHAMPIONS TROPHY 2013)ကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာယူ-၁၅ လူငယ်အသင်းသည် ပွဲစဉ်(၈)အဖြစ် လာမည့်ဇူလိုင်(၁၃)ရက်တွင် ဘရူနိုင်းလူငယ်အသင်းနှင့် ရန်ကုန်မြို့ရှိ အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာလူငယ်အသင်းသည် ပြီးခဲ့သည့် ဇူလိုင်(၆)ရက်က လာအိုလူငယ်အသင်းနှင့် ပွဲစဉ်(၇)အဖြစ် ယှဉ်ပြိုင်ကစားရန်ရှိခဲ့သော်လည်း လာအိုလူငယ်အသင်းမှာနိုင်ငံတကာပြိုင်ပွဲတစ်ရပ်ကို ဝင်ရောက်ယှဉ်ပြိုင်နေသောကြောင့် ယင်းပွဲကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။ ယခုကစားမည့် မြန်မာနှင့် ဘရူနိုင်းလူငယ်အသင်းတို့၏ပွဲမှာ ဒုတိယအကျော့ဖြစ်ပြီး ပထမအကျော့ဆုံတွေ့ခဲ့စဉ်က(၂-၂)ဂိုးဖြင့်သရေကျထားကြောင်း သိရသည်။

အုပ်စု(က) - မလေးရှား(က)၊ ဗီယက်နမ်၊ တီမော ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူ၊
အုပ်စု(ခ) - မလေးရှား(ခ)၊ အင်ဒိုနီးရှား၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ ဘရူနိုင်း

| အုပ်စု(ခ) | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အင်ဒိုနီးရှား | ၇ | ၆ | ၁ | ၀ | ၁၈ | ၆ | ၁၉ |
| မလေးရှား(ခ) | ၇ | ၄ | ၃ | ၀ | ၁၂ | ၃ | ၁၅ |
| လာအို | ၆ | ၂ | ၂ | ၂ | ၇ | ၈ | ၈ |
| မြန်မာ | ၆ | ၁ | ၃ | ၂ | ၉ | ၉ | ၆ |
| ဖိလစ်ပိုင် | ၇ | ၂ | ၀ | ၅ | ၁၀ | ၁၃ | ၆ |
| ဘရူနိုင်း | ၇ | ၀ | ၁ | ၆ | ၄ | ၂၁ | ၁ |

## ဂွမ်ဒေါင်းဘော်လီဘောအသင်း လာရောက်မည်

တရုတ်နိုင်ငံ၊ ကွမ်ကျိုးပြည်နယ်အခြေစိုက် ဂွမ်ဒေါင်းဘော်လီဘောကလပ်အသင်းသည် မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာအမျိုးသားဘော်လီဘောလက်ရွေးစင်အသင်းနှင့်လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဂွမ်ဒေါင်းအမျိုးသားဘော်လီဘောအသင်းသည် လာမည့်ဩဂုတ်လအတွင်း၌ မြန်မာနိုင်ငံသို့လာရောက်မည်ဖြစ်ပြီး မြန်မာအမျိုးသားဘော်လီဘောလက်ရွေးစင်အသင်းနှင့် ဩဂုတ်(၁၂၊ ၁၄၊ ၁၆)ရက်များတွင် ရန်ကုန်မြို့ရှိအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ လက်ရည်စမ်းပွဲများကစားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသားဘော်လီဘောအသင်းကို ကစားသမား(၁၇)ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေလျက်ရှိပြီး ဘရာဇီးလ်နည်းပြ Mr.Augusto Jose Gabbatini က တာဝန်ယူကိုင်တွယ်နေလျက်ရှိကာ အမျိုးသမီးအသင်းကိုမူ ထိုင်းနည်းပြ Mr. Bantemg Kaopong က ကိုင်တွယ်လျက်ရှိသည်။

## မြန်မာပြေးခုန်ပစ်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက်ရည်ရွယ်၍ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည် တရုတ်နိုင်ငံ၌ (၃)လကြာ နေထိုင်လေ့ကျင့်ရန်အတွက် ပြီးခဲ့သည့် ဇူလိုင်(၇)ရက်က ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် တာဝေး၊ မာရသွန်နှင့်လမ်းလျှောက်ကစားသမားများကို အဓိကရွေးချယ်ခေါ်ယူသွားခဲ့ပြီး ကစားသမား(၁၇)ဦးလိုက်ပါသွားခဲ့ကြောင်း သိရသည်။ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့သည် ဆီးဂိမ်းစ်အကြို အာဆီယံဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲကိုလည်း လာမည့်အောက်တိုဘာလအတွင်း၌ အိမ်ရှင်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပပြုလုပ်သွားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

*အဖွဲ့ခေါင်းဆောင်* - ဦးအောင်ထွန်းမြင့်၊ *အုပ်ချုပ်သူ* - ဦးကိုကို၊ *နည်းပြ* - ဦးလှသိန်း၊ ဦးရွှေအောင်၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်ခင်ထွေး၊ ဒေါ်နွဲ့နွဲ့အေး၊ *ကစားသမားများ* - သောင်းအေး၊ စိုးနိုင်၊ စိုးမင်းသူ၊ မောင်ချက်၊ သိန်းနိုင်ဦး၊ ချမ်းမြေ့အောင်၊ မျိုးမင်းသီဟ၊ ခင်မောင်၊ ကျော်ဇောဦး၊ နီလာစန်း၊ ပပ၊ ဖြူဝါသက်၊ သန်းတိုးခင်မျိုးအောင်၊ ခင်မာဆယ်၊ ဖြူနှင်းအုန်း၊ စောမာလာနွယ်၊ ကေခိုင်မျိုးထွန်း

## အာရှကာယဗလမောင်နှင့် ကြံ့ခိုင်မှုမယ်ပြိုင်ပွဲ ဝင်မည်

အာရှကာယဗလမောင်နှင့်ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲ(Asian Bodybuilding and Physique Sports Competition)ကို မြန်မာအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် လာမည့်ဩဂုတ်(၂၈)ရက်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာ၊ ကာယဗလမောင်(၂)ဦးနှင့် ကာယကြံ့ခိုင်မှုမယ်(၂)ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။ ကာယဗလမောင်(၂)ဦးမှာ သိန်းထွန်းဦးနှင့်စိုးမိုးအောင်တို့ဖြစ်ပြီး ကာယကြံ့ခိုင်မှုမယ်(၂)ဦးအတွက်ကိုမူ နန်းထက်ထက်လင်း၊ အေးအေးစိုးနှင့်ခေါ်ဝင်းတို့(၃)ဦးထဲမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့တံခွန်စိုက်ရေကူး ပြိုင်ပွဲ မြန်မာဝင်မည်

(၁၅)ကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက်ရေကူးပြိုင်ပွဲ(World Aquatics Championship 2013)ကို မြန်မာရေကူးအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့တွင် လာမည့်ဇူလိုင်(၂၄)ရက်မှ ဩဂုတ်(၅)ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။မြန်မာရေကူးအဖွဲ့သည် ယင်းပြိုင်ပွဲကို လူငယ်ကစားသမား(၃)ဦးဖြင့်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အလွတ်ကူး၊ ရင်ဘောင်တန်းကူးနှင့်လိပ်ပြာကူးအမျိုးအစားများကိုယှဉ်ပြိုင်မည်ဖြစ်သည်။

*အုပ်ချုပ်သူ* - ဦးသိန်းဝင်း၊ *နည်းပြချုပ်* - ဦးမောင်မောင်စိန်၊ *ကစားသမားများ* - ထင်ကျော်လင်း၊ ခန့်ခန့်စုစံ၊ စုမို့သိမ့်စံ

# မြန်မာယူ-၂၃အသင်းနှင့်ခြေစမ်းရန် MFF၏ဖိတ်ကြားမှုကို VFF လက်ခံ
## ဆီးဂိမ်းစ်မတိုင်မီ တောင်ကိုရီးယားနိုင်ငံသို့ လည်း သွားရောက်လေ့ကျင့်ရန်ရှိ




ပြီးခဲ့သည့် ၂၀၁၁ ဆီးဂိမ်းစ်ပြိုင်ပွဲ၌ မြန်မာနှင့်ဗီယက်နမ်တို့ တွေ့ဆုံခဲ့စဉ် (ယင်းပွဲတွင် ဂိုးမရှိသရေကျခဲ့သည်)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ်ယူ-၂၃ အသင်းတို့ခြေစမ်းကစားရန်အတွက် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်(VFF)ထံသို့ဖိတ်ကြားခဲ့ရာ ယခုအခါ VFF က ဖိတ်ကြားမှုကို လက်ခံလိုက်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာယူ-၂၃အသင်းနှင့်ဗီယက်နမ်ယူ-၂၃ အသင်းတို့၏ခြေစမ်းပွဲကို လာမည့်အောက်တိုဘာ(၁၅)ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် ၂၀၁၃ ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲအတွက် ရည်ရွယ်၍ လာမည့်ဩဂုတ်(၇)ရက်တွင် စတင်စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး စက်တင်ဘာ(၆)ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့၌ပင် ခြေစမ်းကစားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် MFF သည် မြန်မာယူ-၂၃ အသင်းအား ဆီးဂိမ်းစ်ပြိုင်ပွဲမတိုင်မီ တောင်ကိုရီးယားနိုင်ငံသို့ (၃)ပတ်ကြာစေလွှတ်၍ နေထိုင်လေ့ကျင့်ရန်လည်းစီစဉ်ထားကြောင်း သိရသည်။

မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက်ရည်ရွယ်၍ ပြီးခဲ့သည့် မေ(၁၀)ရက်မှစ၍ ကစားသမား(၃၀)ဦးဖြင့်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲများအပါအဝင် ခြေစမ်းပွဲ(၄)ပွဲကစားထားရာတွင် (၄)ပွဲစလုံးရှုံးနိမ့်ထားကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဗီယက်နမ်ယူ-၂၃ အသင်းနှင့်ပြီးခဲ့သည့် ဇွန်လ(၁၁)ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ၌(၀-၂)ဂိုးဖြင့်ရှုံးနိမ့်ထားပြီး ပြီးခဲ့သည့် ၂၀၁၁ ဆီးဂိမ်းစ်ပြိုင်ပွဲ၌ တွေ့ဆုံခဲ့ရာတွင်မူ ဂိုးမရှိသရေကျခဲ့ကြောင်း သိရသည်။

မြန်မာယူ-၂၃ အသင်း၏ တာဝန်ရှိသူအချို့သည် လာမည့် ၂၀၁၃ ဆီးဂိမ်းစ်ဘောလုံးပြိုင်ပွဲ၌ မြန်မာယူ-၂၃အသင်း အောင်မြင်မှုရရှိစေရန်အတွက်ရည်ရွယ်၍ MNL အသင်းများမှတာဝန်ရှိသူအချို့နှင့်လည်းတွေ့ဆုံဆွေးနွေးမှုများပြုလုပ်နေလျက်ရှိကာ အကြံဉာဏ်များရယူနေလျက်ရှိကြောင်း သိရသည်။

မြန်မာယူ-၂၃ အသင်း၏ခြေစမ်းပွဲရလဒ်များ

| | | | |
|---|---|---|---|
| ၂၆-၅-၁၃ | မြန်မာယူ-၂၃ | ၁-၂ | MNL All Stars |
| ၄-၆-၁၃ | မြန်မာယူ-၂၃ | ၀-၂ | စင်ကာပူ |
| ၉-၆-၁၃ | မြန်မာယူ-၂၃ | ၁-၃ | ဒေါင်နိုင်း |
| ၁၁-၆-၁၃ | မြန်မာယူ-၂၃ | ၀-၂ | ဗီယက်နမ်ယူ-၂၃ |

# “ဝေဖန်းဖလား”ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ-၁၉ အသင်း လေ့ကျင့်မှုစတင်

## အိမ်ရှင် တရုတ်အပါအဝင် ဆန်းဒါးလန်း၊ ပေါ်တို၊ ဘိုတာဖိုဂို လူငယ်အသင်းများပါဝင်




ယခုနှစ်ရာသီ MNL-2 ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် မြန်မာယူ-၁၉ လူငယ်အသင်း

တရုတ်ဘောလုံးအဖွဲ့ချုပ်(CFA)က ဦးဆောင်ကျင်းပမည့် “ဝေဖန်းဖလား(Weifang)ဘောလုံးပြိုင်ပွဲ”ကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၁၉ လူငယ်အသင်းသည် ပြီးခဲ့သည့် ဇူလိုင်(၁၁)ရက်မှစ၍စခန်းဝင်လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

CFA သည် ဝေဖန်းဖလားဘောလုံးပြိုင်ပွဲကို အသက်(၂၀)အောက်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်မှစ၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ CFA သည် (၇)ကြိမ်မြောက် ကျင်းပမည့် ယခုနှစ်ပြိုင်ပွဲကို အသင်းပေါင်း(၁၂)သင်းဖြင့် လာမည့်ဇူလိုင်(၂၈)ရက်မှ ဩဂုတ်(၄)ရက်အထိ ကျင်းပသွားရန်စီစဉ်ထားကြောင်း သိရသည်။ CFA သည် ယင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအပါအဝင် အာရှ၊ ဥရောပနှင့် တောင်အမေရိက အသင်းများကို ဖိတ်ကြားမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ယခုအခါ မြန်မာယူ-၁၉ အသင်းအပါအဝင် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် ဆန်းဒါးလန်း၊ ပေါ်တူဂီကလပ် ပေါ်တို၊ ဘရာဇီးလ်စီးရီးအေကလပ် ဘိုတာဖိုဂို၊ ဟောင်ကောင်ကလပ် ရိန်းဂျား၊ မြောက်ကိုရီးယား၊ တရုတ်လူငယ်အသင်းများ ပါဝင်ယှဉ်ပြိုင်ရန် CFA ထံသို့ အကြောင်းကြားစာများပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၁၉ အသင်းသည် ယခုနှစ် MNL-2 အမှတ်ပေးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ မြန်မာယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုးဂတ်ဖရိုင်းဒရစ်၊ နည်းပြများအဖြစ် ဦးညီညီလတ်၊ ဦးသန်းဝေတို့က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ နည်းပြဖြစ်သူ ဦးညီညီလတ်က “ဒီပြိုင်ပွဲမှာအောင်မြင်ဖို့ အများကြီးမျှော်လင့်မထားပေမယ့် အကောင်းဆုံးယှဉ်ပြိုင်ပြီး အတွေ့အကြုံကောင်းတွေ ရရှိလိမ့်မယ်လို့ ထင်ပါတယ်။ ယှဉ်ပြိုင်ရမယ့်အသင်းတွေထဲမှာ ဥရောပအသင်းတွေပါဝင်တာကြောင့် ဥရောပကလူငယ်ကစားသမားတွေကို ဘယ်လိုလေ့ကျင့်ပြင်ဆင်သလဲဆိုတာ လေ့လာခွင့်ရမှာပါ။ ဒီပြိုင်ပွဲဟာ ကျွန်တော့်ကစားသမားတွေအတွက် အလွန်ကောင်းတဲ့အခွင့်အရေးတစ်ရပ်ပါ။ နောက်ပြီး ဒီပြိုင်ပွဲဟာ မြန်မာ ယူ-၁၉အသင်းရဲ့ပထမဆုံး ပြည်ပအတွေ့အကြုံပြိုင်ပွဲလည်း ဖြစ်လာမှာပါ”ဟု ပြောကြားခဲ့သည်။

### ဝိုင်ဖန်ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်း

*အုပ်ချုပ်သူ* - ဦးခင်ထွန်း၊ *နည်းပြချုပ်* - ဂတ်ဖရိုင်းဒရစ်၊ *လ/ထနည်းပြ* - ဦးညီညီလတ်၊ ဦးသန်းဝေ၊ *ဂိုး* - ဝေလင်းအောင်၊ စိုးအာကာ၊ *နောက်* - ထိုက်ထိုက်အောင်၊ အောင်ဟိန်းစိုးဦး၊ ကျော်ကျော်စိုး၊ မျိုးကိုထွန်း၊ လှိုင်မျိုးအောင်၊ နောင်နောင်လတ်၊ မင်းကျော်ခန့်၊ *လယ်* - စိုးမင်းထွန်း၊ ငြိမ်းချမ်းအောင်၊ ဒေးပစ်ရွယ်ပဲလာ၊ ဇင်ပြုံးအောင်၊ စိုးထွန်း၊ ကျော်မင်းဦး၊ *ရှေ့* - ရှိုင်းသူရ၊ သန်းပိုင်၊ အောင်သူ၊ စောစီးအိုင်၊ ဟိန်းနေဆန်း

### နောက်ဆုံး(၄)ကြိမ် ဗိုလ်စွဲခဲ့မှု

| ခုနှစ် | ဗိုလ်လုပွဲရလဒ် |
|---|---|
| ၂၀၀၉ | အက်စပန်ညို ၁-၀ တရုတ် |
| ၂၀၁၀ | တရုတ် ၃-၁ တီယန်ဂျင်း |
| ၂၀၁၁ | ဂွါဒါလာဂျာရာ ၃-၁ တရုတ် |
| ၂၀၁၂ | ဗီလာရီးယဲယ် ၁-၀ မြောက်ကိုရီးယား |

## မြန်မာတိုက်ကွမ်ဒိုအဖွဲ့ အင်ဒိုနီးရှား၌ နေထိုင်လေ့ကျင့်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်၍ နေထိုင်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ဖိတ်ခေါ်ပြိုင်ပွဲတစ်ရပ်ကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့တွင် ကစားသမား(၄)ဦးဖြစ်သည့် သော်ဇင်ဟန်၊ ယမင်းကေခိုင်၊ သင်းမြတ်နိုးဝေနှင့် ချောကလျာဝင်း တို့ပါဝင်သွားခဲ့ကြပြီး ပြီးခဲ့သည့် ဇူလိုင်(၁)ရက်မှ(၉)ရက်အထိနေထိုင်ကာ လေ့ကျင့်မှုများပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ယင်းကာလအတွင်း၌ အင်ဒိုနီးရှားဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကိုလည်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ(၂)၊ ငွေ(၁)၊ ကြေး(၄)ဆုများ ဆွတ်ခူးရရှိခဲ့ကာ ဆီးဂိမ်းစ်မတိုင်မီ တောင်ကိုရီးယားနိုင်ငံသို့ ထပ်မံသွားရောက်လေ့ကျင့်ရန်ရှိကြောင်းသိရသည်။

## ဦးတင်ဟန်လက်ထက်တွင် ရတနာပုံ ရှုံးပွဲ(၁)ပွဲသာရှိသေး

MNL ပွဲစဉ်(၁၇)အပြီးတွင် အဆင့်(၅)နေရာသို့ရောက်ရှိလာသည့် ရတနာပုံအသင်းသည် ဦးတင်ဟန်ကို နည်းစနစ်အကြံပေးအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပြီးနောက် လက်ရှိအချိန်တွင်(ပွဲစဉ်-၁၇ အထိ)ရှုံးပွဲတစ်ပွဲသာ ကြုံတွေ့ထားရသေးကြောင်း သိရသည်။

ရတနာပုံအသင်းသည် မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် မကွေး၊ ရခိုင်အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့သည့်ဦးတင်ဟန်ကို ပြီးခဲ့သည့် ဧပြီလဆန်းက စတင်ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းလက်ထက်တွင် ရတနာပုံအသင်းမှာ စည်းကမ်းပိုင်းဆိုင်ရာ၌ ပိုမိုကောင်းမွန်လာခဲ့သလို ကစားသမားများ၏စည်းလုံးမှုပိုင်းဆိုင်ရာတွင်လည်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။ ထို့ပြင် ဦးတင်ဟန်လက်ထက်တွင် ရတနာပုံအသင်းမှာ (၄)ပွဲနိုင်၊ (၄)ပွဲသရေ၊ (၁)ပွဲရှုံး(ပွဲစဉ်-၁၇အထိ) ရလဒ်ထွက်ပေါ်ထားကြောင်း သိရသည်။

# ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးဖူဆယ် လက်ရွေးစင်အသင်းအား ကိုင်တွယ်ရန် ဂျပန်နည်းပြအားခန့်အပ်




မြန်မာအမျိုးသမီးဖူဆယ်ကစားသမားများကို လေ့ကျင့်ပေးနေသည့် နည်းပြချုပ်ကိုနီရှီ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ၂၀၁၃ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးဖူဆယ်လက်ရွေးစင်အသင်းအား တာဝန်ယူကိုင်တွယ်ရန်အတွက် ဂျပန်လူမျိုးနည်းပြဖြစ်သူကိုနီရှီကို ခန့်အပ်လိုက်ကြောင်း သိရသည်။

MFF သည် ကိုနီရှီကို ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲအပြီးထိ (၆)လစာချုပ်ဖြင့် ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့် ဇူလိုင်(၉)ရက်မှစ၍ အသင်းကိုစတင်တာဝန်ယူကိုင်တွယ်နေပြီဖြစ်ကြောင်း သိရသည်။ ကိုနီရှီသည် အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ ဖူဆယ်သင်တန်းနည်းပြ(Futsal Instructor)တစ်ဦးဖြစ်ပြီး ဂျပန်ဖူဆယ်ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

### မြန်မာအမျိုးသမီးဖူဆယ်အသင်း

*နည်းပြချုပ်* - ကိုနီရှီ၊ *လ/ထနည်းပြ* - ဦးငွေးမြင့်၊ ဦးစိုးမိုးညွှန့် - *ဂိုး* - ဇင်မင်းထွန်း၊ သန္တာ၊ ချိုချိုထွန်း၊ ဇာလီဝင်း၊ *ကစားသမား* - အေးနန္ဒာလှိုင်၊ သူဇာထွေး၊ အေးငြိမ်းသူ၊ မေသက်ဖြူ၊ ရီရီနွယ်၊ မူမူလွင်၊ ကြည်ကြည်စန်း၊ ကေသွယ်တိုး၊ ကေသီစိုး၊ သီတာအောင်၊ ခင်မာလင်း၊ စုမွန်၊ မိုးမိုးထွေး

# ဂရင်းစလင်းချန်ပီယံဆုများထပ်မံရယူရန် မာရေးပစ်မှတ်ထား

# ဗိုလ်လုပွဲကို ဗြိတိန်လူဦးရေ၏(၄)ပုံ(၁)ပုံကျော် ရုပ်သံမှကြည့်ရှုခဲ့

Photos : AFP



အမျိုးသမီးတစ်ဦးချင်းချန်ပီယံ ဘာတိုလီနှင့်အတူတွေ့ရသည့် အန်ဒီမာရေး



ဒေါင်းနင်းလမ်းနေအိမ်တွင် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်နှင့်အတူ

ဝင်ဘယ်လ်ဒန်ဂရင်းစလင်းချန်ပီယံဆုကို ပူပူနွေးနွေးရရှိထားသည့် အန်ဒီမာရေးက နောက်ထပ်ဂရင်းစလင်းဆုဖလားများကိုအရယူသွားရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း AFP သတင်းဌာန၏ထုတ်ပြန်ချက်အရသိရှိရသည်။ အန်ဒီမာရေးသည် လာမည့်စက်တင်ဘာလအတွင်းကျင်းပမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် သူ၏ပထမဆုံးဂရင်းစလင်းချန်ပီယံဘွဲ့ကိုလည်း ကာကွယ်သွားရမည်ဖြစ်သည်။

"ဂရင်းစလင်းချန်ပီယံဘွဲ့ကို ကာကွယ်မှုမျိုး အရင်ကမရှိခဲ့ပါဘူး။ ဒါက အတွေ့အကြုံသစ်ပါပဲ။ ရည်မှန်းချက်တွေဆီ ကျွန်တော်လျှောက်လှမ်းရမှာပါ"ဟု အန်ဒီမာရေးက ယူအက်စ်အိုးပင်းနှင့်ပတ်သက်ပြီးလည်း မှတ်ချက်ပြုခဲ့သည်။ ဗြိတိန်ဘုရင်မကြီးအဲလိဇဘက် II ကလည်း အန်ဒီမာရေး၏အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းဆိုခဲ့ပြီး အန်ဒီမာရေးအနေဖြင့် "ဆာ"ဘွဲ့အပ်နှင်းခံရရန်သေချာနေသည်ဟု သတင်းများက ဖော်ပြခဲ့သည်။ အန်ဒီမာရေးသည် ပြီးခဲ့သည့်တနင်္လာနေ့က ဒေါင်းနင်းလမ်းရှိဝန်ကြီးချုပ်နေအိမ်တွင် ဒေးဗစ်ကင်မရွန်နှင့်တွေ့ဆုံခဲ့ပြီး ဝန်ကြီးချုပ်အနေဖြင့် အန်ဒီမာရေးကို "ဆာ"ဘွဲ့ချီးမြှင့်ရန်ထောက်ခံမှုများပြုလုပ်သွားဖွယ်ရှိနေသည်။ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်အနေဖြင့် ပြီးခဲ့သည့်နှစ်ကလည်း Tour de France ချန်ပီယံ ဘရက်ဒလေဝစ်ဂင်စ်ကို "ဆာ" ဘွဲ့ရရှိရန် ဗြိတိန်အစိုးရအား ထောက်ခံပြောကြားမှုများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဗြိတိန်တင်းနစ်သမားများ၏ (၇၇)နှစ်ကြာ အိပ်မက်ဆိုးကိုအဆုံးသတ်ပေးခဲ့သည့် အန်ဒီမာရေးနှင့် ဂျိုကိုဗစ်တို့၏ ဝင်ဘယ်လ်ဒန်ဗိုလ်လုပွဲကို ဗြိတိန်လူဦးရေ (၄)ပုံ(၁)ပုံကျော် ရုပ်သံမှစောင့်ကြည့်ခဲ့ကြောင်း BBC က သတင်းထုတ်ပြန်ခဲ့သည်။ ယင်းပွဲကို ဗြိတိန်လူဦးရေ၏(၂၇%)ဖြစ်သည့် (၁၇.၃)သန်းကြည့်ရှုခဲ့ပြီး ၁၉၉၀ နောက်ပိုင်း နိုင်ငံတွင်းရုပ်သံကြည့်ရှုမှုအများဆုံး ဝင်ဘယ်လ်ဒန်ဗိုလ်လုပွဲဖြစ်ခဲ့သည်။ ဖက်ဒါရာနှင့် အန်ဒီမာရေးတို့ယှဉ်ပြိုင်ခဲ့သည့် ယမန်နှစ်ဝင်ဘယ်လ်ဒန်ဗိုလ်လုပွဲကိုမူ ရုပ်သံကြည့်ရှုသူပေါင်း(၁၆.၉)သန်းရှိခဲ့ကြောင်း သိရှိရသည်။

## မက်ဆာ၏နောက်တွင် ရပ်တည်သွားမည်ဟု ဖာရာရီအသင်းဆို

ဖော်မြူလာဝမ်းပြိုင်ပွဲဝင် ဖာရာရီအသင်းက ရလဒ်ဆိုးများနှင့်ရင်ဆိုင်နေရသည့် အသင်း၏ကားမောင်းသမား မက်ဆာဘက်မှ အပြည့်အဝရပ်တည်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ မက်ဆာသည် ယခုနှစ်ရာသီအတွင်း ဂျာမန်ဂရင်းပရီပြိုင်ပွဲအပါအဝင် ပြိုင်ပွဲအချို့မှလည်း မတော်တဆတိုက်မှုများကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသည်။ မက်ဆာအနေဖြင့် ပွဲစဉ်(၉)ပွဲအပြီးတွင် ရမှတ်(၅၇)မှတ်ဖြင့် အဆင့်(၇)နေရာတွင်သာ ရပ်တည်လျက်ရှိပြီး ထိပ်ဆုံးမှဦးဆောင်နေသူ ဗက်တဲလ်နှင့် ရမှတ်ပေါင်း(၁၀၀)တိတိ ကွာဟလျက်ရှိသည်။

## တူရကီအားကစားသမားများ တားမြစ်ဆေးပြဿနာနှင့် ရင်ဆိုင်နေရ

၂၀၁၂လန်ဒန်အိုလံပစ်အမျိုးသမီးမီတာ(၁၅၀၀)ရွှေတံဆိပ်ဆုရှင်ဖြစ်သူ အယ်တက်ကင်အပါအဝင် တူရကီအားကစားသမား(၃၀)ဦးနှင့်အထက်သည် လက်ရှိအချိန်တွင် တားမြစ်ဆေးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့ရမှုများကြောင့် ပွဲပယ်ပြစ်ဒဏ်များ ကျခံရလျက်ရှိနေကြောင်း AFP သတင်းဌာနက ဖော်ပြခဲ့သည်။ အားကစားသမား(၄၀)ဦးကျော် တားမြစ်ဆေးသုံးစွဲခဲ့မှုကြောင့် ပွဲပယ်ပြစ်ဒဏ်များကျခံနေရသည့် အိန္ဒိယ၊ ရုရှားနိုင်ငံများပြီးလျှင် တူရကီ၏လက်ရှိအခြေအနေမှာ အားကစားလောကအတွင်း အဆိုးရွားဆုံးဖြစ်နေကြောင်း သိရှိရသည်။

## IN-BRIEF

❒ Tour de France ပြိုင်ပွဲတွင်လက်ရှိဦးဆောင်နေသည့် ဗြိတိန်စက်ဘီးသမား ခရစ္စဖရွမ်းက ကင်ညာတွေ့နေထိုင်ခဲ့စဉ်ကလေးဘဝက ပြိုင်ဘီးတစ်စီးဝယ်ယူရန်ပင်မတတ်နိုင်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

❒ ၁၉၉၅ ခုနှစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ဖူးသည့် အမေရိကန်ဂေါက်သီးသမား ဂျွန်ဒေးလီးသည် ပခုံးဒဏ်ရာကြောင့် လာမည့်အပတ်တွင်ကျင်းပမည့် ဗြိတိသျှအိုးပင်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။

❒ အိုလံပစ်အလျားခုန်ငွေတံဆိပ်ဆုရှင်ဖြစ်သူ မစ်ချယ်ဝက်သည် ဒဏ်ရာပြဿနာကြောင့် လာမည့်လတွင်ကျင်းပမည့် မော်စကိုကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်။

❒ အင်္ဂလန်ရပ်ဘီသမား မိုက်တင်ဒယ်လ်နှင့် ဗြိတိန်တော်ဝင်မျိုးနွယ် အမျိုးသမီးမြင်းစီးသမား ဇာရာဖီးလစ်တို့သည် ၎င်းတို့၏ပထမဆုံးရင်သွေးကို လာမည့်နှစ်အစပိုင်းတွင် မွေးဖွားမည်ဖြစ်ကြောင်း သိရှိရသည်။

❒ ပိုလန်နိုင်ငံတွင်ကျင်းပခဲ့သည့် ကမ္ဘာ့သဲသောင်ပြင်ဘော်လီဘောချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲတွင် ဟော်လန်နိုင်ငံမှ ရေဘတ်မူဆန်နှင့် အလက်ဇန္ဒားဘရူဝါအတွဲက ဗိုလ်စွဲခဲ့သည်။

## Greenbrier ပြိုင်ပွဲတွင် ယိုးနတ်ဘလစ်ဗိုလ်စွဲ

US PGA Tour ပွဲစဉ်ဖြစ်သည့် Greenbrier Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီးသမား ယိုးနတ်ဘလစ်က ပူးတွဲဒုတိယရရှိသူ(၄)ဦးထက် (၂)ချက်အသာဖြင့်ဗိုလ်စွဲသွားခဲ့ကြောင်း သိရှိရသည်။ ယိုးနတ်ဘလစ်သည် (၄)ရက်ပေါင်းတွင် (၁၃)ချက်လျှော့ရိုက်ကာ စုစုပေါင်း(၂၆၇)ချက်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂေါက်သီးသမားသက်တမ်းတစ်လျှောက်တွင် ဒုတိယမြောက် PGA Tour ဆုဖလားရယူနိုင်ခဲ့သည်။ ယိုးနတ်ဘလစ်မှာ ယခုနှစ်ရာသီ PGA Tour (၁၆)ပွဲတွင် (၈)ပွဲတိတိ Cut ကျော်နိုင်ခြင်းမရှိခဲ့သူဖြစ်ပြီး ယခုပြိုင်ပွဲတွင် ရာသီအတွင်း ပထမဆုံးဆုဖလားရရှိခဲ့ကာ ချန်ပီယံဆုကြေး အမေရိကန်ဒေါ်လာ(၁.၁၃)သန်းဆွတ်ခူးခဲ့သည်။

## Lotus နှင့် ရိုက်ကွန်နန်ဆွေးနွေးမည်

ဖင်လန်ဖော်မြူလာဝမ်းကားမောင်းသမား ရိုက်ကွန်နန်၏ စီမံခန့်ခွဲမှုအဖွဲ့သည် Lotus အသင်းတာဝန်ရှိသူများနှင့် ယခုတစ်ပတ်အတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းများကဖော်ပြခဲ့သည်။ ရက်ဘူးလ်အသင်းသည် ရာသီကုန်တွင်အသင်းမှထွက်ခွာတော့မည့် သြစတြေးလျကားမောင်းသမား မာ့ခ်ဝက်ဘာ၏နေရာတွင် ရိုက်ကွန်နန်နှင့်အစားထိုးရန် ဆန္ဒရှိနေကြောင်းလည်း တရားဝင်သတင်းထုတ်ပြန်ထားခဲ့သည်။ ရိုက်ကွန်နန်ကို အသင်းတွင်ဆက်လက်ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် စာချုပ်သစ်ချုပ်ဆိုသွားနိုင်လိမ့်မည်ဖြစ်ကြောင်း Lotus အသင်းပိုင်ရှင်ဖြစ်သူ ဂျရတ်လိုပက်ဇ်က ပြောကြားခဲ့သည်။

# Tour de France စက်ဘီးစီးပြိုင်ပွဲ ပွဲစဉ်(၁၀)အပြီးတွင် ခရစ္စဖရွမ်းပင် ဆက်လက်ဦးဆောင်လျက်ရှိနေခဲ့

Photo : AFP



ပြင်သစ်သမ္မတဟော်လန်းဒီနှင့်တွေ့ဆုံခဲ့သည့် ခရစ္စဖရွမ်း

ပြင်သစ်နိုင်ငံတွင်ကျင်းပလျက်ရှိသည့် ၂၀၁၃ Tour de France စက်ဘီးစီးပြိုင်ပွဲ ပွဲစဉ်(၁၀)အပြီးတွင် Sky အသင်းမှ ဗြိတိန်စက်ဘီးသမား ခရစ္စဖရွမ်းက ဆက်လက်ဦးဆောင်လျက်ရှိနေကြောင်း AFPသတင်းများကဖော်ပြခဲ့သည်။ ခရစ္စဖရွမ်းသည် ပွဲစဉ်(၁၀)တွင် အဆင့်(၂၄)နေရာဖြင့်သာ ပန်းဝင်ခဲ့သော်လည်း စံချိန်(၄၁)နာရီ၊ (၅၂)မိနစ်၊ (၄၃)စက္ကန့်ဖြင့် ဒုတိယနေရာမှ စပိန်စက်ဘီးသမား ဗယ်လ်ဗာဒီကို(၁)မိနစ်၊ (၂၅)စက္ကန့်ဖြင့် အသာရနေလျက်ရှိသည်။

ပွဲစဉ်(၁၀)တွင် Argos အသင်းမှ ဂျာမန်စက်ဘီးသမား ကစ်တဲလ်က ရှေ့ဆုံးမှပန်းဝင်ခဲ့ပြီး Lotto အသင်းမှ အန်ဒရေဂရေပယ်လ်(ဂျာမနီ)က ဒုတိယနှင့် Omega အသင်းမှ ကာဗန်ဒစ်ရှ်(ဗြိတိန်)က တတိယအသီးသီးရရှိခဲ့သည်။ ကာဗန်ဒစ်ရှ်သည် ပန်းဝင်ရန် နောက်ဆုံးမီတာ(၁၅၀)တွင် ကစ်တဲလ်၏အသင်းဖော် တွမ်ဗီလာစ်ကို ဝင်တိုက်မိခဲ့သည်။ ကံကောင်းစွာဖြင့် ဟော်လန်စက်ဘီးသမားတွမ်ဗီလာစ်မှာ ဒဏ်ရာရရှိမှုမရှိခဲ့သည့်အပြင် ကာဗန်ဒစ်ရှ်၏မှာလည်း ပြိုင်ပွဲစည်းမျဉ်းအရ အရေးယူမှုများမှ လွတ်မြောက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၃ Tour de France ပြိုင်ပွဲတွင် ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့မတိုင်မီအထိ လက်ကျန်ပွဲစဉ်(၁၁)ပွဲ ယှဉ်ပြိုင်ရန်ကျန်ရှိနေပြီး လာမည့်ဇွန်လ(၂၁)ရက်နေ့တွင် နောက်ဆုံးပွဲစဉ်ကို ကျင်းပသွားမည်ဖြစ်သည်။

## စပိန်တင်းနစ်သမား ဒေးဗစ်ဖာရာ ကမ္ဘာ့အဆင့်(၃)သို့ရောက်ရှိလာ

ပြီးခဲ့သည့်တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့သည့် တင်းနစ်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စပိန်တင်းနစ်သမား ဒေးဗစ်ဖာရာမှာ အမြင့်ဆုံးအဆင့်အဖြစ် နံပါတ်(၃)နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။ ဂျိုကိုဗစ်နှင့်အန်ဒီမာရေးတို့မှာ ထိပ်ဆုံးတွင်ရှိနေခဲ့ပြီး နာမည်ကြီး ဖက်ဒါရာမှာမူ ဆယ်စုနှစ်တစ်ခုကျော်အတွင်း အဆိုးရွားဆုံးအဖြစ် နံပါတ်(၅)နေရာသို့ ရောက်ရှိသွားခဲ့သည်။

## ဟူစတန်ရော့ကတ်အသင်းသို့ ဒွိုက်ဟောင်းဝပ် အပြီးသတ်ရောက်ရှိ

LA Lakers အသင်းမှ ဒွိုက်ဟောင်းဝပ်သည် ဟူစတန်ရော့ကတ်အသင်းသို့ အမေရိကန်ဒေါ်လာ(၈၈)သန်းတန် (၄)နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ကြောင်းသိရှိရသည်။ အသင်းအထွေထွေမန်နေဂျာနှင့်နည်းပြတို့ကိုမူ လက်မှတ်မထိုးမီ အပြောင်းအရွှေ့သေချာနေသည့်စကားများ ပြောဆိုခဲ့မှုအတွက် NBA က ဒဏ်ငွေဒေါ်လာ(၁)သိန်းခွဲချမှတ်ခဲ့သည်။

## အာရှပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပပြီးစီးသွားခဲ့

အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၃ အာရှပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် တရုတ်အသင်းက ရွှေ(၁၆)ခု၊ ငွေ(၆)ခု၊ ကြေး(၅)ခုဖြင့် နိုင်ငံအလိုက်တွင် ဗိုလ်စွဲသွားခဲ့သည်။ ယခုပြိုင်ပွဲကို (၂)နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ၂၀၁၃ ပြိုင်ပွဲသို့ နိုင်ငံပေါင်း(၄၃)နိုင်ငံမှ ပြိုင်ပွဲဝင်(၅၈၀)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

# ဒေးဗစ်ဟေယီနှင့်တိုင်ဆန်ဖျူရီတို့ပွဲကို စက်တင်ဘာလတွင်ပြုလုပ်မည် ဆုကြေးငွေကို အညီအမျှခွဲယူရန် သဘောတူညီမှုရရှိခဲ့




နှိုင်းယှဉ်ချက်

| | ဟေယီ | တိုင်ဆန်ဖျူရီ |
| --- | --- | --- |
| အရပ်အမြင့် | ၆'၃" | ၆'၉" |
| လက်တံအရှည် | ၇၈" | ၈၅" |
| အသက် | ၃၂ | ၂၅ |
| ထိုးသတ်သည့်ပွဲ | ၂၈ | ၂၀ |
| နိုင်ပွဲ | ၂၆ | ၂၀ |
| ရှုံးပွဲ | ၂ | ၀ |
| အလဲထိုးပွဲ | ၂၄ | ၁၅ |

လက်မှတ်ရေးထိုးနေသည့် ဒေးဗစ်ဟေယီ(ပုံကြီး)နှင့်တိုင်ဆန်ဖျူရီ(ပုံသေး)

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဒေးဗစ်ဟေယီသည် ဗြိတိန်နိုင်ငံသားပင်ဖြစ်သည့် တိုင်ဆန်ဖျူရီနှင့် လာမည့်စက်တင်ဘာလ(၂၈)ရက်နေ့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်တနင်္လာနေ့က အတည်ပြုကြေညာခဲ့သည်။ ယင်းပွဲကို မန်ချက်စတာ Arena တွင်ပြုလုပ်သွားမည်ဖြစ်ပြီး ပြီးခဲ့သည့်ကြာသပတေးနေ့က ယင်းပွဲအတွက် သတင်းစားရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

"ဖျူရီနဲ့ထိုးသတ်ဖို့ ကျွန်တော်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးပါပြီ။ တိုနီသွန်မဆင်နဲ့သူထိုးသတ်မယ်ဆိုတဲ့ သတင်းတွေဟာလည်း အခုချိန်မှာ ကောလာဟလတွေဖြစ်ခဲ့ပါတယ်"ဟု ဒေးဗစ်ဟေယီက သူ၏တရားဝင် Instagram Account မှ တစ်ဆင့် ပြောကြားသွားခဲ့သည်။ ဒေးဗစ်ဟေယီနှင့်တိုင်ဆိုင်ဖျူရီတို့သည် ရက်သတ္တပတ်အတော်ကြာ ဆွေးနွေးခဲ့ပြီးမှ ယခုအချိန်တွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ တိုင်ဆန်ဖျူရီ၏ လက်ဝှေ့ပွဲသွင်းသည့် Hennessy Sports ကလည်း ယင်းပွဲအတွက် အတည်ပြုချက်ပေးခဲ့သည်။

လက်ဝှေ့သမားနှစ်ဦးစလုံးမှာ ယင်းပွဲအတွက်ထိုးသတ်ကြေးကို အညီအမျှခွဲယူသွားမည်ဖြစ်ပြီး တစ်ဦးလျှင် ပေါင်(၅)သန်းစီရရှိသွားမည်ဖြစ်သည်။ ဒေးဗစ်ဟေယီအနေဖြင့် ယခုထိုးသတ်မည့်ပွဲမှာ ၂၀၁၂ ခုနှစ် ဇူလိုင်လက ချီဆိုရာနှင့်ထိုးသတ်ပြီးနောက် သူ၏ပထမဆုံးပွဲဖြစ်လာမည်ဖြစ်ပြီး ပြီးခဲ့သည့်ဇွန်လက မန်နူရယ်ချားနှင့် ထိုးသတ်ရန်စီစဉ်ထားသည့်ပွဲကိုမူ လေ့ကျင့်ရေးတွင် လက်ဒဏ်ရာရရှိခဲ့သောကြောင့် ယင်းပွဲကို ဖျက်သိမ်းခဲ့ရသည်။ တိုင်ဆန်ဖျူရီမှာမူ ပြီးခဲ့သည့်ဧပြီလက ထိုးသတ်ခဲ့သည့်ပွဲတွင် အမေရိကန်လက်ဝှေ့သမား စတိဗ်ကန်နင်ဂမ်ကို(၇)ချီတွင် အလဲထိုးဖြင့်နိုင်ပြီး ရှုံးပွဲမရှိစံချိန်တင်ထားသူဖြစ်သည်။

## IN-BRIEF

❒ ပြီးခဲ့သည့် ဂျာမန်ဂရင်းပရီဖော်မြူလာဝမ်းပြိုင်ပွဲတွင် ကင်မရာသမားတစ်ဦးကို ရက်ဘူးလ်အသင်းမှ ဝက်ဘာ၏ ကားမှဝင်တိုက်ခဲ့မိမှုကြောင့် Pit Stops (ပြိုင်ကားများ ဆီဖြည့်ပြင်ဆင်မှုပြုလုပ်သည့်နေရာ)သို့ သွားရာလမ်းတွင် မီဒီယာသမားများနှင့် မလိုအပ်သည့်သူများဝင်ရောက်မှုကို ဖော်မြူလာဝမ်းအဖွဲ့ချုပ်က ပိတ်ပင်ခဲ့ပြီး ယင်းလမ်းတွင် ပြိုင်ကားမိုင်နှုန်းကိုလည်း (၁၀၀)မှ(၈၀)သို့လျှော့ချခဲ့သည်။

❒ နိုင်ငံတကာစက်ဘီးအဖွဲ့ချုပ်(UCI)ဖြစ်သူ ပတ်မက်ကွက်က ဆွစ်ဇာလန်တွင်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ လက်ရှိကျင်းပနေသည့် Tour de France ပြိုင်ပွဲထက် တားမြစ်ဆေးပြဿနာများကိုသာမေးမြန်းနေမှုအတွက် ဒေါသတကြီးတုံ့ပြန်ခဲ့သည်။

❒ Southern 100 Road Race ဆိုင်ကယ်စီးပြိုင်ပွဲတွင် ဗြိတိန်ဆိုင်ကယ်သမားဖြစ်သူ အသက်(၄၆)နှစ်အရွယ်ရှိ ဒေးဗစ်ဂျူးကက်စ်သည် မတော်တဆထိခိုက်မှုကြောင့် ပြီးခဲ့သည့်တနင်္လာနေ့က သေဆုံးသွားခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြခဲ့သည်။

❒ ဟွန်ဒါအသင်းမှ MotoGP ဆိုင်ကယ်သမား ဒန်နီပီဒရိုဆာသည် ယခုအပတ်တွင်ကျင်းပမည့် ဂျာမန်ဂရင်းပရီပြိုင်ပွဲတွင် (၄)နှစ်ဆက်ဗိုလ်စွဲရန်ပစ်မှတ်ထားလျက်ရှိပြီး ယခုနှစ်ကမ္ဘာ့ချန်ပီယံအမှတ်ပေးဇယားတွင် ရမှတ်ဖြတ်နိုင်ရန် မျှော်လင့်လျက်ရှိသည်။

❒ WBO လိုက်ဟဲဗီးဝိတ်ချန်ပီယံဖြစ်သူ ဝေးလ်စ်လက်ဝှေ့သမား နာသန်ကလယ်ဗာလေသည် ချန်ပီယံကာကွယ်ပွဲအဖြစ် ရုရှားနိုင်ငံသား ကိုဗာလက်ဗ်နှင့် ကာဒစ်ဖ်မြို့ရှိ Motorpoint Arean တွင် ဩဂုတ်လ(၁၇)ရက်နေ့၌ ထိုးသတ်သွားမည်ဖြစ်သည်။

## ထိပ်တန်းအားကစားသမားများကို ငွေကြေးပိုင်းဆိုင်ရာထောက်ပံ့မှုများ ပြုလုပ်သွားရန် ဒေသတွင်းကုမ္ပဏီများအား ထိုင်ဝမ်တိုက်တွန်းခဲ့

ထိုင်ဝမ်အားကစားစီမံခန့်ခွဲမှုဌာနက ထိပ်တန်းအားကစားသမားများကို နိုင်ငံကူးပြောင်းမှုမှကာကွယ်ရန်အတွက် ငွေကြေးပိုင်းဆိုင်ရာထောက်ပံ့မှုများပေးသွားရန် ပြီးခဲ့သည့်အင်္ဂါနေ့ကတိုက်တွန်းခဲ့ကြောင်း AFP ကဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ဝင်ဘယ်လ်ဒန်အမျိုးသမီးနှစ်ယောက်တွဲတွင်ဗိုလ်စွဲခဲ့သူ ရှဲစုဝေကို တရုတ်နိုင်ငံသူအဖြစ်ခံယူရန် တရုတ်ဘီယာကုမ္ပဏီတစ်ခုက အမေရိကန်ဒေါ်လာ(၁.၆၃)သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိကြောင်း ရှဲစုဝေ၏ဖခင်ဖြစ်သူက ပြောကြားခဲ့ပြီးနောက် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်ရှိ ရှဲစုဝေသည် ထိုင်ဝမ်ကုမ္ပဏီ(၂)ခုနှင့်ချုပ်ဆိုထားသည့်စပွန်ဆာစာချုပ်မှဒေါ်လာ(၅၀၀၀၀)သာရရှိနေသည်။ ထိုင်ဝမ်သည် နိုင်ငံတွင်းရှိအနည်းဆုံးကုမ္ပဏီ(၁၀၀)ခန့်မှ နှစ်စဉ်ဒေါ်လာ(၃.၃)သန်းခန့်အလိုရှိနေပြီး ဘက်စကတ်ဘော၊ ဘော့စ်ဘော၊ ဘိလိယက်နှင့် ဂေါက်သီးအားကစားနည်းများတွင် နိုင်ငံစွန့်ခွာနေမှုများကို ထိန်းချုပ်သွားနိုင်ရန် မျှော်လင့်လျက်ရှိသည်။



တွဲဖက်ဖန်စွိုင်နှင့်အတူ အောင်ပွဲခံနေသည့် ရှဲစုဝေ(ဝဲ)

# တင်းနစ်အပြီး အချစ်ရေးမှာ ဆက်ရှုံးနိမ့်ခဲ့တဲ့ လစ်ဆစ်ကီ



လစ်ဆစ်ကီ



ဘင်ဂျမင်စတောက်ခ်



ဗိုလ်စွဲခဲ့သည့် ပြင်သစ်တင်းနစ်မယ် ဘာတိုလီ

ပြီးခဲ့တဲ့ ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲမှာ ပြင်သစ်တင်းနစ်မယ် ဘာတိုလီကို ရှုံးနိမ့်ခဲ့ရတဲ့ ဂျာမန်တင်းနစ်ကြယ်ပွင့်လစ်ဆစ်ကီ(၂၃ နှစ်)ဟာ တင်းနစ်မှာသာ ရှုံးနိမ့်ခဲ့ရတာမဟုတ်ဘဲ သူမရဲ့ အချစ်ရေးမှာလည်း ဆက်ပြီး ရှုံးနိမ့်ခဲ့ရတယ်လို့ဆိုရမှာပါ။

ဗိုလ်လုပွဲကစားစဉ်မှာ ပွဲကြည့်စင်ပေါ်ကနေ သူမကို စောင့်ကြည့်အားပေးနေသူတစ်ဦးရှိမနေခဲ့ပါဘူး။ အရင်က သူမကစားတဲ့ပွဲတွေမှာ ဘင်ဂျမင်စတောက်ခ်(၂၆နှစ်)လို့ခေါ်တဲ့ရေကူးသမားလေးတစ်ယောက်ကိုတွေ့ရလေ့ရှိပေမယ့်ဒီပွဲမှာတော့သူရောက်ရှိမလာခဲ့ပါဘူး။ မီဒီယာတွေကစုံစမ်းခဲ့ရာမှာတော့ ဘင်ဂျမင်စတောက်ခ်ဟာ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့မှာသာရှိနေပြီး သူ့အနေနဲ့ ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲကို သွားရောက်လိုတဲ့ဆန္ဒမရှိကြောင်း၊ သူတို့နှစ်ဦးရဲ့ဇာတ်လမ်းပြီးဆုံးသွားပြီလို့ သူငယ်ချင်းတွေကိုအရိပ်အမြွက်ဝန်ခံခဲ့ကြောင်း သိရပါတယ်။ ဂျာမန်တင်းနစ်မယ်တစ်ဦးဖြစ်တဲ့ လစ်ဆစ်ကီနဲ့ ဂျာမန်အိုလံပစ်ရေကူးသမားတစ်ဦးဖြစ်တဲ့ ဘင်ဂျမင်စတောက်ခ်တို့ဟာ ၂၀၁၁ ခုနှစ်အတွင်းကဆုံစည်းခဲ့ကြတာဖြစ်ပါတယ်။ နှစ်ဦးစလုံးဒဏ်ရာအသီးသီးရရှိနေကြလို့ ဂျာမနီမှာရှိတဲ့ ကိုယ်ကာယပြန်လည်ကုံ့ခိုင်ရေးစင်တာတစ်ခုမှာ ဒဏ်ရာတွေကို ကုသနေချိန်ဆုံတွေ့ခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ ဘင်ဂျမင်နဲ့ လစ်ဆစ်ကီတို့ဟာ သူတို့နှစ်ဦးရဲ့ အချစ်ရေးကို လူမသိအောင် သိုသိုသိပ်သိပ်သာနေထိုင်ခဲ့ကြပြီး ရေခဲပြင်ဟော်ကီပွဲကို နှစ်ဦးစလုံးသွားကြည့်တာတောင် အတူတူမထိုင်ဘဲ ခွဲထိုင်တဲ့အထိ သူတို့ရဲ့ ဇာတ်လမ်းကို လျှို့ဝှက်ထားခဲ့ပါတယ်။ ဒါပေမဲ့ လစ်ဆစ်ကီရဲ့တင်းနစ်ပွဲတွေမှာ ဘင်ဂျမင် လိုက်ပြီးအားပေးတတ်သလို၊ ဘင်ဂျမင်ရဲ့ ရေကူးပြိုင်ပွဲတွေမှာလည်း လစ်ဆစ်ကီက လိုက်ပါအားပေးတတ်ပါတယ်။ နောက်ပိုင်းမှာတော့ သူတို့ရဲ့ သူငယ်ချင်းတွေကတစ်ဆင့် သူတို့ရဲ့ သတင်းပေါက်ကြားလာခဲ့ပြီး စာမျက်နှာတွေထက်ကိုရောက်ရှိလာခဲ့ပါတယ်။ လစ်ဆစ်ကီဟာ သူမရဲ့ တင်းနစ်လေ့ကျင့်မှုတွေကို အမေရိကန်နိုင်ငံ၊ ဖလော်ရီဒါမှာအခြေစိုက်ပြုလုပ်လေ့ရှိပြီး ဘင်ဂျမင်ကတော့ ဘာလင်မြို့မှာသာ နေထိုင်သူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် အနေဝေးရာကနေ သွေးအေးပြီး သူတို့နှစ်ဦးရဲ့အကြားဆက်ဆံရေးအေးခဲသွားသလားဆိုတာ ပရိသတ်တွေအတွက် ပဟေဠိတစ်ပုဒ်ဖြစ်နေပါတယ်။ ဗိုလ်လုပွဲအပြီး ဆုပေးပွဲမှာကျခဲ့တဲ့ လစ်ဆစ်ကီရဲ့မျက်ရည်က ဝင်ဘယ်လ်ဒန်ဆုဖလားအတွက်လား၊ ဘင်ဂျမင်စတောက်ခ်အတွက်လားဆိုတာတော့ သူမကိုယ်တိုင်ပဲသိပါလိမ့်မယ်။





# MY BOY
## ငါ်ထောက်ခံချက်ရ လက်ဖက်ရည်ဆိုင်







ပရိသတ်ကြီးရေ ---------
MY BOY ၏ထောက်ခံချက်ရလက်ဖက်ရည်ဆိုင် ဆိုတဲ့
ကဏ္ဍလေးမှ ထပ်မံကြိုဆိုလိုက်ပါတယ်။
တော်ဒါတွေနဲ့ဂိမ်းဆော့တဲ့ညနေတစ်ခုပေါ့။ အိမ်ပြန်လမ်းတစ်လျှောက်
ဂိမ်းပွဲအကြောင်းစားမြုံပြန်ရင်း လမ်းမှာမိုးတွေအုံ့ပြီး
သည်းကြီးမည်းကြီးရွာချပါလေရော။
အဲဒါနဲ့ ကျွန်တော်တို့လည်း နီးစပ်ရာဆိုင်ကို ပြေးဝင်ပြီးမိုးခိုရတော့တာပေါ့။
အဲ့ဒီမှာကျွန်တော်တို့ အမှဲ့လိုက်ကြီးဝင်သွားမိတဲ့ ဆိုင်လေးနာမည်က
New The First တဲ့။ မိုးကလည်းသည်း၊ အေးကလည်းအေး။
ဗိုက်ကလည်းဆာလာတော့ လက်ဖက်ရည်နဲ့အသုတ် မှာစားလိုက်တယ်။
အသုတ်ကချဉ်စပ်ကောင်းသလို လက်ဖက်ရည် တစ်ကျိုက်
ကောက်မော့လိုက်တော့ အရသာအတော်ကောင်းတာသိလိုက်ရတယ်။
သူငယ်ချင်းတွေကိုကြည့်လိုက်တော့ လည်း ခေါင်းတောင်မဖော်နိုင်ပဲ အပီအပြင်
ဆွဲနေကြတယ်။ ကျွန်တော်လည်း ဆိုင်ရှင်ကိုတွေ့တော့ လက်ဖက်ရည်အတွက်
ဘာနို့ဆီသုံးလဲဗျလို့ လှမ်းမေးလိုက်မိတယ်။ ဆိုင်ရှင်မအေးအေးစီက
ဒီဆိုင်လက်ဖက်ရည်ကောင်းတာ အဓိက MY BOY နို့ဆီကြောင့် တဲ့။
ဒီလက်ဖက်ရည်ဆိုင်ကိုဖွင့်ခဲ့တာ ၇နှစ်ရှိပြီဖြစ်ပြီး
MY BOY ကို သူငယ်ချင်းကညွှန်းလို့ သုံးဖြစ်ခဲ့တာပါတဲ့။

လက်ဖက်ရည် ရောင်းအား
ကောင်းပြီး ဆိုင်ကိုတစ်နေ့
ညှိသည် ၁၀၀ ကျော်လောက်ဝင်တယ်၊
ဈေးရောင်းရတာဝါသနာပါလို့ ဖွင့်ထားတာဖြစ်ပြီး ဆိုင်ပိတ်ရက်လည်းမရှိ
ဆိုင်ကို နံနက် ၄ နာရီမှ ည ၇နာရီထိ ဖွင့်ပါတယ်လို့ ရှင်းပြပေးပါတယ်၊
ထမင်းဟင်း၊ မြိတ်ကတ်ကြေးကိုက်နှင့် တရုတ်အစားအစာတွေပါရနိုင်ကြောင်း
သိခဲ့ရပါတယ်။ မိုးလည်းစဲ ဗိုက်လည်းကားပြီးမို့ ပြန်ဖို့အတွက်
ကျသင့်ငွေကိုရှင်းလိုက်တော့ ... လက်ဖက်ရည်နဲ့အသုတ်ဖိုးကို
၅၅၀ကျပ်သာ ရှင်းခဲ့ရပါတယ်၊
ကဲ ဈေးသက်သက်သာသာနဲ့ အရသာကောင်းကောင်း
စားချင်တဲ့ သူများအတွက် လိပ်စာနဲ့ မြေပုံကို
မျှဝေပေးလိုက်ပါတယ်။
အမှတ် (၁၀)၊ ၉ လမ်း၊ အလယ်ဘလောက်၊
လမ်းမတော်မြို့နယ်။

မအေးအေးစီ
( New The First Cafe )






100 % GUARANTEED

ideal Companion with Tea or Coffee






First Eleven Sports Journal Vol:10 No.33 14, April, 2013

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည်ဖြစ်သောအားကစားနည်းများကို First Eleven Sports Journal နှင့် Premier Eleven Sports Journal တွင် အပတ်စဉ်ဖော်ပြလျက်ရှိရာ ယခုတစ်ပတ်၌ ဘောလုံးအားကစားနည်းအကြောင်း ဆက်လက်ဖော်ပြအပ်ပါသည်။








# ကမ္ဘာကြီးရဲ့သည်းခြေကြိုက် ၃

# ဘောလုံးအားကစား

စိုးညီ

ဘောလုံးအားကစားနည်း၏ပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့် ဘောလုံးပွဲများ၏အဓိကကျသောအစိတ်အပိုင်းများအကြောင်းကို ရေးသားခဲ့ပြီးဖြစ်ပါသည်။ ယခုတစ်ပတ်တွင် နိုင်ငံတကာဘောလုံးပြိုင်ပွဲများနှင့်ပတ်သက်၍ ဆက်လက်တင်ပြပါမည်။ ယင်းသို့ဖော်ပြရာတွင် နိုင်ငံကိုယ်စားပြု၊ နိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများကိုသာ ရွေးချယ်ထားပါသည်။

မျက်မှောက်ကမ္ဘာ့ဘောလုံးလောကတွင် အဆင့်အတန်းအမြင့်ဆုံးနှင့် ဂုဏ်သိက္ခာအရ အလေးအနက်ထားကြသောပြိုင်ပွဲမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(FIFA World Cup)ဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှကြီးမှူး၍ ၁၉၃၀ ခုနှစ်တွင် စတင်ကျင်းပသည်။ (၄)နှစ်တစ်ကြိမ် ပုံမှန်ကျင်းပနေသောပြိုင်ပွဲဖြစ်ပြီး (၅)ကြိမ်ဗိုလ်စွဲထားသည့် ဘရာဇီးလ်လက်ရွေးစင်အသင်းသည် အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်လျက်ရှိသည်။ (၄)နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည့်ပြိုင်ပွဲဖြစ်သော်လည်း ၁၉၄၂ နှင့် ၁၉၄၆ ခုနှစ်တို့တွင် ဒုတိယကမ္ဘာစစ်ကြောင့် ပြိုင်ပွဲကျင်းပနိုင်ခဲ့ခြင်းမရှိပေ။ လက်ရှိပြိုင်ပွဲကျင်းပသည့်ပုံစံသည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အသင်းအပါအဝင် အသင်းပေါင်း(၃၂)သင်းဖြင့် ကျင်းပသည်။ အိမ်ရှင်အသင်းမှလွဲ၍ ကျန်အသင်း(၃၁)သင်းသည် သက်ဆိုင်ရာဒေသအသီးသီးတွင်ခြေစစ်ပွဲများယှဉ်ပြိုင်ပြီးမှသာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံအဖြစ် နိုင်ငံပေါင်း(၈)နိုင်ငံမှသာ ဗိုလ်စွဲခဲ့ပြီး ဘရာဇီးလ်(၅)ကြိမ်၊ အီတလီ(၄)ကြိမ်၊ ဂျာမနီ(၃)ကြိမ်၊ အာဂျင်တီးနား(၂)ကြိမ်၊ ဥရုဂွေး(၂)ကြိမ်နှင့် ပြင်သစ်၊ အင်္ဂလန်၊ စပိန်တို့က (၁)ကြိမ်စီ ဗိုလ်စွဲခဲ့ကြသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးချန်ပီယံအဖြစ် မှတ်တမ်းဝင်နေသည့်အသင်းမှာ ၁၉၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည့်ဥရုဂွေးအသင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံးပြိုင်ပွဲသည်ဥရောပတံခွန်စိုက်ဘောလုံးပြိုင်ပွဲ(European Football Championship)ဖြစ်သည်။ ယင်းပြိုင်ပွဲကို ယူရိုပြိုင်ပွဲဟု လူသိများသည်။ ၁၉၆၀ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ဥရောပမှ လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ပြီးခဲ့သည့် ယူရို-၂၀၁၂ အထိ အိမ်ရှင်အသင်းအပါအဝင် အသင်းပေါင်း(၁၆)သင်းဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ သို့သော် လာမည့် ယူရို-၂၀၁၆ ပြိုင်ပွဲတွင်မူ နောက်ဆုံးအဆင့်ပြိုင်ပွဲကို အသင်းပေါင်း(၂၄)သင်းဖြင့် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ယူရိုပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းများမှာ ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ဖြစ်သည်။ ဂျာမနီအသင်းသည် အနောက်ဂျာမနီအမည်ဖြင့် ၁၉၇၂ နှင့် ၁၉၈၀ တို့တွင် ဗိုလ်စွဲခဲ့ပြီး ဂျာမနီအသင်းအမည်ဖြင့် ၁၉၉၆ ခုနှစ်၌ ဗိုလ်စွဲခဲ့သည်။ စပိန်အသင်းသည် ၁၉၆၄၊ ၂၀၀၈ နှင့် ၂၀၁၂ ပြိုင်ပွဲတို့တွင် ဗိုလ်စွဲထားပြီး ယူရိုပြိုင်ပွဲ၏လက်ရှိချန်ပီယံဖြစ်သည်။

အာရှတိုက်တွင်မူ နိုင်ငံ့လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်သည့် အဓိကဘောလုံးပြိုင်ပွဲကြီး(၂)ရပ်ရှိသည်။ အာရှဖလားပြိုင်ပွဲ(AFC Asian Cup)နှင့် အာရှအားကစားပြိုင်ပွဲ(Asian Games)တို့ဖြစ်သည်။ သို့သော် အာရှအားကစားပြိုင်ပွဲမှ ဘောလုံးပြိုင်ပွဲတွင်အသက်(၂၃)နှစ်အောက်အသင်းများကိုသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပြီးနောက် အာရှတိုက်၏အဆင့်မြင့်ဆုံးဘောလုံးပြိုင်ပွဲသည် အာရှဖလားဘောလုံးပြိုင်ပွဲသာ ကျန်ရှိတော့သည်။



အာရှဖလားဘောလုံးပြိုင်ပွဲကို ၁၉၅၆ တွင် စတင်ကျင်းပခဲ့ပြီး (၄)နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည်။ ကမ္ဘာ့ဖလားနှင့် ယူရိုပြိုင်ပွဲတို့နည်းတူ ခြေစစ်ပွဲအဆင့်ဖြင့်ယှဉ်ပြိုင်ရပြီး ခြေစစ်ပွဲအောင်သော အသင်းများသာ နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ပေးသည်။ ပြိုင်ပွဲ၏အအောင်မြင်ဆုံးအသင်းမှာဂျပန်အသင်းဖြစ်သည်။ ဂျပန်အသင်းသည် ၁၉၉၂၊ ၂၀၀၀၊ ၂၀၀၄ နှင့် ၂၀၁၁ ပြိုင်ပွဲတို့တွင် (၄)ကြိမ်တိုင်ဗိုလ်စွဲထားသည်။ ဂျပန်အသင်းနောက်တွင် တောင်ကိုရီးယား၊ အီရန်နှင့် ဆော်ဒီအာရေဗျတို့က (၃)ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် အာရှဖလားနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ၁၉၆၈ ခုနှစ်က တစ်ကြိမ်သာပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သည်။

အာရှဖလားနှင့် ယူရိုပြိုင်ပွဲတို့ကဲ့သို့ပင် တောင်အမေရိကဖလားပြိုင်ပွဲသည်လည်း နိုင်ငံ့လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဥရုဂွေးအသင်းက (၁၅)ကြိမ်ဗိုလ်စွဲထားပြီး အာဂျင်တီးနားနှင့် ဘရာဇီးလ်အသင်းတို့ကိုကျော်လွှန်ကာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်လျက်ရှိသည်။ အရှေ့တောင်အာရှဒေသတွင်းတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ဘောလုံးပြိုင်ပွဲနှင့် ဆူဇူကီးဖလားပြိုင်ပွဲတို့တွင် ဒေသတွင်းနိုင်ငံများအတွက် အလေးအနက်ထားယှဉ်ပြိုင်စရာ အဓိကပြိုင်ပွဲကြီး(၂)ရပ်ဖြစ်သည်။ အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ၏ သမိုင်းကြောင်းကိုပြောလျှင် ပြောင်းလဲမှုဖြစ်စဉ်များအရ (၃)ပိုင်းခွဲ၍ ပြောရမည်ဖြစ်သည်။ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲအဖြစ်ကျင်းပခဲ့သော ၁၉၅၉ မှ ၁၉၇၅ အထိ အပိုင်းအခြား၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖြစ်လာသည့်၁၉၇၇ မှ ၂၀၀၁ အထိ အပိုင်းအခြား၊ အသက်(၂၃)နှစ်အောက်အဖြစ် ပြောင်းလဲကန့်သတ်ခဲ့သည့် ၂၀၀၁ ခုနှစ်နောက်ပိုင်းကာလတို့ဖြစ်သည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အစောပိုင်းကာလဟုဆိုနိုင်သော ကျွန်းဆွယ်အားကစားကာလအတွင်း အအောင်မြင်ဆုံးအသင်းသည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် ပြိုင်ပွဲ(၆)ကြိမ်ဆက် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပြီး (၅)ကြိမ်ဆက် ဗိုလ်စွဲခဲ့သည်။ မြန်မာဘောလုံးအသင်းသည် ၁၉၆၁ ပြိုင်ပွဲတွင် ဒုတိယရခဲ့ပြီးနောက် ၁၉၆၅ မှ ၁၉၇၃ အထိ ပြိုင်ပွဲ(၅)ကြိမ်ဆက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၁၉၇၇ တွင် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖြစ်လာပြီးနောက်တွင်မူ ထိုင်းအသင်းက အအောင်မြင်ဆုံးအဖြစ်ရပ်တည်သည်။ ထိုင်းအသင်းသည် ၁၉၈၁ မှ ၁၉၈၅ အထိ (၃)ကြိမ်ဆက်ဗိုလ်စွဲခဲ့သလို ၁၉၉၃ မှ ၂၀၀၇ အထိ(၈)ကြိမ်ဆက် ဗိုလ်စွဲသည်။ ၂၀၀၁ ခုနှစ်တွင် အသက်(၂၃)နှစ်အောက်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက် ထိုင်းအသင်းက ၂၀၀၇ အထိ (၄)ကြိမ်ဆက်ဗိုလ်စွဲခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သော ၂၀၀၉ နှင့် ၂၀၁၁ ပြိုင်ပွဲတို့တွင်မူ မလေးရှားအသင်းက (၂)ကြိမ်ဆက်ဗိုလ်စွဲထားသည်။

အရှေ့တောင်အာရှဒေသတွင်းတွင် လက်ရွေးစင်အသင်းများပါဝင်ယှဉ်ပြိုင်သည့် တစ်ခုတည်းသောပြိုင်ပွဲသည် ဆူဇူကီးဖလားပြိုင်ပွဲဖြစ်သည်။ ယင်းပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး (၂)နှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည်။ စတင်ကျင်းပသည့်အချိန်တွင် Tiger Cup အမည်ဖြင့် ကျင်းပခဲ့သည်။ ယင်းနောက် AFF Championship အမည်ဖြင့်ကျင်းပခဲ့ဖူးပြီး လက်ရှိတွင် AFF Suzuki Cup အမည်ဖြင့် ကျင်းပလျက်ရှိသည်။ စင်ကာပူလက်ရွေးစင်အသင်းသည် (၄)ကြိမ်ဗိုလ်စွဲထားကာအအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်လျက်ရှိပါသည်။



Premier ELEVEN SPORTS JOURNAL

SUPPLEMENT အ ချ ပ် ပို

# ရာသီကြိုခြေစမ်းခရီးစဉ်အတွက်ထိုင်းနိုင်ငံသို့ရောက်ရှိခဲ့သည့်မန်ယူအသင်း တိုက်စစ်မှူးရွန်နီ တံကောက်ကြောဒဏ်ရာရရှိ၍ ချက်ချင်းအိမ်ပြန်ပို့ခဲ့ရ

## တစ်လခန့်အနားပေးရဖွယ်ရှိနေပြီး ယင်းအခြေအနေမှာရွန်နီ၏အပြောင်းအရွှေ့အပေါ် သက်ရောက်မှုရှိလာနိုင်




Photo: Daily Mail

မန်ယူအသင်းသည် ပြီးခဲ့သည့်ကြာသပတေးနေ့က ရာသီကြိုခြေစမ်းခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ရောက်ရှိခဲ့သော်လည်း အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် တိုက်စစ်မှူးရွန်နီ တံကောက်ကြောဒဏ်ရာ ရရှိသွားခဲ့ခြင်းကြောင့် ချက်ချင်းအိမ်ပြန်ပို့ခဲ့ရကြောင်း သိရှိရသည်။

မန်ယူအသင်းသည် ကစားသမား(၁၉)ဦး ပါဝင်သောအဖွဲ့ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ဘန်ကောက်မြို့ ဒွန်မောင်းလေဆိပ်သို့ရောက်ရှိလာသည့် မန်ယူအသင်းကို ထိုင်းနိုင်ငံမှ ပရိသတ်များစွာ လာရောက်ကြိုဆိုခဲ့ကြကြောင်းလည်း သိရှိရသည်။ ထိုင်းပရိသတ်များသည် မန်ယူကစားသမားများထံမှ အမှတ်တရလက်မှတ်များရရှိရန် ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး ဟိုတယ်သို့သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း ကြိုဆိုအားပေးခဲ့ကြကြောင်း သိရှိရသည်။ မန်ယူအသင်း၏ နည်းပြမိုယက်စ်အပါအဝင်ကစားသမားများသည် ဘန်ကောက်ရှိ Sirirajဆေးရုံသို့သွားရောက်ကာ ထိုင်းဘုရင်နှင့်ဘုရင်မကိုပန်းစည်းဖြင့် ဂါရဝပြုနှုတ်ဆက်ခြင်းလည်း ပြုလုပ်ခဲ့ပြီးနောက် လေ့ကျင့်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းတွင် ဆက်ရှိ၊ မရှိ မသေချာသေးသည့်အခြေအနေကြောင့် ပရိသတ်စိတ်ဝင်စားနေသည့် တိုက်စစ်မှူးရွန်နီသည် လေဆိပ်သို့ရောက်ရှိလာချိန်တွင် မျက်နှာအမူအရာမသာမယာဖြင့်ရှိနေခဲ့သော်လည်း လေ့ကျင့်ရေးအစီအစဉ်တွင်မူ ပျော်ပျော်ရွှင်ရွှင်ဖြင့် မြင်တွေ့ခဲ့ရကြောင်းလည်း မီဒီယာများက ဖော်ပြခဲ့ကြသည်။ သို့သော် ရွန်နီသည် ယင်းလေ့ကျင့်ရေးအစီအစဉ်၌ပင် တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်အတွက် လိုအပ်သည့်ကုသမှုများ အချိန်မီပြုလုပ်နိုင်ရန်အတွက် အင်္ဂလန်သို့ချက်ချင်းပြန်ပို့ခဲ့ရခြင်းဖြစ်သည်။

ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ အသေးစိတ်သိရှိရခြင်းမရှိသေးသော်လည်း မန်ယူဆေးအဖွဲ့၏ ကနဦးခန့်မှန်းချက်အရ တစ်လခန့်အနားပေးရဖွယ်ရှိနေကြောင်း သိရှိရသည်။ ထို့ကြောင့် ယင်းအခြေအနေမှာ ရွန်နီ၏အပြောင်းအရွှေ့အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်းလည်း ဗြိတိန်မီဒီယာများက သုံးသပ်ဖော်ပြခဲ့ကြသည်။ မန်ယူနည်းပြမိုယက်စ်ကမူ ရွန်နီနှင့်ပတ်သက်၍ ထိုင်းမီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားရာ၌ "ရွန်နီနဲ့ ကျွန်တော် (၄)ကြိမ်လောက်ဆွေးနွေးပြီးပါပြီ။ သူလည်း ကျွန်တော့်အိမ်လာသလို၊ ကျွန်တော်လည်း သူ့အိမ်ရောက်ပါတယ်။ သူ အသင်းမှာဆက်နေလိုစိတ်ရှိတယ်လို့ထင်ပါတယ်။ Not For Saleလို့ပြောထားတဲ့အတိုင်း အတတ်နိုင်ဆုံးကြိုးစားသွားမှာပါ" ဟု ဆိုခဲ့သည်။

## ဘောကြားနေ့နောက်ပိုင်းသတင်းများ

- ❐ မာလာဂါအသင်း၏ အာဂျင်တီးနားနောက်ခံလူ ဒီမစ်ချယ်လစ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်(၁)ရာသီစာချုပ် ချုပ်ဆိုခဲ့ကြောင်းသိရသည်။
- ❐ ချယ်လ်ဆီးအသင်းသည် စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီကြယ်ပွင့် ဘရူမာအားခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ❐ PSG နောက်ခံလူသီယာဂိုဆေးလ်ဗားက ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုများအား သဘောတူညီခဲ့သည်ဆိုသည့်သတင်းများအား ငြင်းဆန်ပယ်ချခဲ့သည်။
- ❐ ဆွမ်ဆီးအသင်းသည် ၎င်းတို့အသင်း၏စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် ပေါင်(၁၂)သန်းဖြင့် ဗီတက်ဆီအသင်းမှ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဝဲလ်ဖရိုင်းဘိုနီအား(၄)နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ❐ ဂျူဗင်တပ်စ်အသင်းသည် တိုရီနိုအသင်းမှ အီတလီနောက်ခံလူအော့ဘွန်နာအားခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

## ဥရောပအမျိုးသမီးချန်ပီယံရှစ်ရလဒ်များ

| | | |
|---|---|---|
| အီတလီ | ၀-၀ | ဖင်လန် |
| ဆွီဒင် | ၁-၁ | ဒိန်းမတ် |
| နော်ဝေ | ၁-၁ | အိုက်စလန် |
| ဂျာမနီ | ၀-၀ | ဟော်လန် |

## ကလပ်အသင်းခြေစမ်းပွဲရလဒ်များ

| | | |
|---|---|---|
| ဘရာဆော့ဗ် | ၅-၁ | မီတယ်လိုဂလိုဘာတ်စ် |
| ဒိုင်နမိုအရက်စ်ဒန် | ၂-၁ | နက်ပ်ဒီ |
| ခရော်လေ | ၁-၂ | အစ်ဝစ်ချ် |
| ဘော်ရီဟမ်းဝုဒ် | ၀-၃ | ဝက်စ်ဟမ်း |
| အိုမိုးနီးယားနီကိုးရှား | ၃-၁ | ရန်သီ |
| ဆာလ်ဇ်ဘာ့ဂ် | ၃-၁ | ရှော်လ်ကာ |
| စပါတာပရပ်ဂ် | ၁-၁ | ဘိုဟီးမီးယန်းစ် |

## ဟာဘာရီဂတ်စ်အားပြန်လည်ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

အာဆင်နယ်အသင်းသည် ဘာစီလိုနာကွင်းလယ်လူ ဟာဘာရီဂတ်စ်အားပြန်လည်ခေါ်ယူရန်ပြင်ဆင်နေကြောင်း ဗြိတိန်နာမည်ကြီးသတင်းစာ Daily mail ၏ဖော်ပြချက်အရသိရှိရသည်။ အာဆင်နယ်အသင်းသည် ဟာဘာရီဂတ်စ်အား ပြန်လည်ခေါ်ယူရန်အတွက် ပေါင်(၂၅)သန်းအထိ အသုံးပြုသွားရန်စီစဉ်နေကြောင်းသိရသည်။ ထို့ပြင်အာဆင်နယ်အသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် နာမည်ကြီးကစားသမားများဖြစ်သည့် ဟီဂွေအင်၊ ဆွာရက်ဇ်၊ ရွန်နီအစရှိသည့်ကစားသမားများကိုလည်း ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။

## သီယာဂိုအယ်လ်ကန်တာရာအား ဘေယန်မြူးနစ်ခေါ်ယူလို

ဘေယန်မြူးနစ်အသင်းနည်းပြသစ် ဂွါဒီယိုလာသည် ဘာစီလိုနာအသင်း၏ စပိန်ကွင်းလယ်ကြယ်ပွင့် သီယာဂိုအယ်လ်ကန်တာရာအားခေါ်ယူလိုကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု AFP ကဖော်ပြခဲ့သည်။ ဂွါဒီယိုလာက " ကျွန်တော်သူ့အကြောင်းကောင်းကောင်းသိပါတယ်။ သူဟာနေရာစုံမှာကစားနိုင်တဲ့သူပါ။ သူဟာကျွန်တော်အလိုချင်ဆုံးကစားသမားတစ်ယောက်ပါ" ဟုပြောကြားခဲ့သည်။ မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကလည်းယင်းကစားသမားအားခေါ်ယူရန်အလိုရှိနေသည်။

## ဆန်းဒါးလန်းအသင်းသို့ ဂျီယာချီရီနီပြောင်းရွှေ့မည်

ဂျူဗင်တပ်စ်အသင်းမှ အီတလီကွင်းလယ်ကစားသမား အီမန်နျူရယ်ဂျီယာချီရီနီသည် အသင်းမှထွက်ခွာကာ ဆန်းဒါးလန်းအသင်းသို့ပြောင်းရွှေ့မည်ဖြစ်ကြောင်းသိရသည်။ ဆန်းဒါးလန်းအသင်းကလည်း ၎င်း၏အပြောင်းအရွှေ့အတွက် ယူရို(၉)သန်းအသုံးပြုကာ ဆက်သွယ်ကမ်းလှမ်းခဲ့ကြောင်း နည်းပြကွန်တီက အတည်ပြုပြောကြားခဲ့သည်။ ဂျီယာချီရီနီကလည်း ပွဲထွက်ခွင့်နည်းပါးမှုကြောင့် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေပြီး ဆန်းဒါးလန်းအသင်းနည်းပြ ဒီကာနီယိုကလည်း ၎င်းအား အရခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ယခုနှစ် ဥရောပအကောင်းဆုံးဘောလုံးသမားဆုမှာ မိမိအတွက် နောက်ဆုံးအခွင့်အရေးဖြစ်သည်ဟု ဘေယန်မြူးနစ်တောင်ပံကစားသမား ရီဘာရီဆို


Photo: AFP

၂၀၁၃ခုနှစ် ဥရောပအကောင်းဆုံးဘောလုံးသမားဆုအတွက် ဆန်ခါတင်(၁၀)ဦးစာရင်းတွင် ပါဝင်နေသည့် ဘေယန်မြူးနစ်တောင်ပံကစားသမားရီဘာရီက အဆိုပါဆုမှာ မိမိအတွက်နောက်ဆုံးအခွင့်အရေးဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ပြင်သစ်လက်ရွေးစင်ကစားသမားရီဘာရီသည် ဆန်ခါတင်(၁၀)ဦးစာရင်းတွင် ဘေယန်မြူးနစ်အသင်းဖော်(၃)ဦးနှင့်အတူ ပါဝင်နေသူဖြစ်သည်။ ရီဘာရီက "Ballon d' Or ဆုက ကျွန်တော့်အတွက် နောက်ဆုံးအခွင့်အရေးလို့ ပြောနိုင်ပါတယ်။ ပြီးခဲ့တဲ့ရာသီဟာ ကျွန်တော့်အတွက် အကောင်းဆုံးရာသီတစ်ခုဖြစ်ခဲ့ပြီး အဲဒီထက်ပိုကောင်းအောင် ကျွန်တော်လုပ်နိုင်တော့မယ်လို့ မထင်ပါဘူး။ ကျွန်တော် ဒီဆုရတာကို မြင်တွေ့လိုတဲ့သူတွေ အများကြီးရှိလိမ့်မယ်လို့လည်း ထင်ပါတယ်" ဟု ပြောကြားခဲ့သည်။ သို့သော် အလေးပေးမှုများအရမူ ဘာစီလိုနာတိုက်စစ်မှူးမက်ဆီကပင် ရေပန်းအစားဆုံးဖြစ်နေပြီး ဒုတိယနေရာတွင် စီရော်နယ်လ်ဒို၊ တတိယနေရာတွင် ဘေးလ်တို့ရပ်တည်နေပြီး ရီဘာရီမှာ ဘေယန်အသင်းဖော်ရော်ဘင်နှင့် ရှဝိန်းစတိုင်ဂါတို့၏နောက်တွင်သာ ရှိနေကြောင်းသိရှိရသည်။ သို့ရာတွင် ဖလား(၃)လုံးချန်ပီယံအဖြစ် အောင်မြင်မှုရရှိခဲ့သည့် ဘေယန်မြူးနစ်အသင်းမှ ကစားသမားတစ်ဦးဦးရရှိလိမ့်မည်ဟု သုံးသပ်ခန့်မှန်းမှုများလည်း ရှိနေသည်။

## ဖူလ်ဟမ်အသင်းကို ရောင်းချရန် အသင်းပိုင်ရှင်စီစဉ်

## အမေရိကန်သူဌေးများထံပေါင်သန်း(၂၀၀)ဖြင့်ရောင်းမည်

Photo : Daily Mail



ဖူဟမ်အသင်းပိုင်ရှင်သစ်ဖြစ်လာနိုင်သည့် ရှာဟစ်ခန်း(ယာ)

ဖူလ်ဟမ်အသင်း၏ အီဂျစ်လူမျိုးပိုင်ရှင်ဖြစ်သူ အယ်လ်ဖာယက်သည် ၎င်း၏အသင်းအား အမေရိကန်သူဌေးများထံသို့ရောင်းချရန်အသင့်ရှိနေပြီဖြစ်ကြောင်းသိရှိရသည်။

Jaguars ကားအပိုပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ၏ပိုင်ရှင်ဖြစ်သူ အမေရိကန်သူဌေးရှာဟစ်ခန်းသည် ဖူလ်ဟမ်အသင်းကိုပေါင်သန်း(၂၀၀)ဝန်းကျင်ဖြင့်ဝယ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။ အသင်းပိုင်ရှင်အပြောင်းအလဲဖြစ်ပေါ်လာခဲ့ပါက ပရီးမီးယားလိဂ်တွင် အမေရိကန်သူဌေးများ ပိုင်ဆိုင်သည့်အသင်းမှာ(၆)သင်းအထိရှိလာမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

ရှာဟစ်ခန်းသည် ကမ္ဘာကျော် Forbes မဂ္ဂဇင်း၏တွန့်ပြန်မှုအရ ဒေါ်လာ(၁ . ၇)ဘီလျံချမ်းသာသူဖြစ်ပြီး အယ်လ်ဖာယက်၏ပိုင်ဆိုင်မှုထက်နှစ်ဆပိုမိုများပြားသည့်ပမာဏလည်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီလကတည်းက ဖူလ်ဟမ်အသင်းကိုဝယ်ယူရန်စတင်ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် အသင်းကိုပိုင်ဆိုင်ရန်နီးစပ်လာခဲ့ခြင်းလည်းဖြစ်သည်။ ပါကစ္စတန်သားတစ်ဦးဖြစ်သူ ရှာဟစ်ခန်းသည်အသက်(၁၇)နှစ်အရွယ်ကတည်းက အမေရိကသို့ရောက်ရှိနေသူဖြစ်ပြီး ယခုအချိန်တွင်အသက်(၆၂)နှစ်အရွယ်ရှိပြီဖြစ်သည်။ ၎င်းသည် NFL ကလပ်အသင်းတစ်သင်းဖြစ်သည့် ဂျက်ဆင်ဘလီဂျာဂွာအသင်းကို ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။

### PSV ကွင်းလယ်လူစထရုမန်းကို ရိုးမားအသင်း တရားဝင်ကမ်းလှမ်း

ရာသီသစ်အတွက် ပြင်ဆင်မှုများစွာပြုလုပ်နေသော ရိုးမားအသင်းသည် ဥရောပအသင်းကြီးများစွာမှ စိတ်ဝင်စားနေသော PSV အသင်းကွင်းလယ်လူ ကီဗင်စထရုမန်းကို ပြောင်းရွှေ့ကြေး ယူရို(၁၆)သန်းဖြင့် တရားဝင်ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သိရှိရသည်။ ရိုးမားနည်းပြရူဒီဂါစီယာကိုယ်တိုင်ကလည်း စထရုမန်းကို ဖုန်းဖြင့်ဆက်သွယ်ကာ ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိရန် ကြိုးစားနေကြောင်း သိရှိရသည်။ PSV အသင်းမှ ထိုသတင်းကို အတည်ပြုထားပြီး ရောင်းချမည်မဟုတ်ဟု ဆိုခဲ့သည်။

### မန်စီးတီးမှာကမ္ဘာ့အကောင်းဆုံးအသင်း စာရင်းဝင်ဟု ဖာနန်ဒင်ဟိုချီးကျူး

မန်စီးတီးအသင်း၏ ကွင်းလယ်လူသစ် ဖာနန်ဒင်ဟိုက မိမိတို့အသင်းသည် လက်ရှိကမ္ဘာ့အကောင်းဆုံးအသင်းများတွင် တစ်သင်းအပါအဝင်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဖာနန်ဒင်ဟိုက "မန်စီးတီးအသင်းဟာ ကမ္ဘာ့အကောင်းဆုံးအသင်းတွေထဲက တစ်သင်းဖြစ်ပါတယ်။ ဒီအသင်းကိုပြောင်းရွှေ့နိုင်ခဲ့တာဟာ ကျွန်တော့်အတွက် အလွန်အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ပါ။ နောက်ဆုံးကစားခဲ့တဲ့အသင်းနဲ့ကစားဟန်မတူတာက စိန်ခေါ်မှုတစ်ခုဖြစ်ပေမယ့် ကျွန်တော် မစိုးရိမ်ပါဘူး" ဟု ပြောကြားခဲ့သည်။

### ဇီဒန်း၏ကစားပုံကို ပုံတူကူးချ အတုခိုးခဲ့ဟု အိုဇေးလ်ဝန်ခံ

ရီးယဲလ်မက်ဒရစ်အသင်း၏ ဂျာမန်ကွင်းလယ်လူအိုဇေးလ်က ပြင်သစ်ဂန္ထဝင်ကစားသမားဇီဒန်း၏ ကစားပုံကို YouTube မှ ကြည့်ပြီး ပုံတူကူးချအတုခိုးခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ရီးယဲလ်အသင်းအားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေသူဇီဒန်းနှင့်ပတ်သက်ပြီး အိုဇေးလ်က "ကျွန်တော်ဟာ ဇီဒန်းရဲ့ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက လှုပ်ရှားမှုတွေ၊ ကစားပုံတွေကို YouTube မှ လိုက်ရှာပြီး အဲ့ဒီလိုကစားနိုင်အောင် အတုခိုးလေ့ကျင့်ခဲ့ပါတယ်"ဟု ဆိုခဲ့သည်။

## BRIEF

❒ မန်စီးတီးအသင်းနည်းပြသစ်ပယ်လီဂရီနီသည် တောင်အာဖရိကသို့ ရာသီကြိုခြေစမ်းခရီးထွက်ခွာမည့် မန်စီးတီးအသင်းလူစာရင်းတွင် ကစားသမားသစ်များအပြင် မြို့ခံပြိုင်ဘက်မန်ယူအသင်းဂန္ထဝင်တိုက်စစ်မှူးအန်ဒီကိုးလ်၏သားဖြစ်သူလူငယ်တိုက်စစ်မှူးဒီဗန်တီကိုးလ်အား ထည့်သွင်းခေါ်ယူခဲ့ကြောင်း သိရှိရသည်။

❒ ဝက်စ်ဟမ်းအသင်းလက်ထောက်နည်းပြမက်ခ်ဒေါနယ်လ်က လီဗာပူးလ်အသင်းမှ ခေါ်ယူထားသည့် တိုက်စစ်မှူးအင်ဒီကာရိုးလ်သည် လက်ရှိအချိန်တွင် ခြေကျင်းဝတ်ဒဏ်ရာရရှိထားသော်လည်း ရာသီသစ်စတင်ချိန်၌ ကြံ့ခိုင်မှုပြည့်ဝစွာ ကစားနိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

❒ ဆွမ်ဆီးအသင်းသည် QPR အသင်းမှ ကွင်းလယ်လူဂရန်နာရိုကို ခေါ်ယူရန် နှစ်သင်းတွေ့ဆုံညှိနှိုင်းနေကြောင်း ကစားသမား၏ အေးဂျင့်က အတည်ပြုခဲ့သည်။

❒ ပရီးမီးယားလိဂ်တန်းတက်ကလပ်ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဝက်ဘရွန်းအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် တိုက်စစ်မှူးအိုဒန်ဝင်ဂီကို ပေါင်(၂ . ၅)သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေသည်။

❒ ဖီအိုရင်တီးနားအသင်း၏ကွင်းလယ်လူပစ်ဇာရိုသည် အသင်းဟောင်းမန်စီးတီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် နီးစပ်နေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသည်။

❒ အာဆင်နယ်အသင်းသည် အသင်းမှ ထွက်ခွာဖွယ်ရှိသည့် ညာနောက်ခံလူဆက်ဂ်နာ၏နေရာတွင် အစားထိုးရန် အေစီမီလန်နောက်ခံလူအဘီတီအား ပစ်မှတ်မှတ်ထားနေကြောင်း သိရှိရသည်။

❒ နာပိုလီအသင်းသည် အင်တာမီလန်အသင်းနောက်ခံလူရာနိုခီယာကို ယူရို(၁၀)သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသော်လည်း အင်တာအသင်းမှ ယူရိုသန်း(၂၀)အထိ တောင်းဆိုထား၍ အပြောင်းအရွှေ့အပြီးသတ်ရန် အခက်တွေ့နေရသည်။

❒ ဘင်ဖီကာအသင်းသည် အက်သလက်တီကိုအသင်းမှ ပေါ်တူဂီနောက်ခံလူဆေလ်ဗီယိုကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သိရှိရသည်။

❒ ဘော်ဒိုးအသင်းသည် ယူကရိန်းကလပ်ဒိုင်နမိုကိဗ်အသင်းမှ ဘယ်နောက်ခံလူထရီမူလီနက်စ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ပြောင်းရွှေ့ကြေးကိုမူ နှစ်သင်းစလုံးမှ မကြေညာခဲ့ကြောင်း သိရှိရသည်။

# လာမည့်ရာသီတွင်မော်ရင်ဟို၏ချယ်လ်ဆီးအသင်းကို ခံစစ်အသားပေးကစားဟန်ဖြင့်မြင်တွေ့ရဖွယ်မရှိ

## ဖျော်ဖြေမှုပေးနိုင်သည့်ပုံစံနှင့် တိုက်စစ်ကိုဦးစားပေးမည်ဟု မော်ရင်ဟိုဆို

Photos : Daily Mail



ချယ်လ်ဆီးနည်းပြမော်ရင်ဟိုကို ဂိုးသမားသစ်ရှဝါဇာနှင့်အတူတွေ့ရစဉ်



ချယ်လ်ဆီးအသင်း၏ရာသီကြိုလေ့ကျင့်ခန်းအစီအစဉ်ပြုလုပ်နေသည့် လူကာကူနှင့်ကာဟေးလ်

ချယ်လ်ဆီးအသင်း၏နည်းပြဖြစ်သူမော်ရင်ဟိုက လာမည့်ရာသီတွင် မိမိတို့အသင်းကိုပုံစံဟောင်းခံစစ်ကစားဟန်ဖြင့်မြင်တွေ့ရမည်မဟုတ်ပဲ တိုက်စစ်ဦးစားပေးအသင်းတစ်သင်းအဖြစ်သာ မြင်တွေ့ခွင့်ရလိမ့်မည်ဟု ပြောကြားခဲ့သည်။

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်နှင့်တွေ့ဆုံရာ၌လာမည့်ရာသီတွင် ၎င်းမြင်တွေ့လိုသည့် တိုက်စစ်အသားပေးကစားဟန်ကို မြင်တွေ့စေရမည်ဟု ကတိပေးခဲ့ကြောင်းလည်းသိရှိရသည်။ မော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့သည့်(၃)ရာသီအတွင်း တိုက်စစ်နည်းဗျူဟာများကိုပြသနိုင်ခဲ့ပြီး ကလပ်အသင်းစံချိန်တင်သွင်းဂိုးများကိုလည်း တင်နိုင်ခဲ့သူဖြစ်သည်။ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းနှင့်ပထမအကြိမ်ဖြတ်သန်းမှုမှာ အောင်မြင်မှုများစွာရရှိခဲ့သော်လည်း ခံစစ်အသားပေးဗျူဟာအပေါ်ဝေဖန်မှုများရှိခဲ့ပြီး အသင်းပိုင်ရှင်အေဘရာ မိုဗစ်ချ်ကလည်း စိတ်ကျေနပ်မှုမရှိခဲ့ချေ။ ယခုအချိန်တွင် ဟာဇက်၊ မာတာ၊ အော်စကာ၊ ရှိုရာ၊ လူကာကူ၊ ဒီဘရိုင်းစသည့် လူငယ်သွေးသစ်များနှင့်အတူ တိုက်စစ်အခင်းအကျင်းကိုစတင်ရန် အသင့်ဖြစ်နေပြီဟု ဗြိတိန်မီဒီယာများက သုံးသပ်ခဲ့ကြသည်။

မော်ရင်ဟိုက လာမည့်ရာသီ ချယ်လ်ဆီးအသင်းနှင့်ပတ်သက်၍ "ကျွန်တော်ချယ်လ်ဆီးအသင်းပရိသတ်တွေကိုရော၊ ဘောလုံးပရိသတ်တွေကိုပါ ပျော်ရွှင်ကျေနပ်မှုရရှိအောင် ကြိုးစားသွားမှာပါ။ ချယ်လ်ဆီးအသင်းကို အကောင်းဆုံးရလဒ်တွေရရှိစေမှာဖြစ်သလို၊ ချယ်လ်ဆီးအသင်းရဲ့ကစားဟန်၊ ခံယူချက်၊ ယုံကြည်မှု၊ ကိုယ်ရေကိုယ်သွေးတွေကိုလည်း အကောင်းဆုံးပုံစံကိုရရှိအောင် တည်ဆောက်သွားပါမယ်။ တစ်ခါတစ်ရံမှာ လိုအပ်လို့ခံစစ်ကိုပြင်ဆင်ရတာမျိုးရှိနိုင်ပေမယ့် အသင်းရဲ့ပင်ကိုယ်ဟန်ကတော့ တိုက်စစ်ဦးစားပေးပဲဖြစ်နေပါလိမ့်မယ်" ဟုပြောကြားခဲ့သည်။

မော်ရင်ဟိုက ယခုနှစ်နွေရာသီတွင် ချယ်လ်ဆီးအသင်းခေါ်ယူထားသည့် ကစားသမားများကိုလည်း အလွန်အားရကျေနပ်ကြောင်းနှင့် မိမိလိုချင်သည့်အရည်အချင်းရှိသူများဖြစ်ကြောင်းပြောကြားခဲ့သည်။ ကစားသမားသစ်တစ်ဦးဖြစ်သူ ရှိုရာနှင့်ပတ်သက်၍ မော်ရင်ဟိုက "အင်ဒရီရှိုရာက လူငယ်ကစားသမားတစ်ဦးသာဖြစ်ပါတယ်။ ဒါပေမဲ့ သူကမှတ်တမ်းကောင်းကို ပိုင်ဆိုင်ထားပြီးပါပြီ။ သူက ဂျာမနီလက်ရွေးစင်အသင်းရဲ့တိုက်စစ်မှူးဖြစ်သလို ချန်ပီယံလိဂ်လိုပြိုင်ပွဲမျိုးမှာ အရည်အသွေးကိုမှတ်ကျောက်တင်နိုင်ခဲ့တယ်။ လေဗာကူဆင်လိုအသင်းတစ်သင်းမှာ ပြီးပြည့်စုံတဲ့(၃)ရာသီကစားထားတယ်။ ဒါကြောင့် သူက ကျွန်တော့်အသင်းအတွက် အဆင်သင့်ဖြစ်နေတဲ့ကစားသမားလို့ကျွန်တော်သုံးသပ်ပါတယ်။ မာကိုဗန်ဂင်ကယ်လ်ကတော့ အလားအလာအရမ်းကောင်းတဲ့ကစားသမားတစ်ဦးဖြစ်ပြီးကြီးမားတဲ့အနာဂတ်ကို ပိုင်ဆိုင်ထားပါတယ်။ သူက ချယ်လ်ဆီးအသင်းရဲ့နောက်ထပ် လမ်းပတ်တစ်ဦးဖြစ်လာပါလိမ့်မယ်။ ရှိုရာလိုအနေအထားမျိုးမှာတော့ ရှိမနေသေးပါဘူး"ဟု ပြောကြားခဲ့သည်။

### ယခုအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းသို့ရောက်ရှိလာသည့်ကစားသမားများ

| ကျောနံပါတ် | အမည် | အသက် | ကစားသည့်နေရာ | မှ | ပြောင်းရွှေ့ကြေး | ရောက်ရှိသည့်ရက် |
|---|---|---|---|---|---|---|
| ၁၄ | ရှိုရာ | ၂၂ | တိုက်စစ် | လေဗာကူဆင် | ပေါင်၁၈သန်း | ၂၅-၆-၂၀၁၃ |
| ၁၆ | ဗန်ဂင်ကယ်လ် | ၂၀ | ကွင်းလယ် | ဗီတက်စီ | ပေါင်၈သန်း | ၄-၇-၂၀၁၃ |
| - | ရှဝါဇာ | ၄၀ | ဂိုးသမား | ဖူလ်ဟမ် | အလွတ် | ၉-၇-၂၀၁၃ |
| - | အစ်ဆီးရက်စ်ဘရောင်း | ၁၆ | ကွင်းလယ် | ဝက်စ်ဘရွန်း | မဖော်ပြ | ၉-၇-၂၀၁၃ |
| ၅ | အက်ဆီယန် | ၃၀ | ကွင်းလယ် | ရီးယဲလ် | အငှားစာချုပ်ပြည့် | - |
| ၃၅ | ပီယာဇွန် | ၁၉ | တိုက်စစ် | မာလာဂါ | အငှားစာချုပ်ပြည့် | - |

## ဂျိုဗီတစ်ကို မန်စီးတီးထက်လက်ဦးမှုရယူကာခေါ်ယူရန် မန်ယူအသင်းကြိုးပမ်းမည်



မန်ယူအသင်းသည်ဖီအိုရင်တီးနားအသင်း၏ ကွင်းလယ်တိုက်စစ်ကစားသမားဂျိုဗီတစ်အား မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းထက် လက်ဦးမှုရယူကာ ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း The Sun သတင်းစာက ဖော်ပြခဲ့သည်။

မန်ယူအသင်း၏နည်းပြ ဒေးဗစ်မိုယက်စ်သည် ဒေါ့မွန်အသင်း၏တိုက်စစ်မှူးလီဝန်ဒေါစကီးအား ခေါ်ယူရန် ကြိုးပမ်းမှု မအောင်မြင်ခဲ့သဖြင့် ဂျိုဗီတစ်အား ခေါ်ယူရန် စီစဉ်လာခဲ့ခြင်းလည်းဖြစ်သည်။ ဘေယန်မြူးနစ် အသင်း၏ တိုက်စစ်မှူး မာရီယိုဂိုးမက်ဇ်အား ခေါ်ယူရန် သဘောတူညီမှုရရှိထားသည့် ဖီအိုရင်တီးနားအသင်းသည် ဂျိုဗီတစ်ကိုခေါ်ယူလိုသည့် ကလပ်အသင်းများအား လွတ်လပ်စွာ ဆွေးနွေးခွင့်ပြုထားသည်။ ဂျိုဗီတစ်၏ အေးဂျင့်ဖြစ်သူ ရာမာဒါနီသည် လန်ဒန်မြို့သို့ယခုတစ်ပတ်အတွင်းလာရောက်မည်ဖြစ်ပြီး၊ ၎င်းကိုခေါ်ယူလိုသည့်အသင်းများနှင့်ဆွေးနွေးသွားမည်ဟုလည်းသိရှိရသည်။ ယင်းအတွက်ကြောင့် မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင်(၂၇)သန်းနှင့်တစ်ပတ်လုပ်ခပေါင်(၁၂၀၀၀၀)အထိပေးကာ ကမ်းလှမ်းသွားမည်ဟု သိရှိရသည်။

## မန်ယူအောင်မြင်မှု၏နောက်ကွယ်တွင် မိမိရှိနေဟု အီဗရာ ဆို

မန်ယူအသင်း၏ ပြင်သစ်လက်ရွေးစင်နောက်ခံလူအီဗရာက မိမိတို့အသင်းအောင်မြင်မှုများ၏နောက်ကွယ်တွင် မိမိရှိနေသည်ဟု ပြောကြားသွားခဲ့သည်။ ၎င်းက "ပွဲတစ်ပွဲမကစားခင် အဝတ်လဲခန်းထဲမှာ DJ ပက်ထရစ်(မိမိကိုယ်ကိုယ်ရည်ညွှန်း)က အသင်းသားတွေရဲ့အာရုံကို စုစည်းပေးပါတယ်။ ကျွန်တော့်ရဲ့အလွန်ကောင်းတဲ့သီဆိုမှုက ကစားသမားတွေကိုပျော်ရွှင်စေပါတယ်"ဟု ဆိုခဲ့သည်။ Heavy Metal ပရိသတ်တစ်ဦးဖြစ်သူ ဒီဂီယာမှာမူ ၎င်း၏သီချင်းသံအစား နားကျပ်ဖြင့် သီချင်းနားထောင်သည်ဟု ၎င်းက ဆိုသည်။

## အကောင်းဆုံးရာသီကို ဖြတ်သန်းမည်ဟု ဝေါလ်ကော့ ကြုံးဝါး

အာဆင်နယ်အသင်း၏တောင်ပံတိုက်စစ်မှူးဝေါလ်ကော့က မိမိနှင့်မိမိ၏အသင်းသည် လာမည့်ရာသီတွင် အကောင်းဆုံးရာသီကိုဖြတ်သန်းပြမည်ဖြစ်ကြောင်း၊ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ရာသီက နောက်ဆုံး(၁၀)ပွဲဆက် ရှုံးပွဲမရှိကစားခဲ့ပြီး ယင်းမှတ်တမ်းကို ဆက်လက်ထိန်းသိမ်းသွားမည်ဟုလည်း ၎င်းက ဆိုခဲ့သည်။ ချန်ပီယံဆုအတွက်လည်း မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးအသင်းများကို စိန်ခေါ်နိုင်စွမ်းရှိသည်ဟု ပြောကြားခဲ့သည်။

## ၂၀၁၃ ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များမှ ထူးခြားချက်များ

### ထရီနီဒတ် နှင့် ဟေတီ

■ ထရီနီဒတ်အသင်းသည် နောက်ဆုံးကစားထားသော(၆)ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ထို(၆)ပွဲအနက် (၅)ပွဲတွင် သွင်းဂိုးလည်း မသွင်းယူနိုင်ခဲ့ပေ။ ဟေတီအသင်းသည်လည်း နောက်ဆုံးကစားထားသော(၇)ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ထို(၇)ပွဲအနက် (၆)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂ . ၅)အထက်တွင် ရှိသည်။ ထရီနီဒတ်အသင်းနှင့် ဟေတီအသင်းတို့ နောက်ဆုံးတွေ့ဆုံမှု(၆)ကြိမ်တွင် ထရီနီဒတ်အသင်းမှ (၄)ကြိမ်အထိ အနိုင်ရထားသည်။

### ဟွန်ဒူးရပ်စ် နှင့် အယ်လ်ဆာဗေးဒိုး

■ ဟွန်ဒူးရပ်စ်အသင်းသည် နောက်ဆုံးကစားထားသော(၅)ပွဲတွင် (၃)ပွဲအထိ ရှုံးနိမ့်ထားပြီး ထိုရှုံးနိမ့်ထားသည့် (၃)ပွဲစလုံးတွင် သွင်းဂိုးလည်း ပျောက်ဆုံးနေသည်။ အယ်လ်ဆာဗေးဒိုးအသင်းသည် နောက်ဆုံး(၄)ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေပြီး ထို(၄)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂ . ၅)အထက်တွင် ရှိသည်။ ဟွန်ဒူးရပ်စ်အသင်းသည် အယ်လ်ဆာဗေးဒိုးအသင်းနှင့် နောက်ဆုံးတွေ့ဆုံမှု(၇)ကြိမ်တွင် ရှုံးပွဲမရှိသေးဘဲ (၄)ကြိမ်အထိ အနိုင်ရထားသည်။

### အမေရိကန် နှင့် ကျူးဘား

■ အမေရိကန်အသင်းသည် နောက်ဆုံးကစားထားသော(၅)ပွဲစလုံးတွင် အနိုင်ရထားပြီး ထို(၅)ပွဲအနက် (၄)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂ . ၅)အထက်တွင် ရှိသည်။ ကျူးဘားအသင်းသည် နောက်ဆုံးကစားထားသော(၅)ပွဲတွင် (၄)ပွဲအထိ အနိုင်ရထားသော်လည်း နိုင်ပွဲ(၄)ပွဲတွင် သွင်းဂိုးတစ်ဂိုးထက် ပိုသွင်းယူနိုင်သည့် ပွဲတစ်ပွဲသာ ရှိသည်။ အမေရိကန်အသင်းသည် ကျူးဘားအသင်းကို နောက်ဆုံးတွေ့ဆုံမှု(၆)ကြိမ်စလုံး အနိုင်ယူထားသည်။

### ကော်စတာရီကာ နှင့် ဘယ်လစ်ဇီ

■ ကော်စတာရီကာအသင်းသည် နောက်ဆုံးကစားထားသော(၅)ပွဲဆက် ရှုံးပွဲမရှိသေးဘဲ ထို(၅)ပွဲစလုံးတွင် ပေးဂိုးမရှိအောင် စွမ်းဆောင်ထားသည်။ ဘယ်လစ်ဇီအသင်းသည် နောက်ဆုံးကစားထားသော(၆)ပွဲဆက် နိုင်ပွဲမရရှိသေးဘဲ ထို(၆)ပွဲအနက် (၅)ပွဲတွင် သွင်းဂိုးလည်း ပျောက်ဆုံးနေသည်။ ကော်စတာရီကာအသင်းနှင့် ဘယ်လစ်ဇီအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှု(၄)ကြိမ်စလုံးတွင် ကော်စတာရီကာအသင်းမှ ပွဲတိုင်းအနိုင်ရထားသည်။

### ပနားမား နှင့် ကနေဒါ

■ ပနားမားအသင်းသည် နောက်ဆုံးကစားထားသော(၅)ပွဲ(မာတီနစ်နှင့်မကန်ရသေး)တွင် တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး ထို(၅)ပွဲတွင် သွင်းဂိုးရရှိသည့် ပွဲ(၂)ပွဲသာ ရှိသည်။ ကနေဒါအသင်းသည် နောက်ဆုံးကစားထားသော(၇)ပွဲဆက် နိုင်ပွဲမရရှိသေးဘဲ ထို(၇)ပွဲအနက် (၅)ပွဲတွင် သွင်းဂိုးလည်း ပျောက်ဆုံးနေသည်။ ပနားမားအသင်းနှင့် ကနေဒါအသင်းတို့၏ နောက်ဆုံးတွေ့ဆုံမှု(၇)ကြိမ်တွင် (၄)ကြိမ်အထိ သရေကျထားသည်။

### မာတီနစ် နှင့် မက္ကဆီကို

■ မာတီနစ်အသင်းသည် နောက်ဆုံးကစားထားသော(၈)ပွဲတွင် နိုင်ပွဲ(၃)ပွဲသာ ရထားသော်လည်း ထို(၈)ပွဲအနက် (၆)ပွဲတွင် ပွဲတိုင်းသွင်းဂိုးရရှိထားသည်။ မက္ကဆီကိုအသင်းသည် နောက်ဆုံးကစားထားသော(၄)ပွဲတွင် (၃)ပွဲအထိ ရှုံးနိမ့်ထားသည်။ မက္ကဆီကိုအသင်း၏ နောက်ဆုံး(၄)ပွဲအနက် (၃)ပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးသည် (၂ . ၅)အထက်တွင် ရှိသည်။ မက္ကဆီကိုအသင်းသည် မာတီနစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံမှုတစ်ကြိမ်သာရှိပြီး ဂိုးပြတ်အနိုင်ရထားသည်။

### အယ်လ်ဆာဗေးဒိုး နှင့် ဟေတီ

■ အယ်လ်ဆာဗေးဒိုးအသင်းသည် ကွန်ကာကပ်ဖ်ပြိုင်ပွဲနောက်ဆုံး(၇)ပွဲတွင် နိုင်ပွဲတစ်ပွဲသာ ရထားပြီး ပွဲတိုင်းဂိုးပေးထားရသည်။ ဟေတီအသင်းသည် ကွန်ကာကပ်ဖ်ပြိုင်ပွဲနောက်ဆုံး(၆)ပွဲတွင် (၄)ပွဲအထိ ရှုံးနိမ့်ထားသည်။ ဟေတီအသင်း၏ ကွန်ကာကပ်ဖ်ပြိုင်ပွဲ နောက်ဆုံး(၆)ပွဲအနက် (၄)ပွဲတွင် သွင်းဂိုးလည်း ပျောက်ဆုံးနေသည်။ အယ်လ်ဆာဗေးဒိုးအသင်းနှင့် ဟေတီအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံး(၇)ကြိမ်တွင် အယ်လ်ဆာဗေးဒိုးအသင်းက (၄)ကြိမ်အထိ အနိုင်ရထားသည်။

### ဟွန်ဒူးရပ်စ် နှင့် ထရီနီဒတ်

■ ဟွန်ဒူးရပ်စ်အသင်းသည် ကွန်ကာကပ်ဖ်ပြိုင်ပွဲနောက်ဆုံး(၇)ပွဲတွင် နိုင်ပွဲ(၂)ပွဲသာ ရရှိထားပြီး သွင်းဂိုးမရရှိသည့်ပွဲ(၄)ပွဲအထိ ရှိသည်။ ထရီနီဒတ်အသင်းသည် ကွန်ကာကပ်ဖ်ပြိုင်ပွဲတွင် ၂၀၀၀ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှ စ၍ နိုင်ပွဲမရရှိသေးဘဲ (၅)ပွဲရှုံး၊ (၅)ပွဲ သရေကျထားသည်။ ဟွန်ဒူးရပ်စ်အသင်းသည် ထရီနီဒတ်အသင်းနှင့် နောက်ဆုံးတွေ့ဆုံမှု(၄)ကြိမ်တွင် ရှုံးပွဲမရှိအောင် ကစားထားပြီး ပွဲတိုင်းဂိုးသွင်းယူထားသည်။

### မန်စီးတီးပရိသတ်များ၏အားပေးမှုကိုရမည်ဟု ပယ်လီဂရီနီ ယုံကြည်

မန်စီးတီးအသင်း၏ နည်းပြသစ်ဖြစ်သည့်မန်နျူရယ်ပယ်လီဂရီနီကသူသည်မန်စီးတီးပရိသတ်များအားပေးမှုကိုရမည်ဟုယုံကြည်နေကြောင်းပြောကြားခဲ့သည်။ "မန်စီးတီးပရိသတ်တွေရဲ့အားပေးမှုကမယုံနိုင်စရာပါပဲ။သူတို့အသင်းကို ပရီးမီးယားလိဂ်မှာဖြစ်စေ၊ တတိယတန်းလောက်မှာဖြစ်စေအစွမ်းကုန်အားပေးကြပါတယ်။မန်စီနီက သူတို့ကြားမှာရေပန်းစားခဲ့သလိုကျွန်တော်လည်း သူတို့ရဲ့အားပေးမှုကိုရမယ်လို့ယုံကြည်ပါတယ်"ဟု ဆိုခဲ့သည်။

### ဒါရင်းဘန့်ကို ခေါ်ယူလိုသည့် အသင်းများတွင် ဝုဖ်ဘတ်ပါဝင်လာ

ဘွန်ဒစ်လီဂါကလပ်ဝုဖ်ဘတ်အသင်းသည် အက်စတွန်ဗီလာအသင်းတိုက်စစ်မှူးဒါရင်းဘန့်ကို ခေါ်ယူလိုသည့် အသင်းများတွင် ပါဝင်လာကြောင်း သိရှိရသည်။ သို့ရာတွင် ဒါရင်းဘန့်၏ အပြောင်းအရွှေ့မှာ တိုက်စစ်မှူးဘန်တီကီအပေါ်တွင် မူတည်နေပြီး အက်စတွန်ဗီလာအသင်းနည်းပြ ပေါ်လ်ရောဘတ်အနေဖြင့် ဘန်တီကီ အသင်းမှထွက်ခွာသွားပါက ဒါရင်းဘန့်ကို အသင်းတွင် နေရာပေးသွားဖွယ်ရှိနေကြောင်း သိရှိရသည်။

### QPR ဂိုးသမားဆီဆာကို နာပိုလီအသင်း အငှားဖြင့်ခေါ်ယူ

ပြီးခဲ့သည့်ရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ QPR အသင်းအတွက် လက်စွမ်းပြနိုင်ခဲ့သလို ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်လည်း အကောင်းဆုံးဂိုးသမားဆု(ရွှေလက်အိတ်ဆု)ရရှိခဲ့သည့် ဝါရင့်ဂိုးသမားဆီဆာကို နာပိုလီအသင်းက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သိရှိရသည်။ ဆီဆာသည် နာပိုလီအသင်းမှ ယခုအပြောင်းအရွှေ့ကာလတွင် ဒုတိယမြောက်ခေါ်ယူမှုဖြစ်ပြီး တစ်နှစ်လစာယူရို(၂ . ၂)သန်းရရှိမည်ဖြစ်သည်။

*၂၀၁၃ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့ပွဲစဉ်တွေကို ပြီးခဲ့တဲ့ဇူလိုင်(၁၁)ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ နေပြည်တော်နဲ့ KBZ တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ နေပြည်တော်အသင်းက အနိုင်ရခဲ့ပြီး လက်ရှိချန်ပီယံရန်ကုန်အသင်းလည်း နိုင်ပွဲဆက်ခဲ့ပါတယ်။*

# အိမ်ကွင်းနိုင်ပွဲနဲ့ ချန်ပီယံမျှော်လင့်ချက်ရှိလာတဲ့ နေပြည်တော်

# ကြည်လင်းကြောင့် လက်ရှိချန်ပီယံရန်ကုန်အသင်း နိုင်ပွဲဆက်ခဲ့ရ




နေပြည်တော်အသင်း၏ထိုးဖောက်ဂိုးသွင်းမှုကို KBZ ဂိုးသမားကျော်ဇင်ထက် ကာကွယ်နေစဉ်

### မျှော်လင့်ချက်နည်းသွားတဲ့ KBZ

#### နေပြည်တော် ၂-၀ KBZ

ချန်ပီယံမျှော်လင့်ချက်ရှိနေတဲ့ အသင်းနှစ်သင်းရဲ့တွေ့ဆုံမှုမှာတော့ အိမ်ရှင်နေပြည်တော်အသင်းက အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဒီပွဲမှာအနိုင်ရတဲ့အသင်းက ထိပ်ဆုံးက ရန်ကုန်အသင်းကို ဖိအားပေးနိုင်မှာဖြစ်တာကြောင့် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး ပွဲကလည်း အပြန်အလှန်ရှိခဲ့ပါတယ်။ နေပြည်တော်အသင်းကတော့ ဒုတိယပိုင်းမှာသွင်းခဲ့တဲ့ဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး အနိုင်ဂိုးတွေကို (၇၉)မိနစ်မှာ မာဒန်ဂူ၊ (၈၉)မိနစ်မှာ ဂျောင်တို့က သွင်းယူပေးခဲ့ပါတယ်။ နေပြည်တော်အသင်းဟာ အခုပွဲအနိုင်ရခဲ့လို့ ချန်ပီယံမျှော်လင့်ချက်တွေ ပိုမိုရှင်သန်လာခဲ့ပြီး ထိပ်ဆုံးက ရန်ကုန်နဲ့(၄)မှတ်အကွာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ KBZ အသင်းကတော့ အဝေးကွင်းမှာရှုံးပွဲကြုံတွေ့ပြီး ချန်ပီယံမျှော်လင့်ချက်လည်း နည်းပါးသွားခဲ့ရပြီဖြစ်ပါတယ်။

### နိုင်ပွဲဆက်တဲ့ လက်ရှိချန်ပီယံ

#### ရန်ကုန် ၂-၁ မနော်မြေ

လက်ရှိချန်ပီယံ ရန်ကုန်အသင်းကတော့ (၃)နှစ်ဆက် ချန်ပီယံအိပ်မက်ကို အကောင်အထည်ဖော်ဖို့အတွက် အနိုင်(၃)မှတ်ကို အများအယွင်းမရှိရယူနိုင်ခဲ့ပါတယ်။ ရန်ကုန်အသင်းအနေနဲ့ အခုပွဲမှာ အမှတ်ပြည့်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းကတော့ အားရစရာလုံးဝမရှိခဲ့ပါဘူး။ အသင်းလိုက်ကစားပုံကဒီရာသီမှာ အညံ့ဆုံးပွဲလို့တောင်ပြောလို့ရပြီး ကြည်လင်းရဲ့ခြေစွမ်းပြနိုင်မှုကြောင့်သာအမှတ်ပြည့်ရခဲ့တာလည်းဖြစ်ပါတယ်။ ကံကောင်းသွားတာကတော့ မနော်မြေအသင်းရဲ့အမာခံတိုက်စစ်မှူးအက်စလေ မပါဝင်နိုင်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်အသင်းဟာ အိမ်ကွင်းမှာပွဲစကတည်းက ဂိုးရဖို့ကြိုးပမ်းခဲ့ပေမယ့် ရှေ့တန်းက ဆီဇာနဲ့ကိုနေးအဒမ်မာတို့ အတွဲမမိခဲ့သလို ကွင်းလယ်ကလည်း တိုက်စစ်ကိုပံ့ပိုးမှုတွေ မလုပ်နိုင်ခဲ့ပါဘူး။ မိနစ်(၃၀)မှာတော့ ကြည်လင်းကြောင့်ရတဲ့ ပယ်နယ်တီကတစ်ဆင့် ရန်ကုန်အသင်းဂိုးစရခဲ့ပြီး ဆီဇာက အများအယွင်းမရှိ ကန်သွင်းယူခဲ့ပါတယ်။ ရန်ကုန်ရဲ့ဦးဆောင်မှုဟာ (၄)မိနစ်သာကြာခဲ့ပြီး မနော်မြေအသင်းအတွက်ချေပဂိုးကို တင်ဝင်းမြင့်က ပြန်လည်သွင်းယူပေးခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ မနော်မြေအသင်းဟာ ပထမပိုင်းလောက် ရန်ကုန်အသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခြင်းမရှိတော့တာကြောင့် ရန်ကုန်အသင်းပိုဖိကစားနိုင်ခဲ့ပါတယ်။ဒါပေမဲ့ အရင်ပွဲတွေကလို အချိတ်အဆက်မိတဲ့ တိုက်စစ်တွဲလုံးတွေမတွေ့ရခဲ့ရပါဘူး။ ရန်ကုန်အတွက် အနိုင်ဂိုးကိုတော့ (၅၅)မိနစ်မှာ ကြည်လင်းက အဝေးကနေ ကန်သွင်းယူခဲ့ပါတယ်။ ရန်ကုန်အသင်းကတော့ အခုပွဲအနိုင်ရခဲ့လို့ ချန်ပီယံဘွဲ့ဆက်လက်ထိန်းသိမ်းဖို့အခြေအနေကောင်းသွားပြီလို့ဆိုရမှာပါ။

| ပွဲစဉ်(၁၈)အပြီး ရပ်တည်မှု | | | | | | | |
|---|---|---|---|---|---|---|---|
| *အသင်း* | *ပွဲ* | *နိုင်* | *သရေ* | *ရှုံး* | *ရဂိုး* | *ပေးဂိုး* | *ရမှတ်* |
| ရန်ကုန် | ၁၈ | ၁၂ | ၃ | ၃ | ၃၇ | ၁၈ | ၃၉ |
| နေပြည်တော် | ၁၈ | ၁၀ | ၅ | ၃ | ၃၀ | ၁၉ | ၃၅ |
| ဇေယျာရွှေမြေ | ၁၈ | ၉ | ၆ | ၃ | ၂၇ | ၁၉ | ၃၃ |
| KBZ | ၁၈ | ၈ | ၇ | ၃ | ၃၀ | ၁၇ | ၃၁ |
| ရတနာပုံ | ၁၈ | ၇ | ၇ | ၄ | ၂၅ | ၁၆ | ၂၈ |
| မကွေး | ၁၈ | ၆ | ၁၀ | ၂ | ၂၇ | ၂၂ | ၂၈ |
| ရောဝတီ | ၁၈ | ၅ | ၈ | ၅ | ၃၀ | ၂၈ | ၂၃ |
| မနော်မြေ | ၁၈ | ၄ | ၇ | ၇ | ၂၂ | ၂၇ | ၁၉ |
| ဇွဲကပင် | ၁၈ | ၄ | ၇ | ၇ | ၁၇ | ၂၃ | ၁၉ |
| Southern | ၁၈ | ၄ | ၂ | ၁၂ | ၁၁ | ၃၀ | ၁၄ |
| ဟံသာဝတီ | ၁၈ | ၂ | ၅ | ၁၁ | ၁၆ | ၃၃ | ၁၁ |
| ရခိုင် | ၁၈ | ၁ | ၅ | ၁၂ | ၂၀ | ၄၁ | ၈ |

### မကွေးတို့ နိုင်ပွဲပြန်ရ

#### မကွေး ၂-၁ ရောဝတီ

ပွဲစဉ်(၁၆)မှာရှုံးပွဲမရှိစံချိန်ကျိုးပျက်ပြီး (၂)ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့တဲ့မကွေးအသင်းကတော့ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပါတယ်။ အခုပွဲမှာ နိုင်ငံခြားသားကစားသမားတွေ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိတာကြောင့် မကွေးအသင်းဟာ ပြည်တွင်းကစားသမားတွေနဲ့ပဲယှဉ်ပြိုင်ခဲ့ရပြီး နိုင်ပွဲရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ပွဲအစမှာ (၂)သင်းစလုံးက ထိန်းကစားခဲ့တာကြောင့် ပွဲအေးတစ်ပွဲဖြစ်ခဲ့ပေမယ့် မိနစ်(၃၀)နောက်ပိုင်းမှာတော့ ပြန်လည်ထိုးဖောက်မှုတွေနဲ့အကြိတ်အနယ်ရှိခဲ့ပါတယ်။ (၃၉)မိနစ်မှာ မကွေးအသင်းဂိုးစရခဲ့ပြီး နန္ဒကျော်က ဖရီးကစ်ကတစ်ဆင့်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ ရောဝတီတို့ချေပဂိုးရဖို့ ပြန်လည်ကြိုးစားခဲ့ပေမယ့် (၆၂)မိနစ်မှာ ဂိုးထပ်ပေးခဲ့ရပြန်ပါတယ်။ မကွေးအတွက် ဒုတိယဂိုးကို စိုးမင်းနိုင်က အဝေးကနေ အမှတ်မထင်ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ ချေပဂိုးရဖို့ ရောဝတီအသင်း လူစားလဲမှုတွေပြုလုပ်ခဲ့ပြီး မင်းမင်းသူဝင်လာပြီးနောက်ပိုင်းမှာ ရောဝတီအသင်းတိုက်စစ် ပိုကောင်းလာခဲ့ပါတယ်။ (၇၉)မိနစ်မှာတော့ နန္ဒလင်းကျော်ချစ်ရဲ့ဖန်တီးပေးမှုကတစ်ဆင့် မင်းမင်းသူက ရောဝတီအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူခဲ့ပါတယ်။ ချေပဂိုးပြန်ရခဲ့လို့ ရောဝတီအသင်း ဒုတိယဂိုးရဖို့ကြိုးပမ်းခဲ့ပေမယ့် မကွေးအသင်းက အများအယွင်းမရှိဘဲ အနိုင်(၃)မှတ်ကို ရယူနိုင်ခဲ့ပါတယ်။ အခုပွဲရှုံးနိမ့်ခဲ့တဲ့ ရောဝတီအသင်းကတော့ ဒုတိယအကျော့မှာ နိုင်ပွဲလုံးဝမရရှိသေးတဲ့အစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားခဲ့ပါတယ်။

## တပ်မတော်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနိုင်ပွဲဆက်

(၄)နိုင်ငံ တပ်မတော်ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ပြီးခဲ့သည့်ဇူလိုင်(၁၁)ရက်က နေပြည်တော်ရှိ ဇေယျာသီရိကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာတပ်မတော်အသင်းမှာ (၂)ပွဲဆက် နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။ ဒုတိယနေ့ပွဲစဉ်များတွင် မြန်မာက စင်ကာပူကို(၆-၀)ဂိုး၊ ထိုင်းက အိန္ဒိယကို(၂-၁)ဂိုးတို့ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

မြန်မာအသင်းမှာ အဖွင့်ပွဲစဉ်တွင် ထိုင်းအသင်းကို(၁-၀)ဂိုးဖြင့်အနိုင်ရရှိထားရာ (၂)ပွဲနိုင်၊ (၆)မှတ်ဖြင့် အုပ်စုကိုဦးဆောင်လျက်ရှိသည်။ အိန္ဒိယနှင့်ထိုင်းတို့က (၃)မှတ်စီရရှိထားပြီး စင်ကာပူအသင်းမှာ အမှတ်မရသေးပေ။ အမှတ်အများဆုံးနှစ်သင်းမှာ ဇူလိုင်(၁၄)ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယပွဲစဉ်အဖြစ် ဇူလိုင်(၁၂)ရက် (ယနေ့)တွင် မြန်မာနှင့်အိန္ဒိယ၊ ထိုင်းနှင့်စင်ကာပူတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## မြန်မာ့ဘောလုံးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဆွေးနွေးပွဲကို ဇူလိုင်(၁၂)ရက် နံနက်ပိုင်းတွင် ဆီဒိုနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲကို လက်ရှိဘောလုံးလောကတွင်ဆောင်ရွက်နေသည့် MNL ကလပ်အသင်းများ၊ လက်ရွေးစင်ဟောင်းဘောလုံးသမားများ၊ စာနယ်ဇင်းမီဒီယာများ၊ အားကစားဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ဥက္ကဋ္ဌဦးဇော်ဇော်နှင့်အမှုဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။ MFF အနေဖြင့် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အားထည့်ဆောင်ရွက်လျက်ရှိပြီး လက်ရွေးစင်ဟောင်းဘောလုံးသမားများထံမှလည်း အကြံဉာဏ်များရယူလျက်ရှိသည်။

## KBZ အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက်များ ပိုမိုကောင်းမွန်လာပြီဟု ဦးမျိုးလှိုင်ဝင်း ပြောကြား




နေပြည်တော်အသင်း၏ နည်းပြချုပ်ဖြစ်သူဦးမျိုးလှိုင်ဝင်းက KBZ အသင်းကိုအနိုင်ရရှိခဲ့သောကြောင့် မိမိတို့အသင်း၏ချန်ပီယံမျှော်လင့်ချက်များ ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဦးမျိုးလှိုင်ဝင်းက "ဒီပွဲဟာ ကျွန်တော်တို့အတွက် အရမ်းအရေးကြီးပါတယ်။ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲကို ရင်ဆိုင်ခဲ့ရပေမယ့် ကစားသမားတွေရဲ့ကြိုးပမ်းမှုကြောင့် နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ အခုပွဲအနိုင်ရခဲ့လို့ ထိပ်ဆုံးကရန်ကုန်အသင်းကို ဖိအားပေးနိုင်ခဲ့ပြီး ကျွန်တော်တို့ရဲ့ ချန်ပီယံမျှော်လင့်ချက်တွေလည်း ပိုမိုကောင်းမွန်လာပါပြီ။ လက်ကျန်(၄)ပွဲကစားဖို့ကျန်သေးတာကြောင့် ချန်ပီယံဆုအတွက် ဘာမှပြောလို့မရသေးပါဘူး။ ကျွန်တော်တို့ကတော့ တစ်ပွဲချင်းစီပဲ အကောင်းဆုံးပြင်ဆင်ပြီး နိုင်ပွဲရအောင် ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။ နေပြည်တော်အသင်းသည် ပွဲစဉ်(၁၉)အဖြစ် လာမည့်ဇူလိုင်(၁၇)ရက်တွင် မကွေးအသင်းနှင့်အိမ်ကွင်းဖြစ်သည့် NPT ကွင်းတွင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။